www.burmeseclassic.com

ဂန္ဓီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

အောင်မြင့်စာပေ

# ကြိုစကွ (၁)

## မြတောင်ညီမှလိပ်ပြာနက်



www.burmeseclassic.com

www.burmeseclassic.com

တြိစက္ခ
မြဝတောင်ညို့မှ လိပ်ပြာနက်/တြိစက္ခ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) တြိစက္ခ




☺ ပုံနှိပ်မှတ်တမ်း ☺

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၈၄၁ ၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀ ၂၁၈၀ ၂၁၀

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊
သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်သာယာလမ်း၊
ကျောက်မြောင်းတာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉-၅၀၃၄၅၁၀၊ ၀၉-၅၀ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဇွန်လ)၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

BURMESE CLASSIC .com

- ဆုံးဖြတ်ချက်ချရန် ဝန်လေးနေ သူ ဘ
တစ်ခါတစ်ရံ၌ ဘဝအတွက် အ ေ ပါင်း က
အခွင့်အရေးများကို လက်လွှတ် ေ းလိုက် ်
ရသည့်မျိုး ရှိလေသည်။

- သင့်မှာ ငွေအမြောက်အမြားရှိ ပ ် ၍ိ
လိုချင်တာ ရနိုင်သော်လည်း ငွေ ြ ်
ဝယ်ယူ၍မရ သောအရာအချို့ရှိ သည်
အချစ်စစ် အချစ်မှန်နှင့် ဂုဏ်သိက္ခာပင်
ဖြစ်ပေသည်။

- သစ္စာမရှိသော ယောကျ်ားတစ်ယောက် ်
သည် ချစ်သူဖြစ်ခွင့်ရှိသော်လည်း
ခင်ပွန်းကောင်းတစ်ယောက် ဖြ ်
မဖြစ်နိုင်ပေ။
ထို့အတူ သစ္စာကို တန်ဖိုးမထား တ် ်
အမျိုးသမီးတစ်ယောက်ကို ချစ် ူဖြ ် ွင့်ရ
သော်လည်း ဇနီးကောင်းတစ်ေ ာက် ေ
ဖြစ်လာမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

- သူ့စိမ်းသက်သက်သာဖြစ်သော ယောက်ျားနှင့် မိန်းမတစ်ယောက်တို့ကို သေတပန် သက်ဘာဆုံး အတူတကွ ရှိနေစေသောအရာမှာ နှစ်သက်ခြင်းနှင့် သစ္စာတရားသာ ရှိသည်။

BURMESE CLASSIC

- မျက်လုံးနှင့် နှလုံးသားမှာသာ ရှိသည့် မမြင်နိုင်သော စကားလုံးများကို အချစ်က ဖတ်ရှုနိုင်ပေသည်။

- နှလုံးသားနှင့် အလွန်နီးကပ်သည့် နေရာမှာ ခါးသီးသော သည်းခြေအိတ်က လျှို့ဝှက်စွာ တွယ်ကပ်နေသည်။ ထို့ကြောင့် ချစ်ခြင်းနှင့် မုန်းခြင်းမှာ အတူတကွ ယှဉ်တွဲနေခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

➢ အမွေကိုသာ မက်မောပြီး
မိဘမေတ္တာကို အလိုမရှိကြသည့်
သားသမီးများ၏မျက်ရည်သည်
ပျော်ရွှင်မှုကို ဖုံးကွယ်ထားသော
ဟန်ဆောင်မှုများသာဖြစ်သည်။

➢ အချစ်သည်
ဘဝတစ်ခု ထူထောင်ရာအပေါ်၌
အရုဏ်ဦး အလင်းရောင်ဖြစ်သော်ပို
နေဝင်ချိန်ဆီသို့ ဦးတည်သွားနေခြင်း
ဆိုပါကလည်း မှားမည်မဟုတ်ပေ။

➢ အရိုးမာသော လက်ဖျံရိုးနှင့် ဆို လျှင်
သွေးထွက်ရုံသာ ရှိပေမည်။
အရိုးမရှိသော လျှာဖြင့် ငြင်သာစွာ
နှိပ်စက်လျှင်တော့ ဖဲ့စေ့ညက် ညက်
ကြေစေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

➢ မီးတောက်သည့် ကြောက်စရာ
ကောင်းသော်လည်း လေမရှိဘဲနှင့်တော့
မီးမတောက်နိုင်ပေ။
လေသည် မမြင်ရသော်လည်း
မြင်နေရသော မီးတောက်ထက်
ပို၍ကြောက်စရာကောင်းလှသည်။

➢ လူတစ်ယောက် ကိုယ်ကျင့်သိက္ခာ
မကောင်းရုံနှင့် ကမ္ဘာလောက တစ်ခုလုံး
မပျက်စီးနိုင်သော်လည်း
၎င်းကို မှီခိုအားထားနေသူများ၏
ဘဝနှင့် မျှော်လင့်ချက်များကိုတော့
ပျက်စီးကြေမွသွားစေနိုင်ပါသည်။

➢ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်နေလျှင်
အန္တရာယ် မရှိနိုင်သော်လည်း
ခုန်ကျော်မှ ရမည့် ချောက်ကမ်းပါး
ရှိနေလျှင်တော့ ခြေလှမ်းမှန်နေရုံနှင့်
ကျော်လွှားနိုင်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင်ပါသောအခန်းများ

အခန်း(၁) မြတောင်ညိုမှ ထိတ်လန့်ဖွယ်ရာများ

အခန်း(၂) အမှောင်ရိပ်မှ ဗိညာဉ်ကလဲ့စား

အခန်း(၃) ဗိညာဉ်သောက်သော သွေးတံ

အခန်း(၄) လိပ်ပြာနက်နှင့် ကံကြမ္မာဆိုးများ

အခန်း(၅) ပဟေဠိဆန်သော မိစ္ဆာအိမ်

အခန်း(၆) သစ်ခုန်းပင်သက်သေ

အခန်း(၇) ဗိညာဉ်သက်သေ သွေးစွန်းမြေ

အခန်း(၈) နောက်မှပါလာသော မိစ္ဆာအရိပ်

အခန်း(၉) စွဲလန်းမှုသံယောဇဉ်နှင့် ဥပါဒါန်အရိပ်

အခန်း(၁၀) မြတောင်ညိုမှ လိပ်ပြာနက်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



—

အခန်း(၁)

# ဖြစောင်ညှိမှ ထိတ်လန့်ဖွယ်ရာများ

အချို့က ထိုနေရာကို တစ္ဆေကုန်းဟု ခေါ်ကြသည်။ အချို့က ဘော့ မိစ္ဆာကုန်းဟု ခေါ်ကြသည်။ အချို့ကျတော့လည်း ထိုနေရာ၌ ဝေသော ထူးဆန်းလှသော သစ်ပင်တစ်ပင် ရှိသောကြောင့် 'သစ်စုန်း ပင်ကုန်း' ဟု ခေါ်ကြလေသည်။

မည်သို့ပင်ရှိစေ . . .

၎င်းတို့ ပေးထားသည့် အမျိုးမျိုးသောအမည်တို့မှ ခွဲခြားလို့ဖွယ် ရာတော့ မရှိလှပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ကြောက်မက်ဖွယ်ရာ အမည်နာမ ဆိုးလှသောနေရာမှာ ပုံတောင်ပုံညာဟု အမည်ရှိသော တောင်မြင့်ကြီးနှစ်လုံး၏ကြားတောနက်အတွင်းမှာ ရှိသောနေရာပင်ဖြစ်ပေသည်။

ပုံတောင်ပုံညာဆိုသောအမည်မှာ တောင်မြင့်ကြီးနှစ်တောင်တို့၏အမည်နာမနှစ်ခုကို ပေါင်း၍ခေါ်သည့် နာမည်တစ်ခုပင်ဖြစ်၏။

ပုံတောင်နှင့်ပုံညာတောင်တို့မှာ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်အတွင်း၌ ရှိသည်။ ရှေးအခါက ပုံတောင်ပုံညာဒေသတွင် ကျောက်ခေတ်လူသားများ နေထိုင်သွားခဲ့သည့် သမိုင်းမှတ်တမ်း အထောက်အထားများ တွေ့ရသော ရှေးဟောင်းနေရာလည်းဖြစ်သည်။

ထို့ပြင် အသွားအလာ ခက်ခဲလှသောကြောင့် သီခေါင်လှသောနေရာလည်းဖြစ်ပေသည်။

ပုံတောင်ပုံညာတောင်နှစ်လုံးမှာ မြင့်မားသလို လမ်းခရီး အခြေအနေကလည်း ခက်ခဲလှသောကြောင့် ရှေးအခါက ဂန့်ဂေါနယ်ဘက်သို့ ...ရာမှာ များစွာခက်ခဲလှသည်။ ပုံတောင်နှင့်ပုံညာ တောင်နှစ်လုံးမှာ ...ြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပြီး တောင်တစ်တောင်နှင့် တစ်တောင် အကွာအဝေးမှာ (၈)မိုင်ခန့် ခြားလေသည်။

ပုံတောင်က အရှေ့ဘက်၌ ရှိပြီး ပုံညာတောင်က အနောက်မှာ ရှိလေသည်။ တောင်နှစ်တောင်စလုံး အမြင့်ပေ လေးထောင်ကျော် ရှိကြလေသည်။ ပုံတောင်၏အမြင့်ဆုံးအပိုင်းမှာ ပေပေါင်း(၄၃၆၄)ပေ ရှိကြောင်း ဖော်ပြထားသည်။ တကယ်ဆိုလျှင် ၎င်းတောင်မြင့်ကြီး နှစ်လုံးမှာ မကွေးတိုင်းနှင့်ချင်းပြည်နယ်ကို ပိုင်းခြားထားသကဲ့သို့ ရှိပေသည်။

ရှေးအခါက ယခုအခါကဲ့သို့ မော်တော်ကားလမ်း မရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် လမ်းပန်းဆက်သွယ်မှု မကောင်းလှပေ။ ကျွန်းတော သစ်တောကြီးများကလည်း နေပြောက်မထိုးအောင် ရှိပြီး သားရဲတိရစ္ဆာန်များကလည်း ပေါများလှသည်။

ပုံတောင်နှင့်ပုံညာတောင်နှစ်လုံးကြားမှာ ရှေးအခါကတည်းက လူနေထိုင်သောကျေးရွာများ ရှိခဲ့ကြသည်။ ထိုအထဲတွင် ကျောနယ်သည် လူသိအများဆုံးဖြစ်ပေသည်။ သို့သော်လည်း ထိုကျေးရွာများမှာ နေထိုင်ကြသောလူများမှာ အကြောင်းကိစ္စ အရေးတကြီး မရှိဘဲ မြေပြန့်သို့ မဆင်းကြသလို မြေပြန့်မှာ နေထိုင်ကြသူများကလည်း အရေးကြီးသောအကြောင်းကိစ္စ မရှိပါဘဲနှင့် တောင်ပေါ်ရွာများသို့ သွားလေ့မရှိကြပေ။

သို့ကြောင့် အဆက်အသွယ် ပြတ်တောက်ခဲ့သည်ဆိုက မမှားပေ။ ထိုကဲ့သို့ တောင်ပေါ်နှင့်မြေပြန့် အဆက်အသွယ် ပြတ်တောက်ခဲ့သောကြောင့် တောင်ပေါ်ကျေးရွာများမှာ နေထိုင်ကြသူအချို့မှာ မီးရထား၊ မော်တော်ကားတို့ကို စီးဖူးဖို့ပင် ဝေးစွ၊ မြင်ဖူးသည်ပင် မရှိဘဲ သေဆုံးသွားခဲ့သူ အများအပြား ရှိခဲ့ပေသည်။

ပုံညာတောင်၏အမြင့်ဆုံးအပိုင်းကို ကြိမ်တောင်ဟု ခေါ်ပြီး သန်ဂေါမြို့နယ်၏အစွန်းပိုင်း၌ ရှိကာ အမြင့်ပေပေါင်း(၄၄၅၁)ပေ ရှိလေသည်။

ထိုနေရာမှ စတင်ပြီး တောင်နှာမောင်းနှစ်ခု ဖြာထွက်လာရာ တစ်ခုမှာ ပုံညာတောင်မကြီးဖြစ်ပြီး အထက်ချင်းတွင်းနယ်ထဲသို့ ဆင်းသတ်သွားသည်။ တစ်ခုမှာ အနောက်ဘက်သို့ သွယ်တန်းဆင်းသွားရာ ထိုတောင်ကြောကို 'အင်းတောင်' ဟု ခေါ်ဝေါ်ကြလေသည်။ နောက်ပိုင်း ပုလဲဂန့်ဂေါလမ်းမကြီး ပေါ်ပေါက်လာသောအခါ လမ်းပန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

ထိုလမ်းမကြီးမှာ အနောက်ဘက်များတွင် ဂန့်ဂေါမြို့နယ် ရှိပြီး အရှေ့ဘက်များတွင် ပုလဲမြို့နယ် ရှိသောကြောင့် ပုလဲဂန့်ဂေါ လမ်းမကြီးဟုပင် ခေါ်ဝေါ်ခဲ့ကြသော်လည်း ပုလဲနှင့်ဂန့်ဂေါမှာ မိုင်(၈၀)ကျော်ခန့် ကွာဝေးလေသည်။

ရှေးက ထိုနေရာများသို့ ဆက်သွယ်လာရာမှာ ခြေကျင်သွားရသော တောင်တက်လမ်းများသာ ရှိပေသည်။ ထိုသို့ ခြေကျင်သွားရသည်မှာ လွယ်ကူသောခရီးတော့ မဟုတ်ပေ။

တောင်ပေါ်မြေလမ်းများမှာ မာလျှင် ဆူးတမျှ မာပြီး ပျော့လျှင် ဒူးအထိ ကျွံဝင်သော စနယ်(တနယ်)မြေဟု ခေါ်သည့်မြေစေးများ ဖြစ်ပေသည်။ သို့ကြောင့် ထိုမြေကို 'မာလျှင်ဆူး၊ ပျော့လျှင်ဒူး' ဟု တင်စားခေါ်ကြသည်။

မိုးရာသီ ရောက်သောအခါ ထိုတောတောင်လမ်းများအတွင်းမှ ခရီးသွားလာ၍မရဘဲ နွေရာသီ၊ ဆောင်းရာသီများ၌သာ သွားလာလေ့ ရှိကြသည်။

ထိုကဲ့သို့ သွားလာရေး ခက်ခဲသောကြောင့် တောင်ပေါ်မှာ နေသူက တောင်အောက်သို့ အကြောင်းမရှိဘဲ မဆင်းကြသလို မြေပြန့်မှာ နေသူများကလည်း ကိစ္စအရေးမကြီးဘဲ တောင်ပေါ်သို့ သွားလေ့မရှိကြပါ။

အလုပ်ကိစ္စနှင့်သာ သွားလေ့ရှိကြသည်။ ရှေးယခင်ကတည်းက ပုံတောင်ပုံညာတောင်ကြောများပေါ်၌ ကျွန်း၊ ပျဉ်းကတိုး အစရှိသော အဖိုးတန်သစ်များ ပေါများသဖြင့် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အင်္ဂလိပ်များလက်အောက်သို့ ကျရောက်သွားပြီး နောက်ပိုင်းမှာလည်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများအား အစဉ်အဆက် လုပ်ကိုင်ခဲ့ကြသဖြင့် သစ်တောအလုပ်သမားများကတော့ အသွားအလာပြုခဲ့ကြလေသည်။

ရှေးက သစ်တောအလုပ်သမားများမှာ နေရာထိုင်ခင်းအတည်တကျ မရှိဘဲ လုပ်ငန်းခွင့်နှင့် နီးသောနေရာများ၌ ယာယီတဲ စခန်းများပြုလုပ်၍ နေထိုင်ခဲ့ကြသည်။ ထိုနေရာမှ ထုတ်လုပ်စရာ သစ်များ တုန်သွားလျှင် အခြားနေရာသို့ ရွှေ့ပြောင်းနေထိုင်ကြပြန်သည်။

နောက်ပိုင်းမှာတော့ ၎င်းတို့နေထိုင်သွားသောနေရာတချို့တွင် ရွာငယ်ကလေးများ ဖြစ်ပေါ်လာသည်လည်း ရှိသည်။ နောက်ပိုင်း စုပေါင်းနေထိုင်သူ များလာသောအခါ ရွာငယ်မှ ရွာကြီးအဖြစ်သို့ ပြောင်းလဲသွားသောနေရာများလည်း ရှိပေသည်။

ထိုအထဲတွင် မြတောင်ညိုရွာလည်း တစ်ရွာအပါအဝင် ဖြစ်ပေသည်။ မြတောင်ညိုရွာသည် ပုံတောင်ပုံညာ တောင်နှစ်တောင် ချိုင့်ဝှမ်းအတွင်းမှာ ရှိသောရွာတစ်ရွာဖြစ်သည်။ ၎င်းပတ်ဝန်းကျင်တဝိုက်မှာ တောင်မြင့်ကြီးများက ဝန်းရံကာဆီးထားလေသည်။

အရှေ့ဘက်တွင် ပုံတောင်ရှိပြီး အနောက်ဘက်၌ ပုံညာရှိလေသည်။ တောင်မြင့်ကြီးနှစ်တောင် အလယ်ချိုင့်ဝှမ်းအတွင်း၌ ရှိသောကြောင့် ပုခက်အတွင်းမှာ ရှိနေသောသဏ္ဌာန်နှင့် တူလေသည်။ ယခင်က မြတောင်ညိုရွာနှင့် ရှေးစကားတစ်ခုပင် ရှိခဲ့ဖူးပေသည်။

ထိုစကားမှာ. . .

"မြတောင်ညိုပုခက်လွှဲ. . . စုန်းကဝေတို့ ပျော်စခဲ့ပွဲ"

ဟူသော ရှေးဟောင်းစကားပင်ဖြစ်ပေသည်။ ရှေးက အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို သိမှီသူတို့ပြောပြချက်အရ ရှေးအခါက ထိုအရပ်ဒေသတွင် စုန်းကဝေပညာသည်များစွာတို့ ရှိခဲ့ဖူးသည်ဟု သိရလေသည်။

၎င်းတို့အချင်းချင်း ပညာပြိုင်ကြသည့်အခါ ရွာတစ်ရွာလုံး ပုခက်လွှဲသကဲ့သို့ သိမ့်သိမ့်တုန်နေသည့်အပြင် တစ်ရွာလုံး အလင်းရောင်များဖြင့် ဝင်းထိန်နေသည်များကို အကြောင်းပြုလျက် မြတောင်ညို ပုခက်လွှဲ စုန်းကဝေတို့ ပျော်တဲ့ပွဲဟု ဆိုစမှတ်ပြုခဲ့ခြင်းပင်ဖြစ်ပေသည်။

ယောနယ်၊ ဆောနယ်၊ ပုံတောင်ပုံညာနယ်တကြောမှာ စုန်းတစေ၊ နတ်ကြမ်းသည်ဆိုသော ရှေးအဆက်ဆက်က ယုံကြည်စွဲလန်းမှုများကြောင့်လည်းဖြစ်နိုင်ပေသည်။

ပုံတောင်ပုံညာတောင်နှင့် အရှေ့ဘက် ချင်းတွင်းအကြား ယမားနယ်အပါအဝင် မင်းကင်း၊ ဇန့်ကျီ၊ ကနီ၊ ပခန်း၊ စသောနေရာများအထိ 'အမေရေယဉ်' နတ်ကိုးကွယ်မှု များလေသည်။

အမေရေယဉ်နတ်မှာ လူ့ဘဝက ဝမ်းတွင်းစုန်း(ပြုစားတတ်သောပညာ)ကို တတ်မြောက်ခဲ့သူဖြစ်ပေရာ မိဖုရားအရာမှ ဆီတော်ဆက်မဘဝသို့ ရောက်သောအခါ ၎င်းအား ဝိုင်းဝန်းလှောင်ပြောင်ခဲ့ကြသူ နန်းတွင်းသူအပျိုတော်တို့အား ထိသမျှ ထင်းချောင်း၊ တုတ်ချောင်းတို့မှ မြွေဆိုးများ ဖြစ်ကာ ကိုက်သတ်သောကြောင့် နန်းတွင်းသူများ သေကြရလေသည်။

"ငါ့ဘဝကို ဖျက်ဆီးရုံမက ဆီတော်ဆက်ဘဝ ရောက်အောင်ပို့ပေးခဲ့တဲ့ ပုဂံပြည့်ရှင် ဘုရင်အစုတ်နှင့် နေပြည်တော်တစ်ခုလုံးကို ငါ့ရဲ့မွေးရာပါ ဝမ်းတွင်းပညာဖြင့် မှုန့်မှုန့်ညက်ညက် ဖျက်ဆီးပေဦးမည်"

ဟု ကြိမ်းမောင်းခဲ့ရာ သိကြားမင်း ဆင်းတားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပုဂံပြည် ပျက်စီးရမည့်ဘေးမှ ကင်းဝေးခဲ့ရခြင်းဖြစ်ကြောင်း သမိုင်းမှတ် တမ်းများက ရေးသားဖော်ပြခဲ့ကြလေသည်။ ပုဂံခေတ် စောနန်းမှ တစ်ဖြစ်လဲ အမေရေယဉ်တို့ခေတ်ကတည်းက စတင်ခဲ့သော မြစ တတ်သည့် စုန်းပညာ၊ ကဝေပညာ မှော်ပညာများတို့မှာ နောက်ပိုင်း ကာလများ ရောက်လာသည့်တိုင် ကွယ်ပျောက်သွားခြင်း မရှိဘဲ ယုံ ကြည်မှုများ ရှိခဲ့ပေသည်။

အကြောင်းတိုက်ဆိုင်သဖြင့် အမေရေယဉ်နှင့် ပတ်သတ် သော ထူးခြားမှုတစ်ခုကို ရေးသားဖော်ပြပေးပါမည်။ (၁၉၉၄)ခုနှစ် ဝန်းကျင်အချိန်လောက်က ကျွန်တော်သည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တွင် နယ်လှည့်အယ်ဒီတာ တာဝန်လုပ်ကိုင်နေသောကာလဖြစ်ပါ သည်။

ထိုကာလတွင် မြန်မာပြည် နေရာအနှံ့အပြားသို့ သွားရောက် ကာ ထူးဆန်းသောအကြောင်းအရာများကို ရှာဖွေဖော်ထုတ်ရေးသား ပါသည်။ တဆက်တည်း (၃၇)မင်းနတ်များ၏အကြောင်းကိုပါ လေ့လာ ရေးသားနေခဲ့ရာ အမေရေယဉ်နတ်အကြောင်းကို ရေးသားရန် ပုလဲ မြို့နယ် မောင်းတုံရွာသို့ သွားခဲ့ပါသည်။

မုံရွာမှ မိတ်ဆွေတစ်ယောက်က ဆိုင်ကယ်နှင့် လိုက်ပို့ပေးခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် သိလိုသောအကြောင်းအရာများကို မေး မြန်းပြီး အပြင်နန်းကို ခရီးဆက်ရပြန်သည်။ အပြင်နန်းမှာ ဇီးတောရွာ ရှိရာ ညောင်ပင်ကြီးရွာမှတစ်ဆင့် လယ်ကွင်းများကို ဖြတ်သွားရ သည်။ ညောင်ပင်ကြီးနှင့် ဇီးတောရွာမှာ မိုင်(၂၀)ကျော်ခန့် ဝေးသော ကြောင့် ကားဖြင့် ပုံမှန်သွားလျှင်ပင် (၂)နာရီခန့် အချိန်ကြာပေသည်။

ကျွန်တော်တို့ဆိုင်ကယ်ဖြင့် ညောင်ပင်ကြီးမှထွက်တော့ ညနေ



www.burmeseclassic.com

www.burmeseclassic.com


ပိုင်းအချိန် ရောက်နေပေရာ လယ်ကွင်းများထဲမှာပင် မှောင်ပြီး လမ်းပျောက်သွားလေတော့သည်။ မှောင်သွားသောအခါ ဘယ်နေရာကြည့်ကြည့် ဘာမှမမြင်ရတော့ဘဲ လယ်ကွင်းများနှင့် အမှောင်ထုများသာ ရှိနေတော့သည်။

ထိုအခါ နယ်ခံဖြစ်သော ကျွန်တော့်မိတ်ဆွေက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် တိုင်တည်ပြောဆိုလေသည်။

"အမေရေယဉ်ခင်ဗျား. . . ကျွန်တော်တို့ အမေရေယဉ်အပြင်နန်းကို လာရင်းနှင့် ယခုလမ်းပျောက်နေပါတယ် အပြင်နန်းကို ရောက်ဖို့ လမ်းပြပေးတော်မူပါခင်ဗျား. . ."

ထိုသို့ပြောဆိုပြီး သိပ်မကြာခင်မှာပင် ထူးထူးဆန်းဆန်း လိပ်ပြာနက်ကြီးတစ်ကောင် ရောက်လာပြီး ကျွန်တော်တို့နှစ်ယောက် ခေါင်းပေါ်မှာ ပျံဝဲနေသည်ကို အရင်တွေ့ရသည်။

"အားမငယ်နဲ့ ဆရာရေ၊ အကြိုတော့ ရောက်လာပြီဗျ"

မိတ်ဆွေဖြစ်သူက ပြောသည်။

"ဘယ်မှာလဲဗျ"

"ဟိုမှာလေ. . . လိပ်ပြာနက်ကြီး မမြင်ဘူးလား"

"ဟုတ်ပါမလားဗျ"

"ဆရာ မယုံရင် ခဏလေး စောင့်ကြည့်နေ. . . တွေ့ရပါလိမ့်မယ်"

ဟု စိတ်အားထက်သန်နေသော အမူအယာဖြင့် ပြောလေသည်။

သူပြောသည့်အတိုင်းပင်. . .။

ခဏကြာသောအခါ ထူးခြားမှုတစ်ခုကို တွေ့ရလေသည်။


www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်စူးစူး အမှောင်ထုအတွင်းမှ ဝင်းလက်တောက်ပနေသော အလုံးကြီးတစ်လုံး ကောင်းကင်ပေါ်သို့ ဆင်းလိုက်တက်လိုက်နှင့် ဖြစ်နေသည်ကို မြင်တွေ့ရခြင်းပင်ဖြစ်၏။

ရုတ်တရက်ဆိုလျှင်တော့ နီရဲနေသော မီးလုံးကြီးတစ်လုံး ကောင်းကင်ပေါ် တက်လိုက် ပြန်ဆင်းသွားလိုက် ဖြစ်နေသည်ဟု ထင်ရသော်လည်း တကယ်ကြည့်လျှင်တော့ မီးလုံးနှင့် မတူဘဲ စူးစူးဝါးဝါး ဝင်းလက်တောက်ပနေသည့် အရာတစ်ခုနှင့်တော့ တူပေသည်။

"ဆရာ မြင်ပြီမဟုတ်လား"

"မြင်တော့ မြင်ပါတယ်. . . စုန်းမီးတောက်စားနေတာများလား၊ ဒီအရပ်ဒေသတွေက စုန်းကဝေနဲ့ ပတ်သက်ရင် နာမည်ကြီးလှလေတော့. . ."

"မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော်တိုင်တည်လိုက်လို့ အမေရေယဉ်က လမ်းပြပေးနေတာပါ။ ဟိုမှာ မမြင်ဘူးလား၊ လိပ်ပြာနက်ကြီးဟာ ကျွန်တော်တို့ခေါင်းပေါ်မှာ ခုထိ ရှိနေသေးတာပဲ၊ ဘာပဲဖြစ်ဖြစ် အခုမြင်နေရတဲ့ အလင်းရောင်ရှိတဲ့ဆီကိုပဲ ဦးတည်ပြီး သွားကြတာပေါ့"

ဟု ပြောကာ ဆိုင်ကယ်မောင်းထွက်သောအခါ ကျွန်တော်တို့ ခေါင်းပေါ်မှာ ပျံဝဲနေသည့် လိပ်ပြာနက်ကြီးက ဆိုင်ကယ်အရှေ့မှ တောက်လျှောက်ပျံဝဲနေသည်ကိုတော့ ထူးဆန်းစွာ တွေ့မြင်ခဲ့ရသည်။

ထိုညက လိပ်ပြာနက်၏လမ်းပြပေးမှုကြောင့်လား၊ လှမ်းမြင်နေရသော အလင်းရောင်ကြောင့်ပေလား မပြောတတ်ပေ။ အမှောင်ထဲမှာ သမ်းပျောက်နေသည့် ကျွန်တော်တို့နှစ်ယောက်မှာ အမေရေယဉ်၏ အပြင်နန်းဟု ခေါ်သော ဇီးတောနန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ခဲ့ကြလေသည်။

www.burmeseclassic.com



ဒါက ပုံတောင်ပုံညာနယ်နှင့် ပတ်သက်သော ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုပင်ဖြစ်ပေသည်။ ယခု ရေးသားသည့် မြတောင်ညိုရွာမှာလည်း ထိုကဲ့သို့သော ထူးဆန်းမှုမျိုးများ ရှိခဲ့ပေသည်။ တစ်ခါက ထိုရွာသို့ ဧည့်သည်များ ရောက်လာရာ ထိုဧည့်သည်များ တည်းခိုနေသောအိမ်မှာ ညဉ့်နက်ပိုင်း ရောက်လာသည့်အချိန်တွင် မီးလုံးကြီးများ လင်းထိန်နေသောကြောင့် ရွာသူရွာသားများက စုပြီး သွားရောက်ကြည့်ရှုကြသောအခါ အိမ်သူအိမ်သားများနှင့် လာရောက်တည်းခိုနေကြသည့် ဧည့်သည်များမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်ကိုသာ တွေ့ရပြီး အခြားဘာမှမတွေ့ရသောကြောင့် များစွာအံ့သြကြရလေသည်။ ၎င်းတို့ မီးတုတ်မီးတိုင်များနှင့် ရောက်သွားသောအခါမှ လင်းနေသော အလင်းများမှာ တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားတော့သည်။ အခြားတစ်ခုလည်း ရှိပေသေးသည်။ မြတောင်ညိုရွာနှင့် မဝေးလှသော တောနက်အတွင်း၌ ကျောက်ဖျာကြီးရှိသောနေရာမှာ စုန်းကဝေများ ပညာပြိုင်ကြသည့်နေရာဟု အဆိုရှိသည်။ အထက်မြက်ဆုံးစုန်းမက သူနှင့် ပညာပြိုင်လိုက သူ့ကျင်ငယ်စွန့်သောနေရာကို ပျက်အောင်ဖျက်ပါဟု ပြောကာ ကျောက်ဖျာပေါ်မှာ ကျင်ငယ်စွန့်ကာ အဝေးသို့ ထွက်သွားလေသည်။ ပညာနိမ့်သောသူများက ထိုကျင်ငယ်ရေကို ပျက်အောင်မစွမ်းနိုင်ကြသဖြင့် ထိုကျောက်ဖျာမျက်နှာပြင်မှာ ရေညှိလုံးဝမတက်ဘဲ ပြောင်ချောနေလေသည်။

ထိုနေရာသို့ မျက်စိလည် လမ်းများကာ ရောက်လာပါက အရိုင်းမည်းကြီးများ၏ခြောက်လှန့်မှုကြောင့် ကျောက်ဖျာအနီးသို့ပင် ရောက်အောင် မလာဝံ့ကြဘဲ အဝေးမှပင် ထွက်ပြေးကြရသည်။ ထိုအဖြစ်အပျက်များသည် မြတောင်ညိုရွာ၌ တကယ်ပင် ရှိခဲ့လေသလား။ ဒါမှ

www.burmeseclassic.com




မဟုတ် တောတောင်များအတွင်းမှာ နှစ်ပေါင်းများစွာ နေထိုင်ကြသူတို့၏ဥပါဒါန်အရိပ်များကြောင့်ပင် ဖြစ်လေသလားဆိုတာကိုတော့ အတပ်မသိနိုင်ကြပေ။ ရှေ့တွင် ဖော်ပြမည့်အကြောင်းအရာများသည် မြစောင်းညို့ရွာနှင့် ပတ်သက်သည့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှသည့် အဖြစ်အပျက်များသာ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

# အမှောင်ရိပ်မှ စီညာဉ်ကလဲ့စား

မြတောင်ညိုရွာနှင့် ပတ်သက်သောအကြောင်းများထဲတွင် ကြောက်မက်ဖွယ်ကောင်းသော သစ်စုန်းပင်ကြီးအကြောင်းလည်း ပါသည်။ ထိုသစ်ပင်ကြီး ရှိသောနေရာမှာ မြတောင်ညိုရွာ၏မြောက်ဘက် တောင်ကြောထိပ်တစ်နေရာ၌ ရှိပြီး ထိုနေရာမှာ လူသူအရောက် အပေါက်နည်းသော နေရာတစ်ခုလည်း ဖြစ်ပေသည်။

လူသူအရောက်အပေါက် နည်းရသောအကြောင်းမှာ ထိုနေရာသို့ မသွားဝံ့ကြသောကြောင့်ဖြစ်သည်။ ထိုတောင်ကြောထိပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကောင်းကြီးတစ်လုံးလည်း ရှိသည်။ ထိုအိမ်ဟောင်းကြီးမှာ တစ်ချိန်က ကြီးကျယ်ခမ်းနားသည့် သွင်ပြင်လက္ခဏာမျိုး ရှိသော်လည်း ယခုအခါမှာတော့ ယိုယွင်းပျက်စီးလျက် ရှိနေချေပြီ။ နှစ်ပေါင်းများစွာ ကြာမြင့်သည်ကတစ်ကြောင်း၊ လေဒဏ်မိုးဒဏ် ရာသီဥတုဒဏ်များကြောင့်လှပတင့်တယ်ခြင်းဟူသမျှ စိုးစဉ်းမျှ မရှိတော့ဘဲ ကြောက်မက်ဖွယ်ရာ သွင်ပြင်မျိုးသာ တွေ့မြင်ရတော့သည်။

အင်္ဂလိပ်များ မြန်မာနိုင်ငံကို ဝင်ရောက်လာစအချိန်က ထိုနေရာတွင် သစ်တောအရာရှိများ နေထိုင်ရန် ဗိုလ်တဲပုံသဏ္ဌာန် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ကျောက်တုံးများ၊ ကျောက်ချပ်များဖြင့် အောက်ခံ ဆောက်လုပ်ထားပြီး အပေါ်ဆောင်ကိုတော့ ထုထည်ကောင်းသော ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားသည်။

အမိုးကို အုပ်ကြွပ်ပြားများဖြင့် မိုးထားသော်လည်း အရောင်အဆင်းပင် ပပေါ်တော့ပေ။ ထိုအိမ်ကြီးကို ကြည့်လျှင် ဗိုလ်တဲတစ်ဆောင်နှင့် မတူပဲ ကြောက်မက်ဖွယ်ရာ ကောင်းသော ရှေးဟောင်းရဲတိုက်ကြီးတစ်လုံးနှင့် တူလေသည်။

မြတောင်ညိုရွာနှင့် အနီးပတ်ဝန်းကျင်မှာ ရှိကြသော ရွာသူရွာသားများကတော့ ထိုအိမ်ကြီးကို တစ္ဆေသရဲများ ပျော်မွေ့ရာ မိစ္ဆာအိမ်ကြီးအဖြစ် သတ်မှတ်ကြကာ ဝေးဝေးမှ ရှောင်ကြလေသည်။ ရှေးလူကြီးများ ပြောပြချက်အရ ထိုအိမ်ကြီးမှာ နောက်ဆုံးနေထိုင်သွားသောသူမှာ အင်္ဂလိပ်မျက်နှာဖြူအရာရှိတစ်ဦးဖြစ်ပြီး ၎င်းနှင့် ပတ်သက်သော ကြောက်မက်ဖွယ်ရာအဖြစ်များ ရှိခဲ့လေသည်။ ၎င်းမှာ သစ်တောအရာရှိတစ်ဦးဖြစ်ပြီး သူနေထိုင်စဉ်က ကုလားလူမျိုး အစေခံများနှင့် နာဂလူရိုင်းများကို အစောင့်ထားခဲ့သည်။ ၎င်းအရာရှိ၏ အမည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကာလ်တန်ဆိုသူ ဖြစ်သည်။ သူသည် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်သော်လည်း ကပ္ပလီသွေး ပါသူဖြစ်သည်။

ထိုဗိုလ်တဲအိမ်ကြီးသို့ ရောက်လာစဉ်က သစ်တောအရာရှိတစ်ဦးအနေဖြင့် လာရောက်ခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းမှာတော့ သစ်တောအလုပ်တာဝန်များကို လက်ထောက်များဖြင့် မျက်နှာလွှဲထားပြီး ၎င်းကတော့ လျှို့ဝှက်သောလုပ်ငန်းများကို လုပ်နေခဲ့လေသည်။ ထိုအိမ်ကြီးပေါ်သို့ မည်သူမှ ဝင်ခွင့်မပေးဘဲ အလုပ်ကိစ္စများ ပြောဆိုလျှင် အခြားအဆောင်တစ်ခုမှာပင် ခေါ်ယူတွေ့ဆုံကာ လိုအပ်သည်များကို ညွှန်ကြားပြောဆိုလေသည်။

တစ်ခု ထူးခြားသောအချက်မှာ မစ္စတာကာလ်တန် နေစဉ်က မိသားစုများ မပါဘဲ သူတစ်ယောက်တည်းသာ ရှိသော်လည်း အခိုင်းအစေအဖြစ် ခေါ်ထားသောကုလားများကတော့ သိပ်ကြာကြာမနေကြဘဲ မကြာခဏ ထွက်ပြေးကြလေသည်။

ထိုသို့ထွက်ပြေးသူများကိုလည်း နောက်ထပ်တစ်ဖန် ပြန်မတွေ့ကြရသောကြောင့် ဘယ်လိုအကြောင်းကြောင့် ထွက်ပြေးကြသည်ကိုတော့ မသိကြရတော့ပေ။ အစောင့်များနှင့် သစ်တောအလုပ်သမားများ နေထိုင်သောတန်းလျားများမှာ ဗိုလ်တဲအိမ်ကြီးနှင့် မလှမ်းမကမ်းမှာ ရှိနေရာ ညဘက် တိတ်ဆိတ်နေသောအချိန်များတွင် ဗိုလ်တဲဘက်မှ ကြောက်မက်ဖွယ်အော်သံကြီးများ ကြားရလေ့ရှိသည်။

အနီးပတ်ဝန်းကျင်မှာ နေကြသော သစ်တောအရာရှိများနှင့် အလုပ်သမားများမှာ ညစဉ်ညတိုင်းလိုလို ကြားရသည်။ အချို့အရာရှိများက မစ္စတာကာလ်တန်အတွက် စိုးရိမ်သဖြင့် အိမ်ကြီးအနီးသို့ တိတ်တဆိတ် သွားကာ တစေ့တစောင်း ကြည့်ကြသောအခါ မစ္စတာကာလ်



www.burmeseclassic.com

www.burmeseclassic.com



တန်မှာ ၎င်း၏စာဖတ်ခန်းအတွင်း၌ အေးအေးဆေးဆေး ထိုင်ကာ ဆေးတံသောက်နေသည်ကိုသာ တွေ့ကြရသည်။

မစ္စတာကာလ်တန်မှာ ဆေးတံအလွန်ကြိုက်သူ ဖြစ်သောကြောင့် အမြဲတစေ ပါးစပ်မှာ ဆေးတံခဲထားလေသည်။ ၎င်းအသုံးပြုသောဆေးတံမှာလည်း အခြားသာမန်ဆေးတံများနှင့်တော့ မတူလှပေ။ အနက်ရောင်သစ်သားတစ်မျိုးနှင့် ပြုလုပ်ထားပြီး အရိုးက ရှည်ရှည်၊ ဆေးအိုးအလုံးက ခပ်ကြီးကြီးဖြစ်ပေသည်။

ပမာဆိုရလျှင် ၎င်းဆေးအိုးအရွယ်အစားမှာ လိမ္မော်သီးအငယ်စားအရွယ်သို့ ရှိလေသည်။ ပါးစပ်အတွင်းသို့ သွင်းသောနေရာကိုတော့ ငွေသားဖြင့် ကွပ်ထားလေသည်။ ထိုနေရာမှာ သွားဖြင့် ကိုက်ဖန်များသဖြင့် သွားကိုက်ရာများ ထင်နေသလို အရောင်လည်း ထွက်နေချေသည်။ ဆေးတံ၏အရိုးအရှည်မှာ လေးလက်မခန့်ရှိပြီး ဆေးတံအိုးနှင့်ဆိုပါက ငါးလက်မခန့် ရှိပေမည်။

တကယ်တော့ မစ္စတာကာလ်တန်မှာ ထိုဆေးတံကို ပါးစပ်၌ အမြဲတစေ ကိုက်ထားခြင်းမှာ ဝါသနာကြောင့်သော်လည်းကောင်း ဒါမှမဟုတ် ဆေးတံသောက်ခြင်းကို နှစ်သက်သောကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကဲ့သို့ ဆေးတံကို အမြဲတစေ ခဲထားသော မစ္စတာကာလ်တန်မှာ ထူးထူးခြားခြားကိစ္စများကို ဝါသနာပါသူတစ်ဦးလည်းဖြစ်ပေသည်။ ၎င်းဝါသနာပါသောကိစ္စမှာ အခြားသူများနှင့်တော့ မတူလှပေ။ သတ္တဝါတို့၏အသက်ရှင်ခြင်းနှင့် သေခြင်းတရားတို့၏ဆက်စပ်မှုအကြောင်းများ လေ့လာခြင်းတို့ များစွာ ဝါသနာပါသူဖြစ်ပေသည်။ တကယ်တော့ သူသည် သင်္ချိုင်းတောလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်များဖြင့် မြတောင်ညို သစ်တောများအတွင်းသို့ ရောက်လာသော်လည်း သစ်တောအလုပ်တာဝန်များကို လက်အောက်အရာရှိများဖြင့်သာ လွှဲထားပြီး ၎င်းကတော့ တစ်နေ့လုံး တစ်ညလုံး ဗိုလ်တဲကြီးအတွင်းမှာသာ နေထိုင်လေသည်။

၎င်းဘာတွေလုပ်နေသည်ကိုတော့ မည်သူမှ မသိကြပေ။ အချို့ကတော့ သစ်တောနှင့် ပတ်သက်သည့် သုတေသနမှတ်တမ်းများကို ရေးသားပြုစုနေသည်ဟု ထင်ကြလေသည်။ ဤသို့ဖြင့် နှစ်အနည်းငယ် ကြာသည်အထိ ထိုအကြောင်းများကို မည်သူမှ မသိဘဲ ရှိနေကြရာမှ တစ်ညသောအခါ ဗိုလ်တဲအိမ်ကြီးဘက်မှ ကြောက်မက်ဖွယ်ကောင်းသော အော်သံကြီးကို ကြားရလေသည်။

"ကယ်ကြပါ. . . ကယ်ကြပါဦး"

ထိုအော်သံကို ကြားကြသော်လည်း ခါတိုင်းကြားနေကျ အော်သံများပင် ဖြစ်မည်ထင်သဖြင့် မည်သူမှ ထွက်မကြည့်ကြပေ။

"ကယ်ကြပါ. . . ကယ်ကြပါဦး၊ ကျုပ်ကို လာသတ်နေကြပြီ၊ လာသတ်နေကြပြီ. . . ကယ်ကြပါဦး"

အော်သံမှာ ခါတိုင်းအော်သံများနှင့် မတူဘဲ မစ္စတာကာလ်တန်၏အော်သံမှန်း သိကြသောအချိန်မှာ များစွာနောက်ကျသွားခဲ့ချေပြီ။ အလုပ်သမားနှင့်ဝန်ထမ်းများ ရောက်သွားသောအချိန်တွင် ဗိုလ်တဲအတွင်းမှ အမှောင်ရိပ်များအတွင်းသို့ ပြေးသွားသော မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါး လှမ်းမြင်လိုက်ကြရသည်။

သူတို့ ဗိုလ်တဲအတွင်းသို့ ဝင်ရောက်သွားသောအခါ မစ္စတာကာလ်တန်ကို ကြမ်းပြင်ပေါ်၌ လဲကျနေသည်ကို တွေ့ကြရသည်။ အသက်မသေသေးသော်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေချေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှစ်လုံးကို ထိုးဖောက်ထားရုံမက လျှာကိုပါ ဖြတ်ထားလေသည်။ သွေးများက တစ်ကိုယ်လုံး စိုရွှဲနေရုံမက ကြမ်းပြင်တစ်ခုလုံးမှာလည်း နီရဲလျက်ရှိနေသည်။

"ဆရာ ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုရန်သူတွေက အခုလို ရက်ရက်စက်စက် လုပ်သွားကြတာလဲ"

သို့သော်လည်း လျှာဖြတ်ခံထားရသောကြောင့် ဝူးဝူးဝါးဝါးသာ ပြောနိုင်တော့သည်။ မျက်လုံးထိုးဖောက်ရုံ၊ ပါးစပ်အတွင်းမှ လျှာဖြတ်ထားရုံနှင့် အသက်မသေနိုင်သော်လည်း လည်ပင်းပေါ်မှာ ပေါ်နေသည့် လက်ငါးချောင်းရာကြီးကတော့ ၎င်းဝိညာဉ်ကို ကိုယ်ခန္ဓာမှ စွန့်ခွာသွားစေသောဒဏ်ရာပင်ဖြစ်သည်။ ဖြူဖွေးသောအသားပေါ်မှာ ပေါ်နေသည့် လက်ငါးချောင်းဒဏ်ရာမှာ သာမန်လက်ချောင်းဒဏ်ရာမျိုး မဟုတ်ဘဲ ကြီးမားတုတ်ခိုင်လှသောလက်ချောင်းမျိုးဖြစ်သည်။ သာမန်လက်ချောင်းများထက် နှစ်ဆခန့် ကြီးမားသော လက်ချောင်းမျိုးဖြစ်သည်။

ထိုလက်ဖြင့် လည်ပင်းကို အညှစ်ခံရသဖြင့် မစ္စတာကာလ်တန် မသေခင်အချိန်ကလေးမှာ သစ်တောဝန်ထမ်းနှင့် အလုပ်သမားများ ရောက်သွားကြပြီး ဗိုလ်တဲတစ်ခုလုံး လိုက်လံရှာဖွေကြသော်လည်း ရက်ရက်စက်စက် သတ်သွားသော လူသတ်တရားခံကိုတော့ အရိပ်အယောင်မျှပင် မတွေ့ကြရပေ။

မစ္စတာကာလ်တန် သေဆုံးကာနီးတွင် ၎င်းနံဘေးမှာ ကျနေသော ၎င်း၏ဆေးတံကြီးကို လက်ဖြင့် စမ်းကာ ကောက်ယူလိုက်ပြီး နောက် ဘေးနားမှာ ရှိနေသောလူတစ်ဦးယောက် လက်ထဲသို့ ထည့်ပေးခဲ့ သည်။ ထိုသူမှာ တောအုပ်ဦးသာအောင်ဆိုသူဖြစ်ပြီး ၎င်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



အယောင်ယောင်အမှားမှားဖြင့် ယူထားလိုက်ခြင်းဖြစ်လေသည်။

ထိုသို့ပေးပြီးနောက် မစ္စတာကာလ်တန်မှာ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် စူးစူးဝါးဝါး အော်ဟစ်ကာ အသက်သေဆုံးသွားလေတော့သည်။ ၎င်းနောက် အလောင်းကို ဗိုလ်တဲအနီးမှာပင် မြေမြှုပ်သဂြိုဟ်လိုက်ကြပြီးနောက် တောအုပ်တောခေါင်းနှင့် အလုပ်သမားက ဗိုလ်တဲအိမ်ကြီးအနံ့ လိုက်လံရှာဖွေကြရာ အနောက်ဘက်အခန်းတစ်နေရာတွင် မြေအောက်သို့ ဆင်းနိုင်သော အံ့ဝှက်အဖုံးတစ်ခုကို တွေ့ကြရသည်။

ထိုအနောက်ဘက် အခန်းတွင်းမှာလည်း ခြောက်နေပြီဖြစ်သော သွေးကွက်များအပြင် မခြောက်သေးသော သွေးကွက်အချို့ကို တွေ့ကြရသည်။

အံ့ဝှက်အဖုံးတံခါးကို မဖွင့်မီကပင် အတွင်းဘက်မှ အော်သံလိုလို အသံအချို့ကို မသဲမကွဲ ကြားနေသဖြင့် အဖုံးတံခါးချပ်ကို ဆွဲဖွင့်လိုက်ကြသည်။

အတွင်း၌ အမှောင်ရိပ်များကြောင့် သဲသဲကွဲကွဲ မမြင်ရသော်လည်း သွေးညှီနံ့အပါအဝင် မစင်နံ့ ကျင်ငယ်အနံ့များ ဆိုးဝါးသောအနံ့များက အပေါ်သို့ လှိုက်တက်လာသည်။ ထိုအနံ့များကြောင့် နှာခေါင်းနှင့်ပါးစပ်များကို အဝတ်များ စည်းကာ လှေခါးထစ်များမှ အောက်သို့ ဆင်းကြလေသည်။

မြေအောက်အခန်းမှာ သိပ်မကျယ်လှသော်လည်း အတွင်း၌ အလင်းရောင်မှာ မရှိသောကြောင့် မှောင်နေသောကြောင့် လက်နှိပ်မီးရောင်များဖြင့် ထိုးကြည့်သောအခါ အခန်းအလယ်၌ စားပွဲရှည်တစ်လုံးရှိပြီး ထိုစားပွဲပေါ်၌ ဓါးအမျိုးမျိုး၊ ကတ်ကြေး၊ ပလာယာ၊ စူးချွန်အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တွေ့ရသည်။

ခွဲစိပ်ခန်းများ၌ အသုံးပြုသောကိရိယာများနှင့် တူလှပေသည်။ ထိုမြင် ဆေးပုလင်း၊ ဇွမ်း၊ ပတ်တီးလိပ်များလည်း ရှိသည်။ ထိုမှတစ်ဖန် ထိုက်လံကြည့်သောအခါ အခန်းထောင့်နံရံများ၌ သံကြိုးများဖြင့် တုပ်နှောင်ထားသော ကုလားလူမျိုး အခိုင်းအစေတို့ကို တွေ့ကြရသည်။ ၎င်းတို့မှာ (၃)ယောက်ဖြစ်ပြီး တစ်နေရာစီ၌ သံကြိုးများဖြင့် အတုပ်အနှောင်ခံထားရခြင်းဖြစ်လေသည်။ ထိုကုလားများမှာ အခြားမဟုတ်ပေ။

ယခင်က ပျောက်သွားသော ထွက်ပြေးသွားသည်ဆိုသော အခိုင်းအစေများပင်ဖြစ်တော့သည်။ ထိုသုံးယောက်မှာလည်း လူကောင်းပကတိအတိုင်းတော့ မရှိကြတော့ပေ။

တစ်ယောက်က မျက်လုံးနှစ်လုံး အဖောက်ခံထားရပြီး ကျန်တစ်ယောက်ကတော့ လျှာအဖြတ်ခံထားရသည်။ အခြားတစ်ယောက်ကတော့ ဝမ်းဗိုက်ဟောင်းလောင်းပွင့်လျက်နှင့် သေဆုံးနေပြီး ဝမ်းဗိုက်အတွင်းမှ ကလီစာများ မရှိတော့ပေ။

တောအုပ်ဦးသာအောင်တို့မှာ ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းများကြောင့် များစွာထိတ်လန့်ကြောက်ရွံ့လျက်ရှိနေကြသည်။ ထိုလူများမှာ မစ္စတာတာလ်တန်၏ အခိုင်းအစေ ခေါ်ထားသောကုလားများဖြစ်ကြပြီး အဘယ်ကြောင့် ယခုကဲ့သို့ သံကြိုးများနှင့် တုပ်နှောင်ကာ ယခုကဲ့သို့ ရက်ရက်စက်စက် ပြုလုပ်ထားကြသည်ကို မည်သူမှ မသိကြပေ။

ထိုနောက်မှာတော့ ကုလားအလုပ်သမားတစ်ယောက်ကို ခေါ်ပြီး ၎င်းတို့အား အချုပ်အနှောင်မှ ဖြေပေးပြီး အကျိုးအကြောင်း မေး



www.burmeseclassic.com

www.burmeseclassic.com



မြန်းကြည့်သောအခါမှ အကြောင်းစုံ သိရလေတော့သည်။ မစ္စတာ ဘာလ်တန်ကာ အလုပ်သမားများကို မြေအောက်အခန်းတွင်း ခေါ်သွား ဘာ သတိမေ့စေရန် အစားအစာများ ကျွေးပြီး သတိမေ့သွားပြီးမှ ယခုကဲ့သို့ သံကြိုးများဖြင့် ခြေလက်တို့ကို တုပ်နှောင်ကာ စိတ်တိုင်းကျ နှိပ်စက်လေ့ရှိသည်။

၎င်း၏နှိပ်စက်ပုံမှာ တစ်ခါတည်းနှင့် အသေသတ်လိုက်ခြင်း မဟုတ်ဘဲ ကိုယ်ခန္ဓာတစ်ခုလုံးမှ မျက်စိ၊ လျှာ၊ နားရွက်၊ ခြေ ချောင်း၊ လက်ချောင်း၊ ဝမ်းတွင်းကလီစာများကို သူလိုချင်သောနေရာများကို ဖြတ်တောက်ယူခြင်းပင်ဖြစ်၏။

ထိုကဲ့သို့ ပြုလုပ်မှုကြောင့် အတော်များများမှာ သေဆုံးသွားခဲ့ ကြသည်။

"ဒါဖြင့် သေတဲ့လူတွေကို သူက ဘယ်လိုလုပ်ပစ်သလဲ"

ဦးသာအောင်က မေးလိုက်သည်။

"ဟိုဘက်အခန်းထဲကို ယူသွားတယ်"

မျက်စိအဖောက်ခံထားရသူက ပြောပြီး လျှာဖြတ်ခံထားသူက လက်ညှိုးထိုးပြသည်။ ထိုနေရာမှာ ပိတ်ထားသောတံခါးတစ်ချပ်ရှိသည်။

"ဒါထက် သူဘယ်လိုသေသွားတာလဲ"

"သူသတ်ခဲ့တဲ့လူတွေရဲ့ဝိညာဉ်က လာသတ်သွားတာ ဖြစ်မှာ ပေါ့"

ထိုစကားကြားသောအခါ ဦးသာအောင်တို့တတွေမှာ ကျောထဲ မှာ စိမ့်တက်လာသည်အထိ ကြောက်ရွံ့သွားကြလေသည်။ အဘယ် ကြောင့်ဆိုသော်. . .

သူတို့ဝင်လာစဉ်က ဗိုလ်တဲအတွင်းမှ အရိပ်မည်းကြီးများ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို မြင်လိုက်ကြသောကြောင့်ပင်ဖြစ်၏။

"အခုလို ကြားရတာ မင်းတို့အတွက် စိတ်မကောင်းပါဘူး၊ အခု မင်းတို့ကို လွှတ်ပေးလိုက်မယ်၊ သွားလိုရာ သွားကြပေတော့"

ဦးသာအောင်က ခွင့်ပေးလိုက်သည်။

"မသွားဘူး"

လူမည်းကြီးတစ်ယောက်က ခါးခါးသီးသီး ငြင်းဆန်လေသည်။

"ဘာကြောင့် မသွားတာလဲ"

"သူ့ကို ကလဲ့စားပြန်ချေပြီးမှ သွားနိုင်မယ်"

"သူက သေသွားပြီပဲ၊ ဘယ်လိုကလဲ့စားချေမှာလဲ"

"သူ့ဝိညာဉ်ကို တွေ့အောင်ရှာပြီး ကလဲ့စားချေမှာပေါ့"

ထိုကဲ့သို့ပြောပြီး မြေအောက်ခန်းအတွင်းမှ နှင်ထုတ်၍ မရသောကြောင့် ဒီအတိုင်းပင် လက်လျှော့ထားလိုက်ရသည်။

ထို့နောက်. . .

မြေအောက်ခန်းတစ်နေရာမှာ ပိတ်ထားသည့်တံခါးကို ဖွင့်လိုက်သောအခါ အတွင်းမှ အပုတ်နံ့များ ထွက်လာလေသည်။ အတွင်းသို့ ဝင်ကြည့်သောအခါ တွင်းနက်ကြီးတစ်တွင်း တွေ့ရပြီး သေဆုံးသွားသောအလောင်းများကို ထိုတွင်းထဲသို့ ပစ်ချထားခြင်းဖြစ်ပေသည်။ လူမည်းသုံးယောက် ရှိသည့်အနက် တစ်ယောက်မှာ သေဆုံးနေပြီဖြစ်သောကြောင့် ရှေးနည်းအတိုင်း တွင်းနက်ထဲသို့ ပစ်ချလိုက်ကြပြီး ကျန်နှစ်ယောက်ကိုတော့ ၎င်းတို့၏သဘောဆန္ဒအတိုင်း မြေအောက်အခန်း-တွင်းမှာပင် ထားခဲ့ရပေသည်။

ထိုသို့ထားခဲ့ရခြင်းမှာ ဘယ်လိုမှ သွားခိုင်း၍မရဘဲ ဇွတ်ပေနေသောကြောင့်သာ မလွှဲသာသဖြင့် ထားခဲ့ရခြင်းဖြစ်ပေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်ပိုင်း ရက်မကြာခင်မှာပင် လျှာဖြတ်ခံထားသူနှင့် မျက်လုံး အဖောက်ခံရသူနှစ်ယောက်စလုံးမှာ သေဆုံးသွားကြလေသည်။ ၎င်းတို့ မည်သို့မည်ပုံ သေဆုံးသွားသည်ကိုတော့ မည်သူမှ မသိကြရပေ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

# ဗီညာဉ်သောက်သောဆေးတံ

နောက်ပိုင်းမှာတော့ တောင်ကုန်းပေါ်မှ ဗိုလ်တဲအိမ်ကြီး၌ နေထိုင်မည့်သူ မရှိတော့သောကြောင့် ဒီအတိုင်း ပိတ်ထားလိုက်ကြလေသည်။

အကြောင်းမရှိဘဲ ဗိုလ်တဲအိမ်ကြီးသို့ မည်သူမှ မသွားကြပေ။ ညအချိန် မှောင်မိုက်သောအချိန်တွင် ထိုအိမ်ကြီးရှိရာဘက်မှ ကြောက်မက်ဖွယ်ရာ ငယ်သံပါအောင် အော်ဟစ်သံများ ကြားကြရသည်။

မည်းမည်းသဏ္ဍာန်များ ဝင်လိုက်ထွက်လိုက်နှင့် ရှိနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်သူက မြင်တွေ့ကြရသည်။ သို့ထက် ညအခါ ရောက်လာသည်နှင့် ဗိုလ်တဲတစ်နေရာ၌ ထိုင်ကာ ဆေးတံကြီးကို မီးတရဲရဲနှင့် ဖွာနေသော ကာလ်တန်၏ပုံရိပ်ကိုလည်း တွေ့ကြရသည်။

နေဝင်ရီတရောအချိန်နှင့် ညအချိန်များတွင် ထိုနေရာသို့ ရောက်သွားကြသူများမှာ မည်းမည်းသဏ္ဍာန်များ၏ခြောက်လှန့်မှုကို ခံကြရပြီးနောက် ထွက်ပြေးရသူ များလေသည်။ နောက်ပိုင်းမှာတော့ တောင်ကုန်းပေါ်မှာ ရှိသောဗိုလ်တဲမှာ တစ္ဆေသရဲကြမ်းသည်ဟု ယုံကြည်ကြကာ အနီးသို့ပင် မသွားလာဝံ့ကြတော့ပေ။ ထိုဗိုလ်တဲနှင့် မနီးမဝေးနေရာတွင် တောင်ခြေသို့ စီးဆင်းနေသော စမ်းချောင်းတစ်ချောင်း ရှိပြီး ကမ်းနဖူးနေရာမှာတော့ သစ်ခြောက်ပင်ကြီးတစ်ပင် ရှိလေသည်။

ထိုသစ်ခြောက်ပင်ကြီးမှာ ဗျဉ်းမပင်အိုကြီးဖြစ်ပြီး လွန်ခဲ့သောနှစ် အနည်းငယ်က ထိုသစ်ပင်ကို မိုးကြိုးထိသောကြောင့် အပေါ်ပိုင်းပြတ်ထွက်သွားခဲ့လေသည်။ အပေါ်မှာ ငုံးတိတိ ဖြစ်သွားသော်လည်း အပင်မသေသေးဘဲ ဘေးတစ်ဖက်တစ်ချက်သို့ သစ်ကိုင်းနှစ်ခုက ထွက်နေသေးသည်။

ပုံသဏ္ဍာန်မှာ လူတစ်ယောက်၏လက်နှစ်ဖက်နှင့် ပုံသဏ္ဍာန်တူပြီး နံဘေးသို့ ကားထားသကဲ့သို့ ရှိလေသည်။ နောက်ပိုင်းမှာတော့ ပြတ်ထွက်သွားသောနေရာမှ ကျီးပေါင်းတက်လာသဖြင့် ဘုအလုံးကြီးတစ်လုံး ထွက်လာလေသည်။

ထိုဘုလုံးကြီးပေါ်မှာ ညောင်လန်းနွယ်မျှင်များက ပေါက်နေပြန်ရာ ဆံပင်ဖားလျားချထားသော ဦးခေါင်းတစ်လုံးနှင့် ပုံသဏ္ဍာန်တူနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ထိုသစ်ပင်ကြီး၏ပုံသဏ္ဍာန်ကို သစ်တောအလုပ်သမားများက ဂရုမပြုမိကြသော်လည်း မစ္စတာကာလ်တန် သေဆုံးသွားပြီးနောက်မှာတော့ ထိုသစ်ပင် ကြီး၏ပုံသဏ္ဍာန် ထူးထူးခြားခြား ပြောင်းလဲသွားသည်ကို သတိပြုမိကြလေသည်။

အခြားမဟုတ်ပေ. . . ။

မိုးကြိုးထိထားသောနေရာမှ ထွက်လာသော ကိုင်းပေါင်း ဘုကြီးနေရာတွင် မျက်လုံးပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်များ သိသာထင်ရှားစွာ ပေါ်လာရုံမက ပါးစပ်ပေါက်နှင့် တူသောနေရာမှာလည်း ဆေးတံနှင့် တူသော သစ်ကိုင်းတစ်ကိုင်းက ထိုးထွက်နေပြန်ရာ လူတစ်ယောက် ပါးစပ်၌ ဆေးတံခဲထားသောပုံသဏ္ဍာန်မျိုးနှင့် တူနေသောကြောင့်ဖြစ်သည်။

အချို့ကလည်း ထူးခြားသော သစ်ပင်ပုံသဏ္ဍာန်ကို ကြည့်ပြီး စိတ်ထဲ၌ ရှိသည့်အတိုင်း ပြောကြသည်။

"ငါတို့ရဲ့သစ်တောဝန်ထောက်မင်း သေသွားပြီးတဲ့နောက်မှာ ဒီသစ်ပင်ကြီးရဲ့ပုံသဏ္ဍာန်က သူရဲ့ပုံစံနဲ့ တူလာသလိုပဲ ဟိုမှာကြည့်ပါလား. . . ပါးစပ်မှာ ဆေးတံခဲထားတာတောင်မှ တူနေသေးတယ်"

"မင်းတို့ စကားပြောတာ ဆင်ခြင်ကြ၊ ပြောသံကြားတာတော့ သူက အသေဆိုးနဲ့ သေရတာဆိုတော့ ကျွတ်ပုံမရဘူး၊ တော်ကြာမှ သူ့ဝိညာဉ်က လာပြီးဒုက္ခပေးနေလိမ့်မယ်"

ထိုသစ်ပင်ကြီး၏ ပုံသဏ္ဍာန်မှာ ညအချိန်၌ ကြည့်ပါက အမှောင်ထဲမှာ လူတစ်ယောက် ဆေးတံထိုင်သောက်နေသည်နှင့် ပုံပန်းသဏ္ဍာန် တူလှပေသည်။ ထို့ထက် ထိုသစ်ပင်ကြီး၏သစ်ခေါင်းများထဲမှ လိပ်ပြာနက်ကြီးများ ထွက်လာသည်ကိုလည်း မကြာခဏ တွေ့မြင်ကြရ

www.burmeseclassic.com



သည်။

ထိုလိပ်ပြာကြီးများမှာ နေ့အချိန်၌ အပြင်မထွက်ပဲ လရောင်ရှိသော ညအချိန်များမှာသာ အပြင်ထွက်လေ့ရှိသောကြောင့် အချို့က ဝိညာဉ်လိပ်ပြာများဟု ထင်ကြေးပေး ပြောဆိုကြလေသည်။

"သာမန်လိပ်ပြာတွေက ညအချိန်မှာ အပြင်မထွက်ကြဘူး၊ နေ့ဘက် အလင်းရောင် ရှိမှသာ အပြင်ထွက်ကြတယ်၊ ဒီလိပ်ပြာနက်တွေက ညအမှောင်ထဲကျမှ အပြင်ထွက်ပုံထောက်တော့ မဟုတ်ကာမှလွဲရော ဝိညာဉ်လိပ်ပြာတွေ ဖြစ်မယ်ထင်တယ်"

"ဝိညာဉ်လိပ်ပြာဆိုတာ ဘယ်လိုဟာမျိုးလဲဗျ"

"မင်းတို့ကလည်းကွာ. . . ဗဟုသုတ နည်းလိုက်ကြတာ လွန်ပါရော၊ ဝိညာဉ်လိပ်ပြာဆိုတာ သေသွားတဲ့လူတွေရဲ့ဝိညာဉ်တွေက တခြားနေရာ မသွားဘဲ ဒီနေရာမှာပဲ လိပ်ပြာတွေအသွင်နဲ့ နေကြတာကို ပြောတာပေါ့"

"ဟုတ်ပါ့မလားဗျ"

"ဘာကြောင့် မဟုတ်ရမှာလဲကွာ၊ သစ်တောဝန်ထောက်မင်းလက်ချက်ကြောင့် သေသွားတဲ့လူတွေက ဘယ်လောက်တောင် များနေမှန်းမှ မသိတာ၊ နောက်ပြီး ရက်ရက်စက်စက် နှိပ်စက်ပြီး အသတ်ခံရတာဆိုတော့ ဘယ်ကျွတ်နိုင်ပါ့မလဲ"

"ဒါထက် ဝန်ထောက်မင်းက အဲ့ဒီလူတွေကို ဘာကြောင့်များ အဲသည်လို နှိပ်စက်တာလဲ မသိဘူးနော်"

"ငါလည်း ဘယ်သိပါ့မလဲကွာ၊ မင်းသိချင်ရင် သူ့ဝိညာဉ်နဲ့ တွေ့တော့ မေးကြည့်ပေါ့"

"ဟာဗျာ. . . နာမည်ကြားရုံနဲ့ပဲ ကြောက်လှပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ နာမည်ဆိုးများ ရှိသောကြောင့် ထိုနေရာတစ်ဝိုက်တစ်ခွင်ကို ... ဒါကိုသဘာဝ တစ်ဝိုက်ကို ဆောင်းဝတ္ထုဆရာ မြရေသီ တစ်ခွင်ကို ဒူးခုံကား တစ်ခွင်ကို

သစ်တောအလုပ်သမားများကလည်း ထိုနေရာတစ်ဝိုက်မှာ စခန်းချ လုပ်ကိုင်နေကြသော်လည်း ဗိုလ်တဲရှိရာ ကုန်းတစ်ဝိုက်ကိုတော့ ရှောင်ရှားကြလေသည်။ သစ်တောဝန်ထောက်မင်း မစ္စတာ ကာလ်တန် သေဆုံးသွားခဲ့ပြီးနောက်ပိုင်းတွင် မြတောင်ညို သစ်တောစခန်းတာဝန်ကို ဦးသာအောင်ကပင် ယာယီတာဝန်ယူကာ ဆက်လက်လုပ်ကိုင်ခဲ့ရပေသည်။

ဦးသာအောင်မှာလည်း ဘုမသိဘမသိနှင့် အန္တရာယ်ဆိုးတစ်ခုကို လက်ဝယ်ထားမိသလို ဖြစ်နေလေသည်။ အခြားမဟုတ်ပေ. . .။

မစ္စတာကာလ်တန် သေခါနီးအချိန်တွင် သူ အမြတ်တနိုး သုံးစွဲခဲ့သောဆေးတံကြီးကို ဦးသာအောင်လက်ထဲသို့ ထည့်ပေးခဲ့ခြင်းပဲ ဖြစ်သည်။

မျက်စိနှစ်လုံး အဖောက်ခံရသော ကာလ်တန်အနေနှင့် သေခါနီး အချိန်တွင် မည်သူ့လက်ထဲသို့ ထည့်ပေးခဲ့မှန်း သိဟန်မတူသော်လည်း ဆေးတံက ဆိုက်ဆိုက်မြိုက်မြိုက်ဆိုသလို ဦးသာအောင် လက်ထဲသို့ ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

ပထမတော့ ထိုဆေးတံကို အခြားနေရာ လွှင့်ပစ်ရန် စိတ်ကူးပေါ်လာသဖြင့် လူသူမသိအောင် လျှို့ဝှက်ယူသွားပြီး တောအတွင်း တစ်နေရာမှာ ပစ်ချထားခဲ့လေသည်။ သို့သော် နောက်တစ်နေ့ မနက် လင်းသောအခါ ထိုဆေးတံက သူနေသောအိမ်ပေါ်သို့ ပြန်ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ဟင်. . . ဒီဆေးတံကို မနက်ကပဲ ငါကိုယ်တိုင် တောထဲ ယူသွားပြီး လွှတ်ပစ်ခဲ့တာပါပဲ၊ ဘယ့်နှယ့်ကြောင့် အခု ငါ့အိမ်ပေါ် ပြန်ရောက်နေတာပါလိမ့်၊ တောထဲမှာ အလုပ်သမားတစ်ယောက်ယောက်ကများ သွားရင်းလာရင်းနှင့် တွေ့လို့ ပြန်ကောက်ယူလာပြီး စားပွဲပေါ် လာတင်ထားလေရော့သလား"

ဟု တွေးတောကာ နောက်တစ်နေ့မှာ သစ်ချုံထူထပ်သော ချောက်ထဲသို့ ဆေးတံကို ပစ်ချထားခဲ့လေသည်။

"ကိုင်း. . . ဒီတစ်ခါတော့ ချောက်ထဲ ပစ်ချလိုက်ပြီမို့ ဘယ်နည်းနဲ့မှ ပြန်ရှာမတွေ့နိုင်တော့ပါဘူး"

ဟု စိတ်ထဲမှာ တွေးလိုက်မိသည်။

သို့သော် နောက်တစ်နေ့မှာ စားပွဲပေါ်မှာ အခန့်သား ပြန်ရောက်နေသောဆေးတံကို မြင်သောအခါ သူ အတွေးမမှန်ကြောင်း သိရတော့သည်။

"နည်းနည်းတော့ ထူးဆန်းနေသလိုပဲ၊ ပထမနေ့ကတော့ အလုပ်သမားတွေ တွေ့လို့ ပြန်ယူလာတယ် ထားပါတော့၊ ဒီတစ်ကြိမ်ကတော့ ငါကိုယ်တိုင် ချောက်ထဲ ပစ်ချခဲ့တာဆိုတော့ ပြန်တွေ့စရာအကြောင်းမရှိဘူး၊ ဘာကြောင့် ဒီနေရာ ပြန်ရောက်နေတာပါလိမ့်"

ဟု တွေးမိကာ ဆေးတံကို ယူပြီး အသေအချာ ကြည့်မိလေသည်။

ဆေးတံမှာ ပုံပန်းသဏ္ဌာန်ရော အရွယ်အစားပါ အခြားသာမန်ဆေးတံများနှင့် လုံးဝမတူပေ။

အရင်းဘက်မှာ ကွပ်ထားသော ငွေပြားပေါ်မှာ သွားဖြင့် အ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ပေါင်းများစွာ ကိုက်ထားသောအရာများက မြင်မကောင်းအောင် ရှိနေသည်။

ဆေးအိုးနေရာမှာ လက်ဖြင့် နှစ်ပေါင်းများစွာ ကိုင်တွယ် ပွတ်သပ်ထားသောကြောင့် နက်မှောင် ပြောင်ချောလျက်ရှိနေသည်။ ဆေးအိုးအတွင်း၌ ဆေးချေးများ ကပ်နေပြီး မီးခိုးအနံ့နှင့် ဆေးနံ့များက ယခုထက်တိုင်အောင် အနံ့ထွက်နေဆဲပင် ရှိနေသေး၏။

ဦးသာအောင်သည် လူပေါင်းများစွာတို့၏အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော လူတစ်ယောက် နှစ်ပေါင်းများစွာ ကိုင်တွယ်အသုံးပြုခဲ့သောဆေးတံကို ကိုင်ကြည့်ရင်းနှင့်ပင် ဖိတ်ထဲမှာ မအီမသာနှင့် ခံစားနေရလေသည်။

နောက်ပိုင်းမှာ ဆေးတံကို အိမ်တွင်းတစ်နေရာမှာ တင်ထားလိုက်လေသည်။ ထိုသို့တင်ထားပြီးမှ ထိတ်လန့်ဖွယ်ရာကောင်းသော အိပ်မက်များနှင့် ထပ်မံကြုံတွေ့ရလေသည်။

ဦးသာအောင်သည် မိသားစုများ ရှိသော်လည်း ခေါ်မလာဘဲ သစ်တောစခန်းမှာ တစ်ကိုယ်တည်း လာရောက်နေသူဖြစ်ပေသည်။ သူသည် လောလောဆယ် ယာယီ သစ်တောစခန်း တာဝန်ခံဖြစ်နေသောကြောင့် သီးသန့်အိမ်မှာ နေထိုင်ရလေသည်။

အနီးပတ်ဝန်းကျင်၌ အလုပ်သမားများ နေထိုင်သည့် တဲအန်းလျားများ ရှိသော်လည်း အိမ်ပေါ်မှာတော့ သူတစ်ယောက်တည်းသာ ရှိပေသည်။

တစ်ညသ၌ အိပ်ပျော်နေစဉ် တစ်စုံတစ်ခုကြောင့် အိပ်ပျော်ရာမှ ပြန်နိုးလာပြီး နိုးလာလာချင်း နှာခေါင်းထဲမှာ ဆေးတံသောက်ဆေးနံ့ပါသော မီးခိုးနံ့များကို ရှူမိလေသည်။

www.burmeseclassic.com



ပထမတော့ အလုပ်သမားတဲများ၌ ဖိုထားသောမီးဖိုမှ ပြန့်ဝဲလာသော မီးခိုးငွေ့များဟု ထင်မိပါသည်။ နောက် မသင်္ကာသဖြင့် သတိထားပြီး ရှုကြည့်တော့မှ ဆေးတံသောက် ဆေး မီးခိုးနံ့ဖြစ်မှန်း သိရလေသည်။

"ဟင်. . ."

စိတ်ထဲမှာချက်ခြင်းဆိုသလို ကာလ်တန်၏ဆေးတံကြီးကို သတိရလိုက်လေသည်။ သူသည် ကပျာကယာ ထပြီး အခန်းအပြင်ဖက်သို့ ထွက်ကြည့်သောအခါ ဝရံတာတွင် သူရှိရာဘက်သို့ ကျောပေးရပ်နေသော လူတစ်ယောက်၏ပုံသဏ္ဌာန်ကို ဦးစွာတွေ့ရသည်။ မီးခိုးငွေ့များက ၎င်းရှိရာဘက်မှ ဝဲပျံ့နေကြခြင်းဖြစ်သည်။

ဦးသာအောင်က ဇဝေဇဝါနှင့် လှမ်းကြည့်နေစဉ် ဝရံတာတွင် ရပ်နေသောသူက ဘေးစောင်းအနေအထား လှည့်လိုက်သည်။ ထိုအခါမှ ကာလ်တန်၏ဆေးတံကြီးကို အားရပါးရ ဖွာနေခြင်းဖြစ်မှန်း တွေ့ရတော့သည်။

ထိုသူ၏မျက်နှာပုံပန်းသဏ္ဌာန်ကလည်း မကြာသေးခင်ကမှ သေဆုံးသွားခဲ့သော ကာလ်တန်၏မျက်နှာပုံသဏ္ဌာန်နှင့် များစွာတူလှပေသည်။

"ခင်. . . ခင်ဗျားဘယ်သူလဲ"

ဦးသာအောင်က အထစ်ထစ် အငေါ့ငေါ့နဲ့ လှမ်းမေးလိုက်သောအခါမှ ဝရံတာမှာ ရပ်နေသောပုံသဏ္ဌာန်မှာ ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။ ဦးသာအောင်က ဇဝေဇဝါဖြင့် ထိုနေရာသို့ ကပျာကယာ သွားကြည့်သောအခါ ဝရံတာ၌ ဘယ်သူမှမတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မိမိစိတ်စွဲလမ်းနေမှုကြောင့် မျက်စိထဲမှာ မြင်မိမြင်ရာ မြင်နေသည်ဟု ထင်လိုက်မိသော်လည်း နှာခေါင်းထဲမှာတော့ ဆေးတံသောက်ဆေးအနံ့က ရနေဆဲပင် ရှိသေးသည်။

ကြည့်လိုက်တော့ မီးခိုးငွေ့များကလည်း ပြန့်လွင့်နေဆဲပင် ရှိနေသေး၏။

"ငါ့စိတ်ထဲမှာ စွဲနေလို့ [illegible]နေရတာလား၊ ဝိညာဉ်တွေအတော့ ဒီလိုမလုပ်နိုင်ကြပါဘူး"

ဟု တွေးပြီး ကာလ်တန်၏ဆေးတံကြီး ထားသောနေရာသို့ သွားကြည့်သောအခါ ရှင်းတင်ထားသည့်အတိုင်းပင် နေရာမပျက်ပင် ရှိနေသေးသည်ကို တွေ့ရသည်။

"ဆေးတံကလည်း ဒီမှာရှိနေတာပဲ၊ စောစောက ငါ အမြင်မှားတာပဲ ဖြစ်မှာပါ"

ဟု မိမိစိတ်ကို ဖြေသိမ့်ကာ အိပ်ယာဝင်ခဲ့ပြန်သည်၊ ထို့နောက်ပိုင်းမှာတော့ နောက်ထပ်အနှောင့်အယှက် မတွေ့ရသဖြင့် ကောင်းစွာ အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့မနက်ပိုင်းအချိန်မှာ တောခေါင်းဘဇံ ရောက်လာပြီး ထူးဆန်းသောစကား ပြောသည်။

"ညက တစ်ညလုံးပါပဲ. . . တောအုပ်မင်းရဲ့ဝရံတာမှာ လူတစ်ယောက် ဆေးတံသောက်နေတာ တွေ့ရတယ်"

"ဟင်. . . ဟုတ်ရဲ့လား ဘဇံရဲ့"

"ဟုတ်ပါတယ်ဗျာ. . . ကျွန်တော် မျက်စိနဲ့ သေသေချာချာကို မြင်ရတာပါ၊ ဆေးတံက မီးတရဲရဲ ဖြစ်နေတာတောင် မြင်ရပါတယ်၊ ဒါထက် တောအုပ်မင်းလည်း ဆေးတံသောက်တာ တစ်ခါမှ မမြင်မိပါ

www.burmeseclassic.com



ဘူး၊ ဘယ်သူများ ရောက်နေတာလဲ”

ဦးသာအောင်မှာ ဘာပြောရမှန်း မသိသဖြင့် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ နောက်တစ်ညမှာလည်း အိပ်ပျော်နေစဉ်မှာ ထူးထူးခြားခြား မီးခိုးအနံ့များ ရသဖြင့် အိပ်ယာမှ ပြန်နိုးလာကာ ဝရံတာသို့ ထွက်ကြည့်သောအခါ ယမန်နေ့ညကအတိုင်း ဝရံတာတွင် လူတစ်ယောက် ဆေးတံသောက်နေသည်ကို တွေ့ရပြန်သည်။

သူအပြင်ထွက်သွားသောအခါ ထိုအရိပ်သဏ္ဍာန်က ပျောက်သွားပြန်သည်။ မိုးလင်းသောအခါ ၎င်းအိမ်မှာ ထားသော ကာလ်တန်၏ ဆေးတံကြီးကို အိမ်မှာ မထားဝံ့သောကြောင့် ဗိုလ်တဲအိမ်ကြီးသို့ ပြန်ပို့ထားလိုက်လေသည်။

ထိုသို့ပြန်ပို့ပေးလိုက်ပြီးနောက်မှာ ဆေးတံကြီးက ၎င်းအိမ်သို့ ပြန်ရောက်မလာတော့ဘဲ ညအချိန်ရောက်လာလျှင် ဝရံတာ၌ ဆေးတံသောက်နေသော ပုံရိပ်သဏ္ဍာန်ကိုလည်း နောက်ထပ် မတွေ့ရတော့ပေ။

သို့သော်လည်း နောက်ပိုင်းညများမှာတော့ ဗိုလ်တဲအိမ်ကြီး အပေါ်ထပ် ဝရံတာ၌ ဆေးတံသောက်ရင်းနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော လူတစ်ယောက်၏ပုံရိပ်သဏ္ဍာန်ကို တွေ့မြင်ကြရသည်။

ထို့ထက်ပို၍ထူးဆန်းသောအရာမှာ ညအချိန်ရောက်လာသည်နှင့် သစ်ခြောက်ပင်ကြီး ရှိရာမှ လိပ်ပြာနက်ကြီးများ ပျံထွက်လာကြပြီး ဗိုလ်တဲအိမ်ကြီး ရှိရာသို့ သွားကြသည်ကို အလုပ်သမားအချို့က တွေ့မြင်ကြရလေသည်။

ထိုလိပ်ပြာနက်ကြီးများမှာ အခြားနေရာများသို့လည်း ဘယ်မှ



www.burmeseclassic.com

www.burmeseclassic.com



မသွားဘဲ ဗိုလ်တဲအိမ်ကြီးနှင့် သစ်ခြောက်ပင်ကြီး ရှိရာသို့သာ ကူးလူး သွားလာနေကြလေသည်။ တစ်ညလုံး သွားလာနေကြပြီးမှ အရုဏ် တက်ချိန် ရောက်တော့မှ လိပ်ပြာနက်များလည်းပျောက်၊ ဗိုလ်တဲပေါ်မှ ဝုံရိပ်သဏ္ဍာန်လည်း ပျောက်ကွယ်သွားတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

# လိပ်ပြာနတ်နှင့် ကံကြမ္မာဆိုးများ

နောက်တစ်လကျော်ကျော်ခန့် အချိန်ကြာသောအခါ မြဝေ တောင်ညို သစ်တောစခန်းသို့ ကာလ်တန်နေရာသို့ အစားလာရောက် တာဝန်ထမ်းမည့် သစ်တောဝန်ထောက်တစ်ဦး ရောက်လာလေတော့ သည်။ ၎င်း၏အမည်မှာ ဦးနေဒွန်းဆိုသူဖြစ်ပြီး ကရင်ကပြား ခရစ် ယာန်ဘာသာဝင်တစ်ဦးဖြစ်ပေသည်။ အသက်လေးဆယ်ကျော်ခန့်ရှိပြီး အရုပ်အမောင်းကောင်းသူတစ်ဦးဖြစ်သည်။

ဦးသာအောင်က ဗိုလ်တဲအိမ်ကြီးနှင့် ပတ်သက်သော အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို မပြောရန် ရင်းလက်အောက်ငယ်သားများအား မှာကြားထားလေသည်။ သို့ကြောင့် နောက်ထပ်အသစ်ရောက်လာသော ဝန်ထောက်ကို ဗိုလ်တဲအိမ်ကြီးနှင့် ပတ်သက်သောအကြောင်းများကို မည်သူကမှ မပြောကြတော့ပေ။

ဦးနေဒွန်းဆိုသူမှာ ဖျတ်လတ်တက်ကြွသူတစ်ဦးဖြစ်သောကြောင့် သစ်တောစခန်းသို့ ရောက်လာသည်နှင့် ဗိုလ်တဲအိမ်ကြီးတွင် နေထိုင်ရန် အလုပ်သမားများ ခေါ်ကာ ရှင်းလင်းလေတော့သည်။ ဗိုလ်တဲအိမ်ကြီး၌ လူမနေသည်မှာ ကြာပြီဖြစ်သောကြောင့် ရှုပ်ထွေးလျက်ရှိရာ အချိန်အတော်ကြာအောင် ရှင်းကြရသည်။

အလုပ်သမားများကို ကြီးကြပ်စေခိုင်းရန် ဦးသာအောင် ကိုယ်တိုင် သွားရောက်လုပ်ကိုင်ပေးရသည်။ ထိုသို့လုပ်ကိုင်နေရင်းမှာ စင်တစ်ခုပေါ်မှာ တင်ထားသောဆေးတံကြီးကို ဦးနေဒွန်းက တွေ့မြင်ပြီး လှမ်းယူလိုက်သည်။

"ဒါ ဘယ်သူ့ဆေးတံလဲ"

"မစ္စတာကာလ်တန်ရဲ့ဆေးတံပါ ဆရာ"

ဦးနေဒွန်းက ဆေးတံကို ကြည့်ပြီး သဘောကျနေဟန်ရှိသည်။

"ဒီဆေးတံရဲ့ပုံသဏ္ဌာန်က အတော်ကလေး ထူးဆန်းတာပဲ၊ လုပ်ထားတဲ့လက်ရာကလည်း အတော်ကောင်းတယ်ဗျ၊ ဒါကို ကျုပ် ယူလိုက်တော့မယ်"

"ဒါပေမယ့် . . ဟို . . ဟို . . "

"ဘာလဲ . . . ဆေးတံပိုင်ရှင် သေသွားလို့ ဒီဆေးတံကို မသုံးသင့်ဘူးလို့ ပြောချင်တာလား"

"ဟုတ် . . ဟုတ်ပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ဦးနေဒွန်းက သဘောကျစွာ ရယ်လိုက်သည်။

"ကျုပ်က ဒါမျိုးတွေကို ယုံကြည်မှုလည်း မရှိဘူး၊ အယူလည်း မသီးပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီလိုပစ္စည်းမျိုးက နောက် တွေ့ရခဲတယ်၊ ကျုပ်ပဲ ယူထားလိုက်တော့မယ်"

ဟု ပြောဆိုနေစဉ်မှာ ဦးနေဒွန်းလက်ထဲမှာ ကိုင်ထားသော ဆေးတံကို တစ်စုံတစ်ယောက်က ပုတ်ချလိုက်သကဲ့သို့ အောက်သို့ ပြုတ်ကျသွားသည်။

ထိုသို့ ကျသွားသောဆေးတံက ဦးသာအောင်ခြေရင်းသို့ ရောက်လာသောကြောင့် ကောက်ယူလိုက်သည်။

"အား. . . ပူလိုက်တာ"

အလန့်တကြား ရေရွတ်ပြီး ပြန်လွှတ်ချလိုက်သည်။

"ဘာဖြစ်တာလဲဗျ"

"ဆေးတံက မီးခဲလို ပူနေတယ်"

"မဟုတ်တာဘဲ. . . စောစောက ကျုပ်ကိုင်နေတာ ဘာမှမထူးခြားပါဘူး"

ဟု ပြောကာ ဦးနေဒွန်းက ဆေးတံကို ပြန်ကောက်ယူလိုက်လေသည်။ စောစောက မီးခဲတမျှ ပူနေသောဆေးတံက ယခုတော့လည်း ပုံမှန်အတိုင်းသာ ရှိနေပြန်သည်။

"ခင်ဗျားကြည့်ရတာ တစ်ခုခုကို ကြောက်လန့်နေပုံရတယ်၊ ဘာတွေများ ဒီလောက်ကြောက်စရာရှိနေလို့လဲ၊ ကျုပ်ကိုလည်း ပြောပြပါဦး"

"ဘာ. . . ဘာမှမရှိပါဘူး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသာအောင်က ကပျာကယာ ငြင်းလိုက်သော်လည်း ဦးနေ ဒွန်းကတော့ ယုံကြည်မှု မရှိလှပေ။

နောက်ပိုင်းမှာတော့ ဦးနေဒွန်းက ဗိုလ်တဲအိမ်ကြီးမှာ တပည့် နှစ်ယောက်နှင့် နေလေသည်။ ရောက်စအချိန်ကတော့ ဘာမှ ထူးထူး ခြားခြား မကြားရသော်လည်း နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် ထူးခြားမှုများ ပေါ်လာတော့သည်။ တစ်ညတွင် ဦးနေဒွန်းတစ်ယောက် တည်း စာရင်းများ လုပ်နေစဉ် အခန်းပေါက်ဝမှ တစ်စုံတစ်ယောက် ဖြတ်လျှောက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

ငှားခေါ်ထားသော အလုပ်သမားနှစ်ယောက်တို့မှာ အောက် ထပ်၌ နေကြပြီး အကြောင်းမရှိပဲနှင့် အိမ်ပေါ်သို့ မလာကြပေ။ ယခု ရိပ်တာနဲ တွေ့လိုက်သူမှာ ဘယ်သူလဲ။

ဦးနေဒွန်းက အံဆွဲအတွင်းမှာ ထည့်ထားသောသေနတ်ကို ယူပြီး အခန်းအပြင်သို့ ထွက်ကြည့်တော့ ဝရံတာ၌ မည်သူမျှ မတွေ့ရ ပေ။ စိတ်ထဲမှာ မသင်္ကာသောကြောင့် ဝရံတာ အစအဆုံး လိုက်ကြည့် တော့လည်း အရိပ်အယောင်မှ မတွေ့ရသဖြင့် စိတ်ထဲမှာ မကျေမနပ် ဖြစ်သွားလေသည်။

နောက်ပိုင်းရက်များမှာတော့ ညဥ့်နက်ပိုင်းအချိန် ရောက်လာ သည့်အခါ အိမ်ကြီးတစ်နေရာမှ အော်သံဟစ်သံများ ကြားလာရသည်။ ထိုအသံများကို ဦးနေဒွန်းတစ်ယောက်တည်းသာ ကြားနေရခြင်းဖြစ်ပြီး အောက်ထပ်မှာ နေကြသည့် အလုပ်သမားနှစ်ယောက်က မကြားကြ ပေ။

ထိုအော်သံများမှာ ညစဉ်ငှိုလို ကြားနေရသောကြောင့် ကောင်းစွာအိပ်မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာတော့ မေ့းကနဲ အိပ်ပျော်သွားစဉ် တစ်စုံတစ်ခု ကြောင့် ပြန်နိုးလာစဉ် နှာခေါင်းထဲမှာ မီးခိုးနံ့လိုလို ရသဖြင့် ထကြည့် လေသည်။

အိပ်ခန်းထဲမှာ ဘာမှမတွေ့ရသဖြင့် နေရာအနှံ့ လိုက်ကြည့် *တော့မှ စရံတာဦး လူတစ်ယောက် ရပ်ကာ ဆေးတံသောက်နေသည်ကို* တွေ့ရလေသည်။

ဦးနေဒွန်းက နောက်မှ သေနတ်ဖြင့် ချိန်ကာ မေးလိုက်လေ သည်။

"ခင်ဗျားဘယ်သူလဲ"

ထိုအခါ အေးအေးဆေးဆေး ဆေးတံသောက်နေသူက သူ့ ဘက်သို့ လှည့်လာသည်။

ဖြူဖတ်ဖြူလျော်ဖြစ်နေသော လူတစ်ယောက်၏မျက်နှာကို တွေ့ရပြီး မည်သူမည်ဝါမှန်းတော့ သူမသိပေ။

"ခင်ဗျားဘယ်သူလဲ"

"ကာလ်တန်. . ."

ထိုသူက အသံသြသြကြီးနှင့် ပြန်ပြောသည်။

"မစ္စတာကာလ်တန်က လွန်ခဲ့တဲ့လက သေသွားတဲ့ သစ်တော ဝန်ထောက် မဟုတ်လား၊ အခု ဘာကြောင့် ဒီမှာရှိနေတာလဲ"

"ဒီအိမ်က ငါနေတဲ့အိမ်ပဲ၊ ငါ့ကို ဘယ်သူကမှ နှင်မထုတ်သေး တော့ ဒီမှာပဲ ရှိနေတာပေါ့"

"ကျုပ် အဲဒါမျိုးတွေ အယုံအကြည် မရှိဘူး၊ အခု အစိုးရကဝန် ထမ်းဆောင်ဖို့ ကျုပ်ရောက်လာပြီဆိုတော့ ခင်ဗျားထွက်သွားပေတော့"

"မင်းက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခင်ဗျားရဲ့အလုပ်တာဝန်တွေကို ဆက်လုပ်ဖို့ ရောက်လာတဲ့ သစ်တောဝန်ထောက်တစ်ဦးပဲ၊ ဒါကြောင့် ဒီနေရာဟာ ခင်ဗျားနဲ့ မဆိုင်တော့ဘူး၊ ကျုပ်ပိုင်တဲ့နေရာဖြစ်တာကြောင့် ခင်ဗျားနေခွင့်မရှိတော့ဘူး"

ထိုသို့ပြောလိုက်သည့်တိုင် ရှေ့မှာ ရပ်နေသူက ဘာမှပြန်မပြောဘဲ ဆေးတံကိုသာ တွင်တွင်ဖွာနေရာ မီးခိုးငွေ့များက ပတ်ဝန်းကျင်တွင် ပျံ့ဝဲလျက်ရှိနေတော့သည်။

"ငါ့ကို ဘယ်သူမှ အမိန့်ပေးလို့မရဘူး၊ ငါနေချင်တဲ့နေရာမှာ နေမှာပဲ၊ ငါမရှိလည်း ဒီအိမ်မှာ ငါ့မိတ်ဆွေဝိညာဉ်တွေ အများကြီး ရှိနေမှာပဲကွ၊ မင်းကို တစ်ခုတော့ ပြောလိုက်မယ်၊ ဒီအိမ်မှာ ရှိတဲ့ ငါပိုင်တဲ့ပစ္စည်းတွေကို ဘာတစ်ခုမှ ယူမကိုင်ပါနဲ့"

ထိုစကားကြားသောအခါ ဦးနေဒွန်းက တစ်ချက်ရယ်လိုက်သည်။

"ကျုပ်လိုလူက ဝိညာဉ်က အမိန့်ပေးတာကို ယုံကြည်လက်ခံမယ်လို့များ ခင်ဗျားထင်နေသလား. . . ဝေးပါသေးတယ်၊ ကျုပ်က ဘယ်သူအမိန့်ပေးတာကိုမှ လက်မခံဘူး၊ ကျုပ်သဘောနဲ့ကျုပ် လုပ်မှာပဲ"

"ဒါကတော့ မင်းကံကြမ္မာကို မင်းဖာသာ ဖန်တီးတာပဲ၊ မင်းသဘောနဲ့ လုပ်မယ်ဆိုရင်တော့ လုပ်ပေါ့"

ဒါပဲပြောပြီး ဆေးတံသောက်နေသောသူက ဝရံတာအစွန်းဘက်သို့ လျှောက်သွားကာ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားတော့သည်။ ဦးနေဒွန်းက သေနတ်ကို အဆင်သင့် ကိုင်ပြီး ထိုနေရာတဝိုက်သို့ လိုက်ကြည့်တော့လည်း ဘာမှမတွေ့ရတော့ပေ။ ဦးနေဒွန်း

www.burmeseclassic.com



သည် လက်တွေ့သမားတစ်ယောက်ဖြစ်သောကြောင့် သာမန်ကိစ္စများကို ယုံကြည်ခြင်း မရှိလှပေ။ သို့ထက် ယုံကြည်ရန် ခက်ခဲလှသော ပရလောကနှင့် ပတ်သက်သည့်ကိစ္စများကိုလည်း စိတ်ဝင်စားမှု မရှိလှပေ၊ ယခုတွေ့မြင်နေရသောကိစ္စများကိုလည်း ယုံကြည်မှု မရှိပေ။

ထို့ပြင် ကြောက်လန့်မှုလည်း မရှိပေ။

ဥပါဒါန်စိတ်စွဲလမ်းမှုကြောင့် မြင်တွေ့နေရသည့်အဖြစ်အပျက်များဖြစ်သည်ဟုသာ စိတ်ထဲ၌ ထင်မှတ်မိလေသည်။ နောက်ပိုင်းမှာတော့ ၎င်းထင်နေသောကိစ္စများမှာ လွဲမှားနေကြောင်း သိလာရပေတော့သည်။

တစ်ညတွင် အောက်ထပ်မှာ နေကြသည့် အလုပ်သမား နှစ်ယောက်မှာ အပေါ်ထပ်သို့ ကြောက်လန့်တကြား ပြေးတက်လာကြလေသည်။

"ဆရာကြီး. . . ဆရာကြီး. . . လုပ်ပါဦးဗျ. . . ကယ်ပါဦး"

"ဟေ့. . . ဘယ်လိုဖြစ်လာကြတာလဲ"

"ကျွန်တော်တို့ အိပ်ပျော်နေတုန်း နားထဲမှာ အော်သံတွေကြားရတယ် ဆရာကြီး"

"ဘယ်က ကြားရတာလဲ"

"ဒီအိမ်ကြီးရဲ့အနောက်ဘက်က ကြားရတာပါ"

"အော်သံကြားတာပဲ. . . ဘာများ ကြောက်စရာရှိသလဲ"

"မဟုတ်ဘူး ဆရာကြီး၊ အော်သံကြားလို့ ထကြည့်တော့ အခန်းပေါက်ဝမှာ လူတစ်ယောက် ရပ်နေတာ တွေ့ရတယ်၊ အဲဒီလူမှာ မျက်လုံးနှစ်လုံး ပေါက်ထွက်နေတယ်၊ သွေးတွေလည်း ကျနေတယ်"

"မဟုတ်ပါဘူးကွာ. . . တစ္ဆေသရဲဆိုတာ ဘာမှမရှိပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ စိတ်စွဲပြီး ကြောက်နေလို့ ဖြစ်ပါလိမ့်မယ်"

ဟု ပြောကာ အလုပ်သမားနှစ်ယောက်ကို ပြန်လွှတ်လိုက်လေသည်။

အလုပ်သမားနှစ်ယောက်မှာ ဦးနေဒွန်း၏အမိန့်ကို မလွန်ဆန်ဝံ့၍သာ အောက်ထပ်သို့ ပြန်ဆင်းသွားကြသော်လည်း အတော့်ကို ထိတ်လန့်ကြောက်ရွံ့နေကြဟန်ရှိလေသည်။

နောက်ညမှာတော့ ဦးနေဒွန်းကိုယ်တိုင် ထိုအဖြစ်အပျက်နှင့် ကြုံရလေသည်။ ညဉ့်နက်ပိုင်းအချိန်၌ အခန်းထဲမှာ အရက်ထိုင်သောက်နေသော ဦးနေဒွန်းမှာ အပြင်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာသောခြေသံ ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ အခန်းပေါက်ဝမှာ ရပ်နေသည့်လူတစ်ယောက်ကို တွေ့ရသည်။

"မင်းဘယ်သူလဲ"

ထိုလူက ဘာမှပြန်မပြောဘဲ ရင်းပါးစပ်ကို ဟကာ ပါးစပ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်ပြီး ပြသည်။

"ဟင်. . ."

ထိုအရာမှာ အခြားမဟုတ်ပေ. . .။

ပြတ်နေသောလျှာပင် ဖြစ်လေရာ ဒီတော့မှ ဦးနေဒွန်းမှာ သဘောပေါက်သွားပြီး အံဆွဲထဲမှာ ထည့်ထားသည့်သေနတ်ကို ဆွဲယူလိုက်သည်။ သေနတ်ယူပြီး ကြည့်လိုက်တော့ အခန်းပေါက်ဝမှာ ဘယ်သူမှ မရှိတော့ပေ။

ပရလောကနှင့် ပတ်သက်လျှင် ယုံကြည်မှု မရှိလှသော ဦးနေဒွန်း ဒီတစ်ကြိမ်တော့ စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာလေသည်။ သို့သော်လည်း သူ့ကိုယ်သူ အားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက တကယ်မရှိနိုင်ပါဘူး၊ ငါအရက်မူးပြီး မြင်နေတာ ဖြစ်ပါလိမ့်မယ်"

မည်သို့ပင်ဆိုစေ. . .။

ဗိုလ်တဲအိမ်ကြီး၏ အပေါ်ထပ်အခန်းမှာ ဦးနေ့ဒွန်း တစ်ယောက် နောက်တစ်ကြိမ် ကြုံတွေ့ရသောအဖြစ်အပျက်ကတော့ သူကိုယ်တိုင် သည်းမခံနိုင်လောက်အောင် ကြောက်ရွံ့မှု ဖြစ်ခဲ့ရသော အဖြစ်အပျက်တစ်ခုပင်ဖြစ်တော့သည်။

ယခုရက်ပိုင်းအတွင်းမှာ ချင်းတွင်းမြစ် ရောက်အောင် စီးဆောင်ရမည့် ကျွန်းသစ်လုံးများကို သူကိုယ်တိုင် ကွင်းဆင်း စစ်ဆေးရသဖြင့် တစ်နေကုန် ပင်ပန်းလာရာ ညစာစားပြီးနောက်တွင် စောစောအိပ်ယာဝင်ခဲ့လေသည်။

ထိုအချိန်၌ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ ဖုံးလွှမ်းသုတ် တိတ်ဆိတ်ငြိမ်သက်စွာရှိနေချေပြီ။ ထူးထူးခြားခြား ဆိုသလိုပင် အလုပ်သမားတန်းလျားများ ရှိရာဘက်မှလည်း အသံများ တိတ်ဆိတ်နေသလို မီးရောင်လည်း သိပ်မမြင်ရပေ။

ခြင်ကိုက်သက်သာစေရန် မီးဖိုထဲသို့ သစ်တုံးအစိုများသာ ထည့်ထားသဖြင့် မီးတောက်မထဘဲ မီးခိုးလုံးများသာ အူထွက်နေလေရာ ပတ်ဝန်းကျင်တစ်ခုလုံး ပို၍မည်းမှောင်နေသကဲ့သို့ ရှိလေသည်။

ထိုအခိုက်မှာပင် မည်းမည်းသဏ္ဌာန်ကြီးတစ်ယောက်မှာ အမှောင်ရိပ်ထဲမှ ထွက်ကာ ဗိုလ်တဲပေါ်သို့ တစ်လှမ်းချင်း တက်လာလေသည်။ ၎င်းမှာ အရပ်အမောင်းမြင့်ပြီး ကိုယ်လုံးကိုယ်ထည် ကြီးမားထွားခိုင်သော လူမည်းကြီးတစ်ယောက်ပင်ဖြစ်သည်။ ထိုသဏ္ဌာန်ကြီးသည် အိမ်အောက်မှ အပေါ်ထပ်သို့ အခက်အခဲမရှိ တက်သွားပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်း အိပ်နေသောအခန်း ရှိရာသို့ သွားလေသည်။

ငှင်းကအခန်းတွင်းသို့ ရောက်သောအခါ ကုတင်နံဘေးတွင် ရပ်လိုက်မှ ဦးနေဒွန်းက အိပ်ပျော်ရာမှ နိုးလာလေသည်။ နိုးလာလာချင်း ကုတင်နံဘေးမှာ ရပ်နေသော မည်းပည်းသဏ္ဍာန်ကြီးကို တွေ့လိုက်ရသဖြင့် အနည်းငယ် ထိတ်လန့်သွားလေသည်။

အခန်းအလယ်မှာ မီးအိမ်တစ်လုံး ထွန်းထားသဖြင့် အလင်းရောင်က ခပ်မှိန်မှိန် ဖြာကျနေရာ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရစေကာမူ ကိုယ်လုံးကိုယ်ထည် ကြီးမားတုတ်ခိုင်သည့် လူမည်းကြီးတစ်ယောက်ဖြစ်မှန်းတော့ မြင်နေရလေသည်။

ထိုလူမည်းကြီးက စားပွဲပေါ်မှာ တင်ထားသော ဓါးတစ်ချောင်းကို ကောက်ယူလိုက်ရာ ဦးနေဒွန်းမှာ များစွာတုန်လှုပ်သွားသည်။ သို့သော် လူမည်းကြီးက ဦးနေဒွန်းကို ဘာမှမလုပ်ဘဲ သူ့ဝမ်းဗိုက်ကို ဓါးဖြင့် ခွဲချလိုက်သည်။ မမျှော်လင့်သောမြင်ကွင်းကြောင့် မျက်လုံးပြူးသွားသည်။

"ဟာ. . ."

ထိုလူမည်းကြီးက ဝမ်းဗိုက်အတွင်းမှ အူများကို ဆွဲထုတ် ဖြတ်တောက်ပြီး စားပွဲပေါ်မှာ တင်ထားခဲ့ပြီးနောက် အခန်းအပြင်သို့ ပြန်ထွက်သွားလေတော့သည်။ သူထွက်သွားရာ လမ်းတလျှောက်မှာလည်း ကြမ်းပြင်ပေါ်မှာ သွေးစက်များ ကျသွားသည်ကို အတိုင်းသား လှမ်းမြင်နေရသည်။

အတန်ကြာတော့ အမှောင်ထဲမှာ ပျောက်ကွယ်သွားလေတော့သည်။ လူမည်းကြီး ပျောက်သွားသော်လည်း စားပွဲပေါ်မှာ ချထားပေးခဲ့သော ကလီစာပုံကြီးကတော့ ရှိနေဆဲပင်၊ သွေးများက စီးကျနေပြီး



www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ တဆတ်ဆတ် တုန်နေဆဲပင် ရှိသေးသည်။ ဦးနေဒွန်းမှာ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ပေ။

အခန်းတွင်းမှ ပြေးထွက်သွားကာ အောက်ထပ်၌ အိပ်နေကြသည့် အလုပ်သမားနှစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ဟေ့. . . ထကြစမ်းဟ၊ ဒီကို လာကြဦးဟ"

ဦးနေဒွန်း၏အထိတ်တလန့်အော်ဟစ်သံကြောင့် အောက်ထပ်မှာ အိပ်နေကြသည့် အလုပ်သမားနှစ်ယောက်မှာ ပြေးဘက်လာကြသည်။

"ဘာဖြစ်တာလဲ ဝန်ထောက်မင်း. . . ဘာဖြစ်တာလဲ"

"ငါ့အခန်းထဲမှာ သွားကြည့်ကြစမ်းဟ"

ထိုသို့ပြောသဖြင့် အလုပ်သမားနှစ်ယောက်က ဦးနေဒွန်းအခန်းရှိရာသို့ ခပ်သုတ်သုတ် သွားကြရာ သူကလည်း နောက်မှ လိုက်သွားလေသည်။

အလုပ်သမားနှစ်ယောက်တို့မှာ အခန်းတွင်း၌ နေရာအနှံ့ထိုက်ရှာကြသော်လည်း ဘာမှ ထူးထူးခြားခြား မတွေ့ကြရပေ။

"အခန်းထဲမှာတော့ ဘာမှမတွေ့ဘူး ဆရာကြီး"

"ဟို. . ဟို. . စားပွဲပေါ်မှာ ကြည့်ကြစမ်း"

အလုပ်သမားနှစ်ယောက်က စားပွဲပေါ်မှာ ကြည့်တော့လည်း ခဲတစ်ချောင်းကိုသာ တွေ့ကြရသည်။

"ဒီစားပွဲပေါ်မှာတော့ ခဲတစ်ချောင်းပဲ တွေ့ရပါတယ် ဝန်ထောက်မင်း"

သို့ကြောင့် ဦးနေဒွန်းက စားပွဲရှိရာသို့ လာကြည့်သောအခါ စောစောက လူမည်းကြီး ချထားခဲ့သော ကလီစာပုံကြီးကို မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဘယ်ရောက်သွားပြီလဲဟ"

ပါးစပ်မှ ရေရွတ်သံက တိုးတိုးလေး ထွက်သွားသည်။

"ဘာပျောက်လို့လဲ ဝန်ထောက်မင်း"

"ဘာ. . ဘာမှမပျောက်ဘူး၊ မင်းတို့ သွားကြတော့၊ ဒါပေမယ့် အတိဒီရိယနဲ့တော့ စောင့်ကြ. . . ကြားလား"

"ဟုတ်ကဲ့ပါ ဝန်ထောက်မင်း"

အလုပ်သမားနှစ်ယောက်က အောက်ထပ်သို့ ပြန်ဆင်းသွားကြလေသည်။

ထိုအခိုက်မှာပင် နှာခေါင်းထဲသို့ ညှီစို့စို့အနံ့ ဝင်လာသောကြောင့် စားပွဲပေါ်မှ ဓါးကို ကောက်ယူလိုက်သည်၊ ထိုဓါးမှာ စောစောက လူမည်းကြီး ဗိုက်ခွဲသွားခဲ့သောဓါးပင်ဖြစ်သည်။

ဓါးကို မီးရောင်ဖြင့် ထောင်ကြည့်လိုက်သောအခါ ဓါးသွားနေရာတလျှောက်တွင် သွေးများ စွန်းပေနေသည်ကို တွေ့ရသည်။ သွေးများမှာ လတ်လတ်ဆတ်ဆတ်ပင် ရှိသေးသောကြောင့် အညှီနံ့များ ထွက်နေခြင်းပင်ဖြစ်၏။

စိတ်ထဲမှာ မသင်္ကာသဖြင့် ကြမ်းပြင်ပေါ် ကြည့်လိုက်သောအခါ သွေးစက်နှင့် သွေးကွက်အချို့ကို မြင်ရသဖြင့် များစွာတုန်လှုပ်သွားလေသည်။

စိတ်ထဲမှာလည်း. . .

"ဒီဗိုလ်တဲက သတင်းကြားတာထက်တောင်မှ ပိုပြီးကြမ်းနေပါရောလား"

ဟု ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်ပိုင်းအချိန် ရောက်သောအခါ ဓါးသွား၌ပေနေသောသွေးစက်များနှင့် ကြမ်းပြင်ပေါ်၌ စွန်းပေနေသည့် သွေးကွက်များမှာ အလိုလို ပျောက်သွားကြလေတော့သည်။

ထိုစကားကြားသောအခါ တောအုပ်ကြီး ဦးသာအောင်က ရောက်လာလေသည်။

"သတင်းတွေ ကြားရတာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး တကယ်လို့ ဒီမှာနေရတာ အဆင်မပြေဘူးဆိုရင် ကျွန်တော် နေတဲ့အိမ်မှာ ရွှေ့ပြီးနေနိုင်ပါတယ် ဝန်ထောက်မင်း"

"ရပါတယ်"

ပြောသာပြောရသည်။

ဦးနေဒွန်း၏လေသံက တက်ကြွမှု မရှိလှဘဲ ပျော့နေလေသည်။ ထို့ပြင် ရောက်စကနှင့် မတူတော့ဘဲ လူမှာ သိသိသာသာ ချုံးကျသွားသလို ညဘက် အိပ်ရေးပျက်ပါများသောကြောင့် မျက်နှာများပင် ချောင်ကျနေချေပြီ။

"ကျွန်တော် တစ်ခုတော့ အကြံပေးပါရစေ"

"ဘာများလဲ"

"တခြားမဟုတ်ပါဘူး. . . ဝန်ထောက်မင်း ယူထားတဲ့ ကာလသမီးရဲ့ဆေးတံကြီး ရှိနေသေးတယ်ဆိုရင် ဒီအတိုင်း မထားဘဲ တခြားကိုရွှေ့ပစ်လိုက်စေချင်ပါတယ်"

"ကျုပ်က ဒါတွေ အယုံအကြည် မရှိလှပါဘူး၊ အခုဖြစ်ပျက်နေတာတွေတလည်း တိုက်ဆိုင်မှုတစ်ခုကြောင့် ဖြစ်နေတာ ထင်ပါတယ်၊ အချိန်တန်ရင်တော့လည်း ပြီးသွားမှာပါ၊ ဘာမဟုတ်တဲ့ ဝိညာဉ်တွေက အလကားတွေ နှောင့်ယှက်လို့ အလျှော့ပေးလိုက်ရတယ်ဆိုရင် ရှက်ဖို့ကောင်း ...သည်။

www.burmeseclassic.com



လှုပါတယ်၊ ကျုပ်ဘဝမှာ ဒီလိုအဖြစ်မျိုးတော့ ဘယ်တော့မှ အဖြစ်မခံပါဘူး နောက်ပြီး အသက်မရှိတဲ့ ဒီဆေးတံကလည်း ကျုပ်ကို ဘာမှမလုပ်နိုင်ပါဘူး။ ကျုပ်အတွက်တော့ ဒီလောက်စိတ်မပူပါနဲ့ဗျာ"

ဟု ပြောသဖြင့် ဦးသာအောင်မှာ အခက်တွေ့သွားလေသည်။

"မဟုတ်ပါဘူး ဝန်ထောက်မင်း၊ တစ်ချိန်ချိန်မှာ ဒီဆေးတံက ဝန်ထောက်မင်းကို ဒုက္ခပေးမှာ စိုးရိမ်လို့ပါ"

"မစိုးရိမ်ပါနဲ့ဗျာ. . . ဘာမှမဖြစ်နိုင်ပါဘူး"

ဟု ပြောသောကြောင့် ဦးသာအောင် ဘာမှဆက်မပြောသာတော့ဘဲ ပြန်သွားလေသည်။

ထိုအခါမှ စိတ်ကူးပေါ်လာသဖြင့် အပြင်ဘက်မှာ ထားသော ကာလ်တန်၏ဆေးတံကြီးကို ၎င်း၏အခန်းထဲသို့ ယူလာပြီး အသေအချာ ကြည့်မိလေသည်။

ဆေးတံအရိုးနေရာ၌ သွားဖြင့် ဖိကိုက်ထားသောအရာများကို တွေ့သောအခါ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

"မစ္စတာကာလ်တန်ဟာ ဒီဆေးတံကြီးကို ခဲပြီး သွေးအေးအေးနဲ့ လူတွေကို နည်းအမျိုးမျိုးနဲ့ ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ခဲ့ပုံရတယ်၊ ဒီဆေးတံကို သောက်လို့များ ဒီလောက်ကြောက်ဖို့ကောင်းတဲ့ စိတ်ကူးတွေ ပေါ်လာခဲ့ရော့သလား၊ ဘာပဲဖြစ်ဖြစ် ဒီဆေးတံဟာ မစ္စတာကာလ်တန် မြတ်မြတ်နိုးနိုးနဲ့ အမြဲတစေ သုံးစွဲခဲ့ပုံထောက်တော့ တစ်ခုခုတော့ ထူးခြားမှု ရှိပုံရတယ်၊ ဟုတ်မဟုတ် သိရအောင် ငါကိုယ်တိုင် သောက်ကြည့်ရင် ပိုပြီး သေသေချာချာ သိနိုင်မယ်ထင်တယ်"

ဟု စိတ်ကူးပေါ်လာလေသည်။

ထိုစိတ်ကူးသည် သူ့အား သေတွင်းထဲသို့ တွန်းပို့ပေးခဲ့သော


www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဖြစ်မှန်း ကြိုတင်သိခဲ့လျှင်တော့ ထိုသို့ပြုလုပ်မည် မဟုတ်ပေ။

သူသည် ထိုအတွေးကို ရပြီးနောက် လုပ်သင့်မလုပ်သင့်ကို အတန်ကြာအောင် စဉ်းစားနေသေးသည်။ နောက်ဆုံးတော့ ဖွတ်တရွတ် လုပ်ချင်သောစိတ်က အနိုင်ရသွားပြီးနောက် ဆေးတံကို သောက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဇင်းနောက် ဆေးတံ၌ ပေနေသောဖုံများကို သုတ်ဖယ်ပြီး ဆေးတံအိုးအတွင်းသို့ ဆေးတံသောက်ဆေးမှုန့်များကို ဖိသိပ်ထည့်လိုက်သည်။

ဦးနေဒွန်း ဆေးတံသောက်ရန် ပြင်နေသောအချိန်မှာ ညဦးပိုင်းအချိန်ပင်ဖြစ်၏။ အလုပ်သမားများ နေသော တန်းလျားများဘက်မှ မီးရောင်များ ရှိနေသေးသော်လည်း တိတ်ဆိတ်ငြိမ်သက်နေချေပြီ။ တစ်နေကုန် ပင်ပန်းထားသော အလုပ်သမားများမှာ ယခုလိုအချိန်မျိုးတွင် ထမင်းဝအောင်စားပြီး အိပ်နေကြပြီဖြစ်သည်။

ဦးနေဒွန်းက ဆေးတံအတွင်းသို့ ဆေးတံသောက်ဆေးများ ထည့်ပြီး မီးခြစ်ဆံတစ်ချောင်းဖြင့် မီးညှိလေသည်။ ဆေးတံကို ပါးစပ်ထဲသို့ ကိုက်လိုက်စဉ်မှာပင် ငွေကွပ်ထားသော နေရာမှ အေးစက်မှုများက နှုတ်ခမ်းသားမှတဆင့် ရင်ထဲအထိ စိမ့်ဝင်သွားသည်ဟု ထင်လိုက်မိသည်။

ဆေးအိုးအတွင်းမှ ဆေးများကို မီးစွဲသွားပြီးနောက် တစ်ဖွာနှစ်ဖွာ ဖွာပြီး မီးခိုးငွေ့များကို အပြင်သို့ မှုတ်ထုတ်လိုက်ရာ မီးခိုးငွေ့များက အခန်းထဲ၌ ပြန့်ဝဲနေလေသည်။

အခန်းထဲမှာ လေငြိမ်နေသောကြောင့် မီးခိုးငွေ့များက အပြင်ဘက်သို့ ထွက်မသွားဘဲ အခန်းထဲမှာပင် ငြိမ်သက်လျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်းမှာ ဆေးတံကို အရသာခံ၍ သောက်နေရင်း သူ့ဖာသာ သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"အလုပ်သမားတွေအားလုံးဟာ အတော်ကို အယူသီးကြ တယ်၊ အစွဲအလမ်းကြီးကြတယ်၊ ဘာမဟုတ်တဲ့ ဆေးတံတစ်ချောင်းကို များ ကြောက်နေရတယ်လို့၊ ဒီအသက်မရှိတဲ့ ဆေးတံတစ်ချောင်းက ဘာလုပ်နိုင်မှာမို့လဲ၊ အင်းလေ. . . ပညာမရှိလို့ တောတောင်ထဲမှာ နေကြမှတော့ ဒီလို ခေတ်နောက်ပြန်ဆွဲတဲ့အတွေးမျိုးတွေ ရှိကြတာ အဆန်းတော့ မဟုတ်ပါဘူး"

ထိုသို့တွေးတောနေစဉ် အခန်းအတွင်းမှာ ငြိမ်သက်နေသည့် မီးခိုးငွေ့များမှာ အခန်းတွင်းသို့ တစ်စုံတစ်ယောက် ဝင်လာသော ကြောင့် ဝဲကတော့ မွှေသကဲ့သို့ ဖြစ်ကာ လှုပ်ရှားသွားလေသည်။

အခန်းထဲမှာ မီးအိမ်ထွန်းထားသောကြောင့် အလင်းရောင် ရှိနေရာ မီးခိုးငွေ့များ လှုပ်ယမ်းသွားသည်ကို ဆေးတံသောက်နေသော ဦးနေဒွန်းက လှမ်းမြင်လိုက်ရလေသည်။

ပထမတော့ အပြင်မှ လေတိုးဝင်လာသောကြောင့် လှုပ်ယမ်း သွားသည်ဟု ထင်လိုက်မိသည်။ နောက်မှ ထိုသို့မဟုတ်ဘဲ တစ်စုံတစ် ယောက် လမ်းလျှောက်လာသဖြင့် မီးခိုးများ လှုပ်ရှားနေကြောင်း သိရ တော့သည်။

ထိုအချိန်မှာ သူ့အနီးသို့ တစ်စုံတစ်ယောက် ကပ်လာနေမှန်း သိလိုက်သည်။ အကောင်အထည် မမြင်ရသော်လည်း ရေခဲတုံးနှင့် ကပ်လိုက်သကဲ့သို့ တစ်ကိုယ်လုံး စိမ့်တက်သွားလေသည်။

ဦးနေဒွန်းက အနည်းငယ် ထိတ်လန့်သွားသောကြောင့် ပါးစပ် မှာ တပ်ထားသောဆေးတံကို ပြန်ချွတ်ဖို့ ပြင်လိုက်သည်။ မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးတံကို တစ်စုံတစ်ယောက်က ဖိတွန်းထားသကဲ့သို့ ရှိသောကြောင့် ပြန်ဆွဲယူ၍ မရတော့ဘဲ တန်းလန်းကြီး ဖြစ်နေလေသည်။ သူသည် ဆေးတံကို ပြန်ဆွဲထုတ်ရန် ကြိုးစားနေစဉ်မှာ ငွေပြားအစွန်းက တွဲတက်လာပြီး နှုတ်ခမ်းသားကို ခြစ်မိသောကြောင့် ကွဲထွက်သွားကာ သွေးများ ထွက်လာလေသည်။

ထိုအခါမှ ဦးနေဒွန်းက အထိတ်တလန့်ဖြစ်လာပြီး ဆေးတံကို လက်နှစ်ဖက်နှင့် ကိုင်ကာ ပြန်ဆွဲထုတ်ရန် ကြိုးစားသော်လည်း မရတော့ပေ။

မမြင်ရသောလက်များက ဆေးတံကို ကိုင်ပြီး ပါးစပ်ထဲသို့ အတင်းထိုးသွင်းနေရာ အားချင်း မမျှသောကြောင့် တဖြည်းဖြည်းနှင့် ပါးစပ်တွင်းသို့ ဝင်သွားလေတော့သည်။ သူသည် စူးစူးဝါးဝါးဖြင့် အော်ဟစ်ရင်း ဆေးတံကို ပြန်ဆွဲထုတ်နေစဉ် ဆေးတံက လည်ချောင်းအတွင်းသို့ ရောက်လာရာ အသက်ရှူကျပ်လာသည်။

နောက်ဆုံး သူ့လက်ဖြင့် ကိုင်ထားသော ဆေးတံအိုးကြီးကပါ ပါးစပ်တွင်း ရောက်သွားသောအခါ ပူလောင်မှုနှင့်အတူ အသက်ရှူ၍ မရတော့ပေ။

နောက်ဆုံး သွေးရူးသွေးတန်းနှင့် ထပြေးရင်း အခန်းနံရံဖြင့် ဝင်တိုက်ကာ ကြမ်းပြင်ပေါ်သို့ ဝုန်းကနဲ လဲကျသွားလေတော့သည်။

ဗိုလ်တဲအပေါ်ထပ်မှ ဆူဆူညံညံအသံများ ကြားလိုက်ရသဖြင့် ဦးသာအောင်နှင့် အလုပ်သမားအချို့ အပေါ်သို့ ပြေးတက်လာကြသည်။ သူတို့ရောက်လာသောအချိန်တွင် ကြမ်းပြင်ပေါ်၌ လဲကျနေသည့် ဦးနေဒွန်းကို တွေ့ကြရသည်။

"ဝန်ထောက်မင်း . . . ဝန်ထောက်မင်း"



www.burmeseclassic.com

www.burmeseclassic.com


ဦးသာအောင်က ပွေ့ယူလိုက်သောအခါ ဦးနေဒွန်းမှာ အသက်မရှိတော့ပေ။

"ဘယ်လိုဖြစ်တာလဲ ဆရာကြီး"

နောက်မှ ပါလာသော တောခေါင်းဘဇံက မေးလိုက်သည်။ ဦးသာအောင်က ခေါင်းယမ်းပြရင်း. . .

"သူသေသွားပြီ"

ဟု စိတ်မကောင်းစွာ ပြောလိုက်သည်။

"ဘာကြောင့် သေတာလဲဟင်"

"ငါလည်း ဘယ်သိပါမလဲကွာ"

ဟု ပြောဆိုပြီး ဦးနေဒွန်းအလောင်းကို အသေအချာ စစ်ဆေးကြည့်တော့ ကိုယ်ပေါ်မှာတော့ ဒဏ်ရာဒဏ်ချက် မတွေ့ရပေ။

နှုတ်ခမ်းနှင့် ပါးစပ်နေရာမှာတော့ သွေးများ ထွက်နေသည်ကို မြင်သဖြင့် လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်သောအခါ လည်ချောင်းတွင်း၌ တစ်စုံတစ်ခု တစ်နေဟန် ရှိသည်ကို တွေ့ရသဖြင့် ဦးသာအောင်က ပါးစပ်ဖြဲကြည့်လိုက်သည်။

"ဟာ. . ."

"ဘာဖြစ်လို့လဲ ဆရာကြီး"

ဦးသာအောင်က ဦးနေဒွန်း၏ပါးစပ်ကို ဖြဲကာ အတွင်းသို့ လက်နှိပ်မီးရောင်ဖြင့် ထိုးပြလိုက်သည်။

"အမယ်လေး. . . ဘယ့်နှယ့်ဟာကြီးပါလိမ့်"

မြင်ရသူအပေါင်းတို့မှာ များစွာထိတ်လန့်သွားကြလေသည်။ ဦးနေဒွန်းလည်ချောင်းထဲမှာ တစ်ဆို့နေသောအရာမှာ အခြားမဟုတ်ဘဲ ကာလ်တန်၏ဆေးတံကြီးပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးတံကြီး မဟုတ်လား၊ ဒါကြီးက လည်ချောင်းထဲ ဘယ်လို ရောက်နေတာလဲ၊ သူ့ဖာသာ ဝင်သွားတာလား"

"ဒီလောက်ကြီးတဲ့ ဆေးတံကြီးတစ်ချောင်းကတော့ သူ့ဖာသာ မဝင်နိုင်ပါဘူး၊ တစ်စုံတစ်ယောက်က အတင်းထိုးထည့်သွားလို့သာ အခု လောက်အထိ လည်ချောင်းထဲအထိ ရောက်သွားပြီး အသက်သေသွား တာပဲ"

ထိုစကားကြားသောအခါ အလုပ်သမားများမှာ ထိတ်လန့် ကြောက်ရွံ့မှုဖြစ်ကြလေသည်။


"ဘယ်သူလာထည့်သွားတာလဲ"

"ဆေးတံရဲ့မူလပိုင်ရှင်ဖြစ်တဲ့ ကာလ်တန်ရဲ့ဝိညာဉ်က လွဲပြီး တခြားဘယ်သူဖြစ်မလဲကွာ၊ ငါ အတန်တန် သတိပေးနေတဲ့ကြားက အခုလို ဖြစ်ရတာတော့ စိတ်မကောင်းစရာပါပဲ"

ထိုသို့ပြောနေစဉ် အခန်းအပြင်ဘက်မှ လိပ်ပြာနက်ကြီးတစ် ကောင် ဝင်လာပြီး အခန်းတွင်းမှာ ပျံဝဲနေလေသည်။ အတန်ကြာတော့ မှ အပြင်သို့ ပြန်ထွက်သွားလေတော့သည်။ အပြင်မှာတော့ အမှောင်ထု က ပိုမိုများပြားလာချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

# ပဖောင်ဆန်သော မိစ္ဆာအိမ်

ဦးနေဒွန်း သေဆုံးသွားပြီးနောက်ပိုင်းမှာလည်း မြဖောင်ညို သစ်တောစခန်း၌ ကြောက်မက်ဖွယ်ကောင်းသောအဖြစ်ဆိုးများနှင့် တစ်ခုပြီးတစ်ခု ကြုံတွေ့ရသောကြောင့် အလုပ်သမားများမှာ မနေဝံ့ကြတော့သဖြင့် ထိုနေရာမှ စခန်းကို ဖျက်သိမ်းပြီး အခြားနေရာသို့ ရွှေ့ပြောင်းသွားကြတော့သည်။

နှစ်ကာလ ကြာသောအခါ ထိုနေရာတစ်ဝိုက်မှာ သစ်ပင်နှင့် ချုံနွယ်ပိတ်ပေါင်းများ ပြန်လည်ဖုံးအုပ်သွားလေတော့သည်။ ယခင်

www.burmeseclassic.com

www.burmeseclassic.com



အထည်းက လူမနေဝံ့သဖြင့် ပစ်ထားရသော ဗိုလ်တဲအိမ်ကြီးမှာလည်း အခုအခါမှာတော့ သစ်တောအတွင်းမှာ ပျက်စီးယိုယွင်းမှုများဖြစ်နေနေပြီ။

ထိုနေရာနှင့် မနီးမဝေး ကုန်းထိပ်ပေါ်မှာ ရှိသော သစ်ခြောက်ပင်ကြီးမှာလည်း ဆွေးမြေ့ပျက်စီးသွားခြင်း မရှိဘဲ ယခင်အတိုင်းပင် ပုံစံမပျက် ဆက်လက်ရှိနေလေသည်။

ကာလကြာမြင့်သည်နှင့်အမျှ ထိုသစ်ခြောက်ပင်ကြီး၏ပုံပန်းသဏ္ဌာန်မှာ လူခြောက်တစ်ယောက် ဒါမှမဟုတ် မကောင်းဆိုးဝါးကြီးတစ်ကောင် ရပ်နေသည်နှင့် ပို၍တူလာလေသည်။

ထိုနေရာနှင့် ပတ်သက်၍ မပြောင်းလဲသောအရာများထဲတွင် သစ်ခြောက်ပင်ကြီးတဝိုက်မှာ ရှိနေသော လိပ်ပြာနက်ကြီးများပင်ဖြစ်၏။ ထိုလိပ်ပြာနက်ကြီးများကတော့ ဗိုလ်တဲအိမ်ကြီးနှင့် သစ်ခြောက်ပင်ကြီးတစ်ဝိုက်မှာ လှည့်လည်ပျံသန်းလျက်ရှိနေကြသည်။

နောက်ပိုင်း ထိုနေရာသို့ သစ်တောစခန်းများ အခြေစိုက်လာရောက်ဖွင့်လှစ်ကြခြင်း မရှိတော့သော်လည်း သစ်တောအလုပ်သမားအချို့နှင့် ပုံတောင်ပုံညာ တောင်ပေါ်တစ်ကြော၌ နေကြသည့် ရွာသားအချို့ကတော့ တောထဲမှာ လှည့်ပတ်သွားလာကြရင်းနှင့် တစ်ခါတစ်ရံ ထိုနေရာတစ်ဝိုက်သို့ ရောက်လာကြလေသည်။

အများအားဖြင့်တော့ ထိုနေရာသို့ အလာအသွား များသောရွာသားများမှာ မြတောင်ညိုရွာသားများပင်ဖြစ်ပေသည်။

မြတောင်ညိုရွာမှာ ရှေ့က ဖော်ပြပေးခဲ့သည့်အတိုင်း အရှေ့ဘက်တွင် ပုံတောင်၊ အနောက်ဘက်၌ ပုံညာတောင် ရှိသော တောင်မြင့်ကြီးနှစ်တောင်ကြား၌ တည်ထားသည့် ရွာတစ်ရွာပင်ဖြစ်ပေသည်။

www.burmeseclassic.com



တောင်မြင့်ကြီးနှစ်တောင်ကြား၌ တည်ထားသောကြောင့် ပုခက်တစ်ခုအတွင်းမှာ ရှိနေသည်နှင့် သဏ္ဌာန်တူလေသည်။ ထို့ပြင် မြဖောင်ညိုရွာအကြောင်း ပြောလျှင် စုန်းကဝေတို့အကြောင်းကလည်း လွှဲမသွေ ပါလာပေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ထိုရွာတွင် ရှေးအဆက်ဆက်ကပင် စုန်းကဝေပညာများ တတ်ကျွမ်းသူတို့ ရှိကြသည်ဆိုသော အယူစွဲများကြောင့်ဖြစ်ပေသည်။ ထိုစကားအတိုင်း စုန်းကဝေပညာတတ်သူတို့ တကယ်ရှိမရှိ မသိကြစေကာမူ လူအတော်များများကတော့ ထိုရွာနှင့် ပတ်သက်လာပါက ကြောက်ရွံ့စိတ် ရှိနေကြသည်ကတော့ အမှန်ပင်ဖြစ်သည်။

"မြဖောင်ညို ပုခက်လွှဲ. . . စုန်းကဝေတို့ ပျော်တဲ့ပွဲ"

ဟူသောစကားမှာ ထိုအယူစွဲများကို အကြောင်းပြုပြီး ပေါ်ပေါက်လာသည့်စကားပင်ဖြစ်ပေသည်။

သို့သော်လည်း ထိုရွာ၌ နေထိုင်ကြသူများမှာ ရိုးရိုးအေးအေးနှင့် ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်နေကြသူ များကြပေသည်။ တစ်နေ့သ၌ မြဖောင်ညိုရွာမှ ရွာသားသုံးယောက်တို့မှာ မြဖောင်ညို သစ်တောအတွင်းသို့ ကျွဲးစုရှာဖွေရန် တက်ရောက်လာကြသည်။

၎င်းတို့သုံးယောက်မှာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ပင်ဖြစ်၏။ သူတို့သည် မြဖောင်ညိုရွာသားများဖြစ်ပြီး မိုးတွင်းအချိန်ကာလစားနပ်ရိက္ခာ ရှားပါးလျှင် စားသုံးရန် ကျွဲးဉရှာရန် တက်လာခြင်းဖြစ်သည်။

အချိန်မှာ ကဆုန်လ ကုန်ကာနီးပြီမို့ နွေနှောင်းကာလပင်ဟုခေါ် ဆိုသောအချိန်လည်းဖြစ်သည်။ ပူပြင်းသောနွေကာလတွင် ရွက်ဟောင်းကြွေ၍ ရွက်သစ်လဲထားပြီးသော ပုံတောင်ပုံညာ သစ်တောကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးမှာ အစိမ်းနု အစိမ်းရင့်ရောင်များနှင့် ခြယ်သထားသည့် ပန်းချီကားကြီးတစ်ချပ်သဖွယ် လှပတင့်တယ်နေ၏။

ဆောင်းရာသီတွင် ရွက်ဟောင်းခြွေခဲ့သောသစ်ပင်တို့သည် နွေရာသီ ပူပြင်းသောအချိန်ကာလတွင် ရွက်သစ်များနှင့် တန်ဆာဆင်ပြီးကြလေပြီ။

တစ်နှစ်တာအတွက် အားသစ်ပျိုးချိန် သို့မဟုတ် ပူပြင်းလှသော နွေရာသီကို ကြံ့ကြံ့ခံနိုင်ရန် ရွက်သစ်လောင်းကြသောအချိန်ဆိုကလည်း မမှားပေ။

ထိုရာသီမျိုးတွင် တောင်ပေါ်တွင် 'ကျွေးဥ' ပေါ်ချိန်လည်းဖြစ်သည်။ ကျွေးဥသည် တောင်မြင့်များအပေါ်တွင် နေထိုင်သူများအတွက် ဝမ်းစာအဖြစ် သုံးသော ရိက္ခာထောက် စားစရာတစ်မျိုးပင်ဖြစ်သည်။

တစ်နည်းဆိုရလျှင် ဝမ်းစာရိက္ခာပြတ်ပါက အရေးပေါ် စားသုံးရသော စားစရာဖြစ်သည်။ ကျွေးဥသည် ပူပြင်းသောနွေရာသီမှာ ရနိုင်ပြီး ဉ၌ အမျှင်ကလေးများသည် ပုံသဏ္ဌာန်မှာ အာလူး၊ ကန်စွန်းဥ၊ စိမ်းစားဥတို့နှင့် ခပ်ဆင်ဆင်တူသည်။

ထိုအပင်မျိုးမှာ မိုးခေါင်၍ နေပြင်းလေလေ အပင်က ပို၍ရှင်သန်ကာ ဥအတွက်လည်း ကောင်းလေသည်။ ကျွေးပင်သည် တောင်ခြေတောင်စောင်းများ၌ ပေါက်သည်။

လက်သန်း၊ လက်ညှိုး လက်ကောက်ဝတ်ခန့် တုတ်သော နွယ်ပင်တစ်မျိုးဖြစ်သည်။ နွယ်မှာ အစိမ်းရောင်ဖြစ်ပြီး အရွက်မှာ အနုငယ် ခပ်ဝိုင်းဝိုင်းနှင့် အဖျားချွန်းသည့် ရွက်ကြောအစင်းစင်းရှိသည်။

ဝါးရုံပင်၊ ဘူးပင်၊ ချုံပင်တို့ကို မှီတွယ်၍တက်သည်။ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကိုလည်း မှီတွယ်၍တက်သည်။ အပွင့်မှာ အခိုင်လိုက် အပွင့်သေးသေးကလေးများ ပွင့်သည်။ အနံ့မှာ ခပ်သင်းသင်း မွှေးသည်။ ကျွေးပင်တစ်ပင်တွင် ကျွေးဥတစ်လုံးနှစ်လုံး ရှိတတ်သည်။

ကျွေးဥ၏အရွယ်မှာ လက်သီးဆုပ်ခန့်မှ လက်ဖက်ရည်ကရားခန့် ရှိသည်။ အရောင်မှာ အညိုရောင်၊ အမြစ်မွေးဖွားဖွားနှင့် ဖြစ်သည်။ ကျွေးဥသည် ပုံတောင်နယ်သားတို့၏နွေမိတ်ဆွေ ဖြစ်သည်။ အသက်သခင် ကျွေးဖူးရှင်ဟုလည်း ပြောကြသည်။ မိုးလေဝသ ခေါင်၍ စပါးဆန်ရေ ရှားပါးသောအခါတွင် ကျွေးဥကို စားကြသည်။ မိုးခေါင်လေ ကျွေးဥပေါ်လေဟု ဆိုကြသည်။

ကျွေးဥသည် မိုးခေါင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်သောဥမျိုးဖြစ်သည်။ တပေါင်းတန်ခူး နွေနှောင်းမိုးဦးကာလများတွင် ကျွေးဥတူးရန် အကောင်းဆုံးဖြစ်သည်။ ကျွေးဥ၏အဆီအသားတက်သောကာလ ဖြစ်သည်။ ကျွေးဥကို ရှေးအခါကလည်း စားသုံးခဲ့ကြသည်။

ကုန်းဘောင်ခေတ် စာဆို ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓသည် သူ၏မေတ္တာစာများ၌ ဗန်းကျိနယ်သား အညာသားတို့သည် အောက်မြည်အောက်ရွာသို့ လှေထိုး လှော်တိုက် သွားကြရပုံကို ရေးဖွဲ့ခဲ့၏။

အညာသား လှသမား မောင်ကြော့က လင်းဆွဲရွာအိမ်နေ ဇနီးထံသို့ ပေးသောမေတ္တာစာတွင် ဗန်းကျိနယ်က ကျွေးဥအကြောင်း တွေ့ရသည်။

မေတ္တာစာတွင်. . .

“ပျိုးခင်းသေ၍၊ ရေစာမပေါ်
နတ်တော်အလှ၊ ရာသီနုတွင်
ကျွေးဥလည်းတုံး၊ သမုန်းလည်းကုန်



www.burmeseclassic.com

www.burmeseclassic.com



ခံချိုလည်းဖြူ၊ ခတူလည်းရှင်း
ဇန်ချီတွင်းမှာ၊ ပြောင်းခင်းလည်း မအောင်
ဝမ်းစာချောင်ကြ၍"

ရှေးအခါကပင်အညာမှာ မိုးခေါင်လျှင် ကျွေးဥ၊ ခတူဥ စသည်တို့ကို တူး၍စားခဲ့ရကြောင်း သိရသည်။

ကျွေးဥစားသုံးရန် ပြုလုပ်ပုံမှာ အဆင့်ဆင့် ရှိသည်။ ကျွေးဥများကို တူးယူလာခဲ့ပြီးနောက် ဦးစွာ အခွံနွှေးရသည်ဟု ဆိုသည်။ အခွံနွှေးသည်ဆိုသည်မှာ အခွံခွာခြင်းဖြစ်သည်။ ဓါးဖြင့် အခွံခွာရသည်။ ပြီးလျှင် ဓါးနှင့် ပါးပါး အကွင်းလိုက် လှီးရသည်။

လှီးပြီးသောကျွေးဥဖတ်များ တစ်တောင်းလောက် ရပြီဆိုလျှင် ရေဆေးရသည်။ ရေနှင့် အထပ်ထပ် ဆေးရသည်။

ပုံတောင်ပုံညာတစ်ကြောရှိ ရွာများမှာ အိမ်ရှင်မများ၊ မိန်းကလေးများသည် စမ်းချောင်းရှိရာ ထူးအိုင်ရှိရာသို့ ယူသွား၍ ရေထဲသို့ တောင်းချကာ ခြေနှင့် နင်း၍ ပွတ်ချေကြသည်။ ကျွေးနင်းသည်ဟု ဆိုပြီး အကြိမ်(၂၀)လောက် ရေလဲ၍နင်းရသည်။ ကျွေးဥတွင် ပါသော အစေးခါတ်မှာ ပြင်းထန်လွန်းသဖြင့် ကုန်အောင်ဆေးရသည်။ အစေးမကုန်လျှင် တောက်တတ်သည်။ မူးဝေတတ်သည်ဟု ဆိုပါသည်။

ရေစင်စင်ဆေးပြီးသောအခါ ကျွေးဖတ်များကို နေလှမ်းရသည်။ ခြောက်လျှင် အိုးတွင် သွတ်၍ သိမ်းထားရသည်။

ကျွေးဥဖတ်များကို တစ်နှစ်စာ အလုံအလောက် သိုမှီးထားကြရပြီး ဆန်ရေစပါး ရှားပါးသောအခါများတွင် လိုအပ်သလို ကျွေးဥကို စားသုံးလေ့ရှိကြသည်။

ကျွေးဥဖတ်ကို ထောင်း၍ ဆန်နှင့် ရောကာ ချက်စားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ကျွေးဥဖတ်ကို ထောင်း၍ ပေါင်းစားကြသည်။ သွားရည်စာအဖြစ် ကျွေးဥဖတ်ကို ထန်းလျက်နှင့် ယိုကြို၍ စားလေ့ရှိကြသည်။

ကျွေးဥကို ရွာသူရွာသားများသည် အမျိုးမျိုး စီမံ၍ စားသောက်ကြသည်။ ကျွေးဥသည် ဧည့်သည်အတွက်မဟုတ်၊ အိမ်သူအိမ်သားများအတွက် ရိက္ခာမပြတ်အောင် တမင်စီစဉ်ထားရသော စားသောက်ဖွယ်ရာတစ်မျိုးဖြစ်သည်။

သို့သော် တမင် စားလိုပါသည်ဆိုပါက ဧည့်သည်ကို အမျိုးမျိုးလုပ်ကျွေးကြသည်။ ကျွေးဥကို ကောက်ညင်းနှင့် ပေါင်း၍စားလျှင် အရသာရှိသည်။ ဆီမွှေးမွှေးကလေး ဆန်းလိုက်လျှင် ဟောလစ်နံ့ရသည်။ ထန်းလျက်နှင့် ကျိုသော ကျွေးဥယိုကလည်း အလွန်ဆိမ့်ပါသည်။

ကျွေးဥကို စား၍ မည်သည့်အန္တရာယ်မှ မဖြစ်ပါ၊ ပုံတောင်ပုံညာဒေသတစ်ကြော ရွာများတွင် အထောက်အကူ ရိက္ခာအဖြစ်လည်းကောင်း၊ သွားရည်စာအဖြစ်လည်းကောင်း စားသုံးကြပေသည်။

ကျေးရွာရှိ ကလေးတိုင်း ကျွေးဥရှာတတ်သည်။ ကျွေးနင်းတတ်ကြပါသည်။ ကျွေးဥသည် သူတို့၏မိတ်ဆွေကောင်းဖြစ်ပေသည်။

ကျွေးဥစားရသည်ကို ရှေးအခါက အချို့သူများသည် ရှက်ကြသည်ဟု ဆိုပါသည်။ မရှိဆင်းရဲ၍ ကျွေးဥစားရသည်ဟု ထင်မြင်မှာစိုးတတ်ကြသည်ဟု ဆိုပါသည်။

နောက် နှောင်းခေတ်များတွင် ပုံတောင်သားတို့သည် ထိုသို့မထူဆကြပါ။

တောင်ယာစပါးကို ကြိုးစား၍ လုပ်သည်။ မိုးအလွန်ခေါင်၍ စပါးအရနည်းသောနှစ်များတွင် သွားလာရေး ခက်ခဲလှသော သူတို့



www.burmeseclassic.com

www.burmeseclassic.com



သည် အခြားမှ ဆန်စပါးများကို စရိတ်စက ကုန်ကျခံ၍ မဝယ်တော့။ ကျွေးဥကို ရိက္ခာထောက်အဖြစ် အသုံးပြုကြသည်။ သဘာဝ ဘေးဒဏ် တို ကြံ့ကြံ့ခံကြခြင်းဖြစ်သည်။

စပါးပေါ်များစွာ ထွက်သောနှစ်များတွင်ကား ကျွေးဥကို သွား ရေစာအဖြစ် စားသုံးကြသည်။ ကျွေးပင်ကျွေးဥမှာ သူတို့ဒေသတွင် ပေါလှသည်။ အထူးသဖြင့် မိုးခေါင်သောနှစ်များတွင် ကျွေးဥ ပို၍ပေါ သည်ဟု ဆိုကြပါသည်။

ပုံတောင်ပုံညာတောင်ကြော နေရာအနှံ့ နေထိုင်ကြသူများမှာ ဆန်ရေစပါး ရှားပါးသောနှစ်များတွင် ကျွေးဥကို စားသောက်ကာ တစ်နှစ်တစ်ခါတော့ ဖြတ်သန်းနိုင်ကြပေသည်။

ထို့ကြောင့် ဆန်စပါး မရသောနှစ်များတွင် မြို့မှ ကြွေးမယူ တော့ဘဲ တောမှ ရှာဖွေရသော ကျွေးဥကိုသာ ရှာဖွေစားသောက်ကြ သဖြင့် မြို့က ကြွေးပူလျှင် ရင်ပူရသဖြင့် စားလျှင် ရင်အေးစေသော ကျွေးဥကိုပင် စားသောက်ကြကာ မြို့ကြွေးကို မယူ၊ တောကျွေးကိုသာ ယူမည် ဆိုသော အရပ်စလေ့စကားမျိုး ပေါ်ပေါက်လာခြင်းဖြစ်သည်။

ယခုလည်း မြတောင်ညိုရွာသား နီမောင်နှင့် အဖော်နှစ် ယောက်တို့မှာ ပုံတောင်ပုံညာ တောင်ကြောတစ်လျှောက်တွင် ကျွေးဥ များ လိုက်လံရှာဖွေရင်း မြတောင်ညိုတောင်ကြောတစ်နေရာမှ ဗိုလ်တဲ အိမ်ဟောင်းကြီး နေရာတပိုက်သို့ ရောက်လာကြလေတော့သည်။

ထိုနေရာတပိုက်တွင် အလုပ်သမားများ နေထိုင်အသုံးပြုသွား သော တဲပျက်များ၊ အဆောက်အဦးပျက်များကို တွေ့ကြရလေသည်။

ထိုနေရာနှင့် မနီးမဝေးမှာတော့ ဗိုလ်တဲပျက်ကြီး ရှိလေသည်။ ထိုအိမ်ကြီးမှာ သစ်ပင်နှင့် ခြုံနွယ်ပိတ်ပေါင်းများ ပိတ်ဖုံးနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဆောက်အဦးကိုပင် ကောင်းစွာမမြင်ရတော့ပေ။

နီမောင်တို့သုံးယောက် ထိုနေရာသို့ ရောက်ပြီး မကြာခင်မှာပင် တောပေါ်မိုးက အစိုးမရစွာနှင့် တဝေါဝေါ ရွာချလာလေတော့သည်။

"ဟာ. . . မိုးက ဆိုင်းမဆင့် ဗုံမဆင့် ရွာချလာပြီ၊ ဟော. . . ဘယ်လိုလုပ်ကြမလဲ"

"မိုးခိုစရာနေရာ ရှာရမှာပေါ့"

"ဒီနေရာမှာတော့ မိုးခိုစရာကတော့ ဟိုဗိုလ်တဲပျက်ကြီးပဲ ရှိတယ်၊ အဲ့ဒီကို သွားကြမလား"

"ဖြစ်ပါ့မလား. . . အဲ့ဒီအိမ်ကြီးက သရဲခြောက်လွန်းလို့ ဘယ်သူမှ မသွားဝံ့တဲ့နေရာ မဟုတ်လား"

"သရဲခြောက်လည်း မတတ်နိုင်တော့ဘူး၊ တောထဲမှာ ဒီအတိုင်း နေကြရင် အအေးပတ်ပြီး ဖျားဖို့ပဲ ရှိတယ်၊ အဲဒီနေရာပဲ သွားပြီးမိုးခိုကြရမှာပဲ"

"ဖြစ်ပါ့မလားနီမောင်"

"ငါတို့က သုံးယောက်တောင်ပဲ၊ ဒီလောက်ကြောက်စရာ မရှိလှပါဘူး"

ဟု အချင်းချင်း ပြောဆိုကာ သုံးယောက်သား အရဲစွန့်ပြီး ထိုနေရာသို့ သွားကြလေသည်။ တောထဲမှာ မိုးက ကွက်ကြားရွာနေခြင်းဖြစ်သောကြောင့် သူတို့ရှိရာသို့ ရောက်မလာသေးသော်လည်း မနီးမဝေးနေရာများမှာတော့ တဝေါဝေါနှင့် မိုးရွာချသံများကို အတိုင်းသားကြားနေရသည်။

မိုးချည်းသက်သက် ရွာနေခြင်း မဟုတ်ဘဲ လေတိုက်နှုန်းကပါ ပြင်းသဖြင့် သစ်ပင်ကြီးများ ယိမ်းထိုးနေသည်။ သစ်ခက် သစ်ကိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း ရိုက်ခတ်သံများကို အတိုင်းသား ကြားနေရသည်။

ထိုအခြေအနေမျိုးတွင် တောထဲမှာ နေလျှင် အန္တရာယ်များလှသဖြင့် မနေသင့်ပေ။

ရှေ့မှာ ရှိသောအန္တရာယ်ထက် နောက်မှာ ရောက်လာသည့် အန္တရာယ်က ပိုမိုကြောက်ဖို့ကောင်းနေသောကြောင့် သုံးယောက်သား ထွေထွေထူးထူး မစဉ်းစားတော့ပဲ ဗိုလ်တဲပျက်ကြီးရှိရာသို့ ခပ်သုတ်သုတ် တက်ခဲ့ကြလေသည်။ ထိုအချိန်မှာပင် မိုးက တဖွဲဖွဲ ရွာချလာချေပြီ။

သုံးယောက်သား တက်တုန်းက တက်လာခဲ့သော်လည်း ဗိုလ်တဲပျက်ကြီးအပေါက်ဝနှင့် မနီးမဝေး ရောက်တော့မှ မဝင်ဝံ့ဘဲ ချီတုံချတုံဖြစ်နေကြသည်။

တကယ်တော့ သုံးယောက်စလုံး သရဲတစ္ဆေနှင့် ပတ်သက်လာလျှင် ကြောက်ရွံ့တတ်သူများ မဟုတ်ကြသော်လည်း ဘာကြောင့်မှန်း မသိရဘဲ ဗိုလ်တဲပျက်ကြီးရှေ့ ရောက်ကာ မတိုင်ပင်ရဘဲ တပြိုင်နက် လိုလို တွန့်သွားကြခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် အိမ်ကြီးနံဘေးမှ လူတစ်ယောက် ထွက်လာကာ အိမ်ကြီးတံစက်မြိတ်အောက်သို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ကြရသည်။ ထိုသူမှာ အသက်အရွယ်ကြီးသူတစ်ဦးဖြစ်ပြီး အလုပ်သမားဝတ်သောအဝတ်အစားများကို ဝတ်ကာ ခေါင်းပေါ်မှာ ဝါးခမောက်အဝိုင်းကြီးကို ဆောင်းထားသောကြောင့် မျက်နှာကို ကောင်းစွာမမြင်ရပေ။

ထိုလူကြီးက မိုးမစိုချင်ဟန်ဖြင့် ဆင်ဝင်တံစက်မြိတ်အောက်သို့ ဝင်သွားပြီးမှ အိမ်ထဲသို့ မဝင်သေးဘဲ နောက်ဘက်သို့ တစ်ချက်ပြန်လှည့်ကြည့်လေရာ နီမောင်တို့သုံးယောက်ကို လှမ်းမြင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com


"မောင်ရင်တို့. . . နွေနှောင်းမိုးက အစိုးမရဘူးကွယ်၊ ဒီအချိန်မှာ မြေကြီးက တအားပူထားလေတော့ အပေါ်က မိုးရေထိရင် ဖျားနာလိမ့်မယ်၊ ဒီမှာ လာပြီးမိုးခိုကြပါလား"

ဟု လှမ်းခေါ်လေသည်။

ပထမတော့ သွားသင့်မသွားသင့် ချင့်ချိန်နေသေးသော်လည်း တဝေါဝေါနှင့် ရွာချလာသောမိုးက အနားရောက်လာပြီဖြစ်သောကြောင့် ဘာမှစဉ်းစားချိန်မရဘဲ အိမ်ကြီးရှိရာသို့ ခပ်သုတ်သုတ် သွားကြလေသည်။

အချိန်က ညနေပိုင်းအချိန်ပင် ရှိသေးသော်လည်း မိုးမှောင်ကြီး ကျလာသောကြောင့် သစ်တောနှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မည်းမှောင်လာသည်။

လေပြင်းများကလည်း တိုက်ခတ်နေချေပြီ။

ထိုအချိန်မျိုးတွင် သစ်တောထဲမှာ ဒီအတိုင်း မနေသင့်မှန်းသဘောပေါက်ကြသဖြင့် ဗိုလ်တဲရှိရာသို့ အရဲစွန့်ကာ သွားကြခြင်း ဖြစ်လေသည်။

အိမ်ပေါက်ဝ ရောက်သောအခါ အဘိုးကြီးခေါင်းပေါ်မှာ ဆောင်းထားသည့် ခမောက်ဝိုင်းကြီးကို ချွတ်လိုက်သည်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများဖြင့် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော လူစိမ်းတစ်ယောက်ပင်ဖြစ်သည်။

"ဒါထက် အဘက ဒီမှာနေတာလား"

နီမောင်က မေးလိုက်သည်။

"မဟုတ်ပါဘူး ငါ့တူရယ်၊ အဘလည်း မင်းတို့လိုပဲခရီးသွားနည့်သည်တစ်ယောက်ပါပဲ၊ မိုးရိပ်မိုးဆင် မကောင်းလို့ ဒီမှာ ခဏဝင်ပြီး


www.burmeseclassic.com

www.burmeseclassic.com


မိုးခိုနေတာပါ။ အတွင်းမှာ အဖော်နှစ်ယောက်လည်း ပါ,ပါသေးတယ်”

ဟု ပြောကာ နီမောင်တို့အိမ်အတွင်းသို့ ခေါ်သွားလေသည်။ အိမ်အတွင်းမှာတော့ လူသူမနေတာ အတော်ကြာပြီ ဖြစ်သောကြောင့် အမှိုက်သရိုက်များ၊ ပင့်ကူမျှင်များနှင့် ဖုံများက ဒုတက်နေတော့သည်။

အိမ်အတွင်းမှာတော့ အလင်းရောင်အားနည်းလှသော မီးအိမ်တစ်လုံး ထွန်းထားလေသည်။

“လာကြကွယ်. . . ဒီနေရာက မိုးလေကွယ်တော့ နည်းနည်းသက်သာတယ်”

၎င်းတို့စခန်းချသောနေရာရောက်တော့ အသက်(၃၀)ကျော် အရွယ်ခန့် ရှိပြီး အသားမည်းမည်း၊ ဗလကောင်းကောင်းနှင့် အရုပ်ဆိုးလှသော လူတစ်ယောက်နှင့် အသက်နှစ်ဆယ်ကျော်အရွယ် ရုပ်ရည်အသင့်အတင့်ရှိသော အမျိုးသမီးတစ်ယောက်တို့ကို တွေ့ရသည်။

ထိုနေရာသို့ ရောက်သောအခါ နီမောင်တို့ကို လက်ဖက်ရည်ကြမ်းနှင့် ဧည့်ခံပြီး တစ်ယောက်နှင့်တစ်ယောက် မိတ်ဖွဲ့ကြလေသည်။

“ကျုပ်နာမည်က ဦးစိုင်းလူလို့ ခေါ်ပါတယ်၊ သူက ကျုပ်ရဲ့တူတော်တဲ့ ရွှေမင်းလို့ ခေါ်တယ်၊ ဒါက ကျုပ်ရဲ့သမီး မြသင်းကြည်လို့ ခေါ်ပါတယ်၊ ကျုပ်တို့က ရှမ်းပြည်ဘက်က လာကြတဲ့ ခရီးသွားတွေပါ”

“ဒါထက် ငါ့တူတို့က ဘယ်သူတွေလဲဟင်”

ဦးစိုင်းလူဆိုသောလူကြီးက ဖော်ဖော်ရွေရွေနှင့် မိတ်ဆက်နေသော်လည်း ရွှေမင်းဆိုသောလူ၏မျက်နှာပေါ်မှာတော့ စိတ်တိုင်းမကျသော အမူအယာဖြင့် သုန်မှုန်နေလေသည်။

သူ့ကြည့်ရသည်မှာ မမျှော်လင့်ဘဲ နီမောင်တို့ ရောက်လာသောကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေဟန်ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြည်ဆိုသော အမျိုးသမီးကတော့ တစ်စုံတစ်ခုကို စိုးရိမ်နေဟန်ဖြင့် နီမောင်တို့ကို မကြာခဏ လှမ်းကြည့်နေလေသည်။

"ဒါထက် ငါ့တူတို့ကရော ဘယ်က လာလို့ ဘယ်ကို သွားကြမှာလဲကွယ်"

"ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ သူက စောထီး၊ သူက ငမဲအောင်လို့ ခေါ်ပါတယ်၊ ကျွန်တော်တို့ မြတောင်ညိုရွာသားတွေပါ၊ မြတောင်ညိုရွာက ဒီနေရာနဲ့ သိပ်မဝေးလှပါဘူး၊ ကျွဲဥရှာမွေ့ရင်း ရောက်လာကြတာပါ"

"ငါ့တူတို့က ဒီနေရာနဲ့ မဝေးတဲ့ရွာမှာ နေတာဆိုတော့ ဒီနေရာနဲ့ ပတ်သက်ပြီး ဘာတွေများ သတင်းကြားထားတာများ ရှိသေးလဲ ပြောပါဦး"

ဦးစိုင်းလူက ရေနွေးကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်း ထည့်ပြီး နီမောင်တို့ဘက်သို့ တွန်းပေးကာ မေးလိုက်လေသည်။

"ကျွန်တော်တို့လည်း သိပ်တော့ မသိလှပါဘူး၊ အရင်ကတော့ ဒီနေရာမှာ သစ်တောစခန်း ဖွင့်ခဲ့ဖူးပါတယ်၊ နောက်ပိုင်း သစ်တောစခန်းပျက်သွားပြီးတဲ့နောက်မှာတော့ ဘယ်သူမှ လာမနေကြတော့ပါဘူး"

"ကျွန်တော်တို့ကတော့ သိပ်မသိပါဘူး၊ လူကြီးတွေ ပြောသံကြားရတာတော့ ပရလောကသားတွေ နှောင့်ယှက်တာ ကြမ်းလွန်းလို့ မနေနိုင်ကြဘဲ ပြောင်းပြေးရတယ်လို့ ကြားဖူးပါတယ်"

နီမောင်စကားကို အကုန်မပြောဘဲ သင့်သလောက်သာ ပြောပြလိုက်သည်။

"အေးပေါ့လေ. . . မင်းတို့က လူငယ်တွေဆိုတော့ ဘယ်သိပါ့

www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ဒါထက် နောက်ပိုင်းရော ဘာများ ကြားမိသေးသလဲကွယ်”

“သူတို့တတွေ ပြောင်းသွားပြီးကတည်းက ဒီနေရာကို ဘယ်သူမှ မလာဝံ့ကြတာနဲ့ မလာကြတော့ပါဘူး၊ ဒါထက် အဘတို့က ဒီနေရာကို ဘာကိစ္စနဲ့ လာကြတာလဲဟင်”

“အဘတို့က ပျားလိုက်သမားတွေပါ၊ ပုံတောင်ပုံညာဘက် ပျားအုံတွေ ပေါတယ် သတင်းကြားလို့ လာပြီး စနည်းနာကြည့်ကြတာပါ”

နီမောင်က အခန်းတွင်းသို့ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်သည်။

“ဒါထက် ဒီအိမ်ကြီးကို ရောက်နေတာ ဘယ်လောက်ကြာပြီလဲဟင်”

“တစ်ရက်နှစ်ရက်ပဲ ရှိပါသေးတယ်. . . ဘာဖြစ်လို့လဲဟင်”

“ဒီမှာ ဘယ်လိုအနှောင့်အယှက်မှ မတွေ့ရဘူးလားဟင်”

“အဘတို့က ဘုရားတရားနဲ့ နေကြတဲ့သူတွေဆိုတော့ ဘာအနှောင့်အယှက်မှ မတွေ့ရပါဘူးကွယ်၊ ကဲ. . . အချိန်လည်း မရှိတော့ဘူး၊ အပြင်မှာ မိုးလေကလည်း မစဲသေးတော့ ဒီမှာပဲ နားကြပေါ့”

ဟု ပြောသဖြင့် နီမောင်တို့သုံးယောက်မှာ ရင်းတို့နှင့် မလှမ်းမကမ်းနေရာမှာ နားကြလေသည်။

ညဦးပိုင်းအချိန်တွင် ဦးစိုင်းလူက အသံကျယ်ကျယ်နှင့် ဘုရားရှိခိုးနေပြီး ရွှေမင်းဆိုသောလူကတော့ စောင်ကို ခေါင်းမြီးခြုံကာ အိပ်နေသည်။

မြသင်းကြည်ကတော့ မီးအိမ်နားမှာ ထိုင်ရင်း နီမောင်ရှိရာသို့ မကြာခဏ လှမ်းကြည့်နေသည်။ နီမောင်က သူမအမူအယာ ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကို သောကရောက်နေသကဲ့သို့ ထင်မြင်မိလေသည်။

"နီမောင်. . ."

"ဘာလဲ. ."

"ဟိုအမျိုးသမီးက မင်းကို လှမ်းလှမ်းကြည့်နေတယ်၊ သူ့ကြည့်ရတာ တစ်ခုခုကို စိုးရိမ်နေတဲ့ပုံမျိုးပဲ"

ဟု စောထီးက ပြောသည်။

"သူ့အကြောင်းနဲ့သူ ရှိလို့ဖြစ်မှာပေါ့"

"နောက်တစ်ခု ကြည့်ရတာ ဟိုခေါင်းမြီးခြုံအိပ်နေတဲ့လူကို ငါသိပ်ပြီးမသင်္ကာဘူး၊ သူတို့ ဒီဘက်မှာ ပျားလာရှာတာဆိုတာ မဖြစ်နိုင်ဘူး၊ ပျားရှာတဲ့လူတွေက ပျားဖွပ်တဲ့ပစ္စည်းတွေလည်း ဘာတစ်ခုမှ မပါဘူး"

"တစ်နေရာမှာ ထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

နီမောင်က အရေးမကြီးသလို ပြောလိုက်သော်လည်း ကျန်နှစ်ယောက်ကတော့ စိတ်ချလက်ချ ရှိပုံမရကြပေ။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ဦးစိုင်းလူ၏ဘုရားရှိခိုးသံမှာ တိတ်သွားလေသည်။ တိတ်ဆိတ်နေသောအခန်းထဲမှာ ရွှေမင်းဆိုသူ အိပ်နေသောနေရာမှ ဟောက်သံများ ထွက်လာလေသည်။ မြသင်းကြည်ဆိုသော အမျိုးသမီးကတော့ ဦးစိုင်းလူအနီး၌ အညာစောင်ကလေး ခြုံကာ လှဲနေလေသည်။

သို့သော် အိပ်ပျော်နေဟန်တော့ မရှိပေ။ နီမောင်တို့သုံးယောက်လည်း တစ်နေကုန် ပင်ပန်းလာသောကြောင့် မီးတစ်ပုံမွှေးပြီး တစ်ရေးအိပ်ရန် ပြင်ကြလေသည်။ အခန်းတွင်းမှာ ထွန်းထားသော မီးအိမ်က ရေနံဆီ နည်းနေပြီဖြစ်သောကြောင့် အလင်းရောင်က မှိန်စ



www.burmeseclassic.com

www.burmeseclassic.com



မြူနေပြီ။ အပြင်ဘက်၌ မိုးက မစဲသေးသော်လည်း လေပြင်းတိုက်ခိုက်မှုများကတော့ ငြိမ်သက်သွားပေပြီ။

နီမောင်မှာ ယခုမှ တွေ့ရသော မြသင်းကြည်ဆိုသော အမျိုးသမီးအကြောင်းကို တွေးနေရင်း မှေးကနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ နားထဲမှာ အသံအချို့ ကြားရသဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။ ရေနံဆီတုန်သွားပြီဖြစ်သဖြင့် မီးအိမ်က ငြိမ်းသွားပြီဖြစ်ရာ အလင်းရောင် မရှိတော့ပေ။

သို့သော် အပြင်ဘက်မှ အလင်းရောင်အချို့က တစ်စွန်းတစ်စဝင်နေသောကြောင့် အတန်အသင့် မြင်ရသေးသည်။ စောထီးနှင့်ငမဲအောင်ကို ကြည့်လိုက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဟန်ရှိသည်။ ဦးစိုင်းလူတို့သုံးယောက် ရှိသောနေရာဘက်မှလည်း ဘာသံမှ မကြားရတော့ပေ။

ထိုအခိုက်မှာပင် အိမ်ရှေ့ဘက်မှာ ပိတ်ထားသည့် တံခါးချပ်ကြီးမှာ တကျွိကျွိနှင့် လှုပ်ယမ်းလာသည်၊ လေတိုက်သောကြောင့် လှုပ်ယမ်းခြင်းမျိုး မဟုတ်ဘဲ အပြင်ဘက်မှ တစ်စုံတစ်ယောက်က တွန်းနေသောကြောင့် လှုပ်ယမ်းနေခြင်းမျိုးဖြစ်သည်။

နီမောင်က အိပ်ယာမှ မထဘဲ လှမ်းကြည့်နေစဉ် တံခါးချပ်ကြီးနှစ်ချပ်က တကျွိကျွိနှင့် ပွင့်လာသည်။ ထိုအခါ အပြင်ဘက်မှ အလင်းရောင်အချို့က အခန်းတွင်းသို့ မှုန်ဝါးစွာ ထိုးကျလာသည်။

မရှေးမနှောင်းမှာပင် အပြင်ဘက်မှ လူတစ်ယောက် ဝင်လာသည်။ ထိုလူသည်အပေါက်ဝမှာ ရပ်ပြီး အခန်းတွင်းမှ အခြေအနေကို အတန်ကြာအောင် ကြည့်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ခြေလှမ်းမှန်မှန်နှင့် အခန်းတွင်းသို့ ဝင်လာပြီး အခန်း အလယ်မှာ ရှိသော ကုလားထိုင်တစ်လုံးပေါ်မှာ အခန့်သား ဝင်ထိုင် လိုက်သည်။

ထိုနေရာမှာ နီမောင် အိပ်နေသောနေရာနှင့် မဝေးလှပေ၊

အခန်းထဲမှာ မှောင်နေသောကြောင့် သဲသဲကွဲကွဲ မမြင်ရသော ကြောင့် အသက်ကြီးကြီး လူတစ်ယောက် ဖြစ်မည်ဟုတော့ ခန့်မှန်းမိ သည်။

ထိုလူက ကုလားထိုင်ပေါ်မှာ ထိုင်မိပြီးသည်နှင့် အိတ်ထဲမှာ အသင့်ယူဆောင်လာသော ဆေးတံတစ်ချောင်းကို ထုတ်ကာ ဆေးဖြည့် ခြင်း၊ မီးခြစ်ဆံဖြင့် မီးညှိခြင်းများကို တစ်ခုပြီးတစ်ခု လုပ်နေလေသည်။ မီးခြစ်ဆံမှ မီးရောင်ကြောင့် ၎င်း၏မျက်နှာကိုတော့ တစ်စွန်းတစ်စ မြင်လိုက်ရသည်။

သို့သော် သူ မသိသော လူတစ်ယောက်၏မျက်နှာပင် ဖြစ် သည်။

ထိုလူကား အခန်းထဲမှာ နီမောင်တို့ ရှိနေသည်ကို လုံးဝအမှု မထားဘဲ ဆေးတံကိုသာ မီးညှိပြီး စိမ်ပြေနပြေ သောက်နေရာ အထူး အဆန်းသဖွယ် ရှိနေတော့သည်။ အတန်ကြာသောအခါ အပြင်ဘက်မှ ဝင်လာသောခြေသံကို ကြားရသဖြင့် လှမ်းကြည့်လိုက်ရာ နောက်ထပ် လူတစ်ယောက် ဝင်လာသည်ကို မြင်ရပြန်သည်။

ထိုလူဝင်လာသည်ကို ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဆေးတံ သောက်နေသူက မြင်ဟန်မတူပေ။

အပြင်မှ ဝင်လာသူက အရပ်အမောင်းကောင်းရုံမက ကိုယ်လုံး ကိုယ်ထည်ကလည်း ထွားကျိုင်းလှသည်။ ထိုလူက ဆေးတံသောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သူ့အနားသို့ လျှောက်သွားပြီး ဘာမပြောညာမပြောနှင့် သောက်နေသောဆေးတံကို လုကာ ကုလားထိုင်ပေါ်မှ လူ၏ပါးစပ်တွင်းသို့ အတင်းထိုးထည့်နေသည်ကို မြင်နေရသည်။

"ဟင်"

နီမောင်က တအံ့တဩနှင့် ထိတ်လန့်နေစဉ် နှစ်ယောက်စလုံး လုံးထွေးကာ ကြမ်းပေါ်သို့ လဲကျသွားလေသည်။ ထိုလူနှစ်ယောက် လုံးထွေးသတ်ပုတ်နေသည်မှာ အတော်ကြာသည်။ ထိုကဲ့သို့ ရုတ်ရုတ်သဲသဲ ဖြစ်နေသော်လည်း ဦးစိုင်းလူတို့သုံးယောက်နှင့် စောထီးနှင့်ငမဲအောင်တို့ မနိုးကြသည်ကတော့ အံ့ဩစရာဖြစ်သည်။

ထိုမြင်ကွင်းကို မြင်နေရသည်မှာ နီမောင်တစ်ယောက်တည်းပင်ဖြစ်သည်။ အတန်ကြာသောအခါ လုံးထွေးသတ်ပုတ်သူ နှစ်ယောက်မှာ ငြိမ်ကျသွားသည်။

ခဏကြာတော့ တစ်ယောက်က အပြင်သို့ ပြန်ထွက်သွားပြီး တစ်ယောက်က ကြမ်းပေါ်မှာ လဲကျန်ခဲ့လေသည်။ နီမောင်က အိပ်ယာမှ ကပျာကယာ ထကာ လဲနေသူ ရှိရာသို့ ပြေးသွားသည်။ ထိုလူမှာ မလှုပ်မယှက် ငြိမ်သက်နေချေပြီ။

"ခင်ဗျားဘာဖြစ်သွားသေးလဲ. . . ဘာဖြစ်သွားသေးလဲ"

မေးသော်လည်း ပြန်မပြောနိုင်တော့ပေ။

အဘယ်ကြောင့်ဆိုသော် ၎င်း၏လည်ချောင်းအတွင်းမှာ ဆေးတံကြီးတစ်ချောင်းက ဆေးအိုးပေါ်ရုံအထိ မြုပ်ဝင်နေသောကြောင့်ပင် ဖြစ်သည်။ ထိုလူမှာ မျက်လုံးပြူးထွက်ကာ သေဆုံးနေပြီဖြစ်သည်။

"ဟာ. . . လုပ်ကြပါဦး. . . ထကြပါဦး၊ ဒီမှာ လူတစ်ယောက် သေနေပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ကာ လိုက်နှိုးတော့မှ အိပ်ပျော်နေသူများ နိုးလာကြတော့သည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

ဦးစိုင်းလူက လှမ်းမေးသည်။

"ဟိုနားမှာ လူတစ်ယောက် သေနေပြီဗျ"

"ဘာလို့ သေရတာလဲ"

"လူတစ်ယောက်က သူ့လည်ချောင်းထဲကို ဆေးတံကြီး အတင်းထိုးသွင်းသွားလို့ လည်ချောင်းပိတ်ပြီး သေနေတာဗျ"

ထိုစကားကြားသောအခါ ဦးစိုင်းလူက အရေးမကြီးသောဟန်ဖြင့် ဆေးလိပ်ကို မီးညှိဖွာကာ အေးအေးဆေးဆေး သောက်နေသည်။ ရွှေမင်းဆိုသောလူကလည်း အိပ်ပျော်ရာမှ နိုးသွားသဖြင့် စိတ်တိုသော အမူအယာဖြင့် တစ်ချက်လှမ်းကြည့်ပြီး စောင်ကို ခေါင်းမြီးခြုံကာ ပြန်အိပ်လေသည်။ မြသင်းကြည်က အနားမှာ လာထိုင်နေသည်။

"မင်းက အခုမှ တွေ့ရတာဆိုတော့ အထူးအဆန်းဖြစ်နေတာပါ။ အဘတို့ကတော့ ဒီအိမ်ကြီးရောက်ကတည်းက ညတိုင်း တွေ့မြင်နေရတာဆိုတော့ မဆန်းတော့ပါဘူး"

ဟု ပြောသည်။

"ဗျာ. . . လူတစ်ယောက် သေနေတာတောင် အဆန်းမဟုတ်ဘူး. . . ဟုတ်လား အဘ"

"အဲ့ဒီလူက ညတိုင်း သေနေတာဆိုတော့ ဘယ်မှာ ဆန်းတော့မလဲကွယ်၊ မင်းမယုံရင် စောစောက သေတဲ့နေရာ သွားကြည့်ပါလား"

နီမောင်က အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက မယုံသေးဘူးထင်တယ်၊ မင်းမြင်တာကို ငါပြောပြမယ်၊ ညက အမှောင်ရိပ်တွေ ကျနေတဲ့အချိန်မှာ အပြင်ဘက်က လူတစ်ယောက်က တံခါးဖွင့်ပြီး အတွင်းကို ဝင်လာတယ်၊ အထဲရောက်တော့ အခန်းအလယ်မှာ ရှိတဲ့ကုလားထိုင်မှာ စတိုင်ကျကျ ထိုင်ပြီး ဆေးတံသောက်နေတယ် မဟုတ်လား"

"ဒီအတိုင်းပါပဲ"

"အဲ့ဒီလို သောက်နေတုန်း အပြင်ဘက်က အရပ်အမောင်းတောင်းတဲ့ လူကြီးတစ်ယောက် ဝင်လာပြီး ဆေးတံသောက်နေတဲ့သူဆီကို သွားတယ်၊ ပြီးတော့ ဆေးတံကို အတင်းလုတယ်၊ နှစ်ယောက်သားလုံးထွေးပြီး ကြမ်းပေါ်ကို ကျသွားတယ်မဟုတ်လား"

"အဘပြောတဲ့အတိုင်းပါပဲ"

"အဲ့ဒီလို ကျသွားပြီး အတော်လေး ကြာတော့ တစ်ယောက်က ကြမ်းပြင်ပေါ်မှာ လဲကျန်နေခဲ့တယ်၊ တစ်ယောက်က အပြင်ပြန်ထွက်သွားတယ်၊ သွားကြည့်တော့ လဲနေသူရဲ့လည်ချောင်းထဲမှာ ဆေးတံကြီးစို့နေပြီး သေနေတာကို တွေ့ရတယ်မဟုတ်လား"

"အဘက အဲ့ဒါတွေကို ဘယ်လိုသိတာလဲဟင်"

"ငါတို့ ဒီအိမ်ကြီးထဲကို ရောက်ကတည်းက ညတိုင်း တွေ့နေတာပဲကွ၊ မသိဘဲ ရှိပါ့မလား၊ သေသွားတဲ့လူက တခြားမဟုတ်ဘူး၊ သစ်တောဝန်ထောက် ဦးနေဒွန်းဆိုတဲ့လူပဲ၊ သူ့ကို သတ်သွားတဲ့လူက သစ်တောဝန်ထောက် ကာလ်တန်ဆိုတဲ့ မျက်နှာဖြူတစ်ယောက်ပဲကွ"

ထိုစကားကြောင့် နီမောင်မှာ များစွာအံ့ဩသွားလေသည်။

"ငါက ဒီလိုပြောတာ မင်းသိပ်ပြီးအံ့ဩသွားတယ် မဟုတ်လား၊ ငါကလည်း သိချင်လို့ သိနေတာ မဟုတ်ပါဘူးကွာ၊ အရင်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



မြတောင်ညို သစ်တောစခန်းမှာ တောအုပ်အဖြစ် အလုပ်လုပ်သွားခဲ့တဲ့ ဦးသာအောင်ဆိုတာ ငါတို့ရဲ့သားချင်းမကင်းဘူးလေ။ သူ့အလုပ်က အနားယူပြီး ငါတို့ဆီ ရောက်လာတော့ ဒီအကြောင်းတွေကို ပြောပြသွားလို့ ဂဃနဏ သိရတာပါ"

ဟု ရှင်းပြခဲ့သည်။ ထိုအခါမှ ဦးစိုင်းလူတို့မှာ မြတောင်ညိုမှ ဗိုလ်တဲပျက်ကြီးအကြောင်းကို ဘုမသိဘမသိနှင့် ဝင်ရောက်တည်းခိုနေကြခြင်း မဟုတ်ဘဲ ထိုနေရာနှင့် ပတ်သက်သည့်အကြောင်းကို အတော်အတန် သိထားပြီးမှ လာရောက်ခြင်းဖြစ်ကြောင်း ရိပ်မိလေတော့သည်။

"မင်း ငါပြောတာ မယုံရင် စောစောက နေရာကို သွားကြည့်ပါအုံး. . . အလောင်းရှိသေးရဲ့လားလို့"

ဟု ပြောသဖြင့် စောစောကနေရာသို့ သွားပြန်သောအခါ မည်သည့်ပစ္စည်းမှ ခြေရာလက်ရာ မပျက်ဘဲ ရှိနေရုံမက ကြမ်းပြင်ပေါ်မှာ အလောင်းလည်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

# သစ်စုန်းပင်သက်သေ

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် မိုးလေကင်းသွားပြီ ဖြစ်သောကြောင့် နီမောင်တို့သုံးယောက်က တောအတွင်းသို့ပြန်ထွက်သွားကြလေသည်။ ထိုအခါ ရွှေမင်းဆိုသူက စောင်ခေါင်းမြီးခြုံပြီး အိပ်နေရာမှ ထလာသည်။

"ခင်ဗျားက သူတို့ကို ဘာကြောင့် ဒီကအကြောင်းတွေ အကုန်ပြောလိုက်ရတာလဲ"

ဟု အပြစ်တင်သော လေသံဖြင့် ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလို ပြောလိုက်တော့ ကြောက်ပြီး မြန်မြန်ပြန်ပြေးသွားတာပေါ့ကွာ. . . မကောင်းဘူးလား"

အဘိုးကြီးက အရေးမကြီးသော အမူအယာဖြင့် ပြန်ပြောလိုက်သည်။

"သူတို့ကြည့်ရတာ ဒီလိုလျှောက်ပြောတိုင်း ကြောက်မယ့်ရုပ်မျိုးတွေ မဟုတ်ဘူးဗျ။ ဟိုနီမောင်ဆိုတဲ့လူက မသင်္ကာတဲ့အကြည့်နဲ့တောင် ကြည့်နေသေးတယ်၊ တော်ကြာ ကျုပ်တို့ကို မှတ်မိသွားရင် မခက်ဘူးလား"

"ဒီလောက်လဲ စိုးရိမ်မနေပါနဲ့ ဘဇံရယ်၊ မင်းလဲ တောခေါင်းအလုပ်က ထွက်ခဲ့တာ ကြာပြီပဲ၊ မင်းကို မြင်လဲ မှတ်မိကြမယ် မဟုတ်တော့ပါဘူး"

ဦးစိုင်းလူက အေးအေးဆေးဆေးပင် ပြောသည်။ တကယ်တော့ ရွှေမင်းဟု အမည်ပြောင်းထားသောလူမှာတစ်ချိန်က မြတောင်ညို သစ်တောစခန်းတွင် တောခေါင်းတာဝန်ဖြင့် နှစ်ပေါင်းအတော်ကြာ အလုပ်လုပ်ခဲ့ဖူးသူဖြစ်ရာ ဗိုလ်တဲအိမ်၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို သိခဲ့သူတစ်ဦးဖြစ်လေသည်။

"ဒါထက် ဦးသာအောင်ဆီက ကြားခဲ့ရတဲ့သတင်းကရော အသေအချာပဲ မဟုတ်လား"

"သေချာပါတယ်ကွာ. . . သာအောင်ကတော့ ငါ့ကို မဟုတ်တာတွေ ပြောခဲ့ပါ့မလား၊ သူသေခါနီးအချိန် ငါ့ဆီ ရောက်လာတော့ အတော်ကလေး ပြုစုလိုက်ရတယ်၊ အဲ့ဒီကျေးဇူးကြောင့် သူသိသွားတဲ့ သစ်တောဝန်ထောက် ကာလ်တန်နှင့် ပတ်သက်သည့် လျှို့ဝှက်ချက်တွေအားလုံးကို ပြောပြသွားခဲ့တာပဲ"

www.burmeseclassic.com



ဦးစိုင်းလူနှင့် တောအုပ်သာအောင်တို့မှာ ဆွေမျိုးသားချင်းတော်စပ်ကြသူများဖြစ်ကြသည်။ ဦးသာအောင်သည် အလုပ်မှ ထွက်ပြီးနောက် တောတွင်းမှ စွဲကပ်လာသော ငှက်ဖျားရောဂါကြောင့် အသက်သေခါနီးအချိန်တွင် ဦးစိုင်းလူတို့သားအဖ ရှိရာသို့ ရောက်လာလေသည်။ ၎င်းတို့သားအဖက အစွမ်းကုန် ကုသပေးသော်လည်း မရတော့ပေ။

"ကျုပ်ကို အခုလို ကုပေးတာ ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်၊ ဒါပေမယ့် ကျုပ်ရောဂါက ကျွမ်းနေပါပြီ. . . မရတော့ပါဘူး၊ မသေခင် အစ်ကိုကြီးကို ပြောစရာရှိတာ ပြောသွားခဲ့ပါမယ်"

"ဘာများလဲ သာအောင်ရဲ့"

"တခြားတော့ မဟုတ်ပါဘူး၊ အစ်ကိုကြီးတို့သားအဖ ဆင်းရဲတွင်းကနေ လွတ်ပြီး ချက်ချင်းချမ်းသာသွားနိုင်တဲ့ကိစ္စကို ပြောခဲ့မှာပါ"

ထိုစကားကြောင့် ဦးစိုင်းလူမှာ များစွာစိတ်ဝင်စားသွားလေသည်။

"ကျုပ်က မြဲတောင်ညို့ သစ်တောစခန်းမှာ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သူဆိုတော့ သစ်တောဝန်ထောက်တွေနဲ့ ပတ်သက်တဲ့အကြောင်း အတော်များများကို သိခဲ့ရတယ်"

"ဘာတွေများလဲ သာအောင်ရဲ့"

"မစ္စတာကာလ်တန်ဆိုတဲ့ သစ်တောဝန်ထောက်လက်ထက်မှာသူက မြဲတောင်ညို့ သစ်တောစခန်းက ထွက်တဲ့ ကျွန်းသစ်အတော်များများကို အလုပ်သမားတွေနဲ့ ပေါင်းပြီး စီးပွားရေးကုန်သည်တွေကို ရောင်းခဲ့တယ်၊ အဲဒီလို အဖိုးတန်သစ်တွေကို ရောင်းရတဲ့ ရွှေနဲ့ငွေတွေကို တစ်နေရာရာမှာ ဖွက်ထားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ဖွက်ခဲ့တာလဲ"

"ဖွက်ထားတဲ့နေရာတော့ ကျုပ်လဲ သေသေချာချာ မသိရဘူး၊ ဒါပေမယ့် ဗိုလ်တဲအိမ်ကြီးနဲ့ အနီးတဝိုက်မှာဆိုတာတော့ အသေအချာပဲ"

"နောက်တော့ ဘာဖြစ်သွားလဲ"

"သူက ကုလားလူမျိုး အလုပ်သမားအချို့ကို လူယုံအဖြစ် ထားပြီး ဒီအကြောင်းတွေကို လုပ်ခိုင်းတယ်၊ နောက်ပိုင်း သူ့အကြောင်းတွေကို ပေါ်မှာစိုးလို့ အလုပ်သမားတွေကို သူကိုယ်တိုင် သတ်ပစ်ခဲ့တယ်"

"တယ်လဲ ယုတ်မာပါလား၊ ဘယ်လိုဘယ်နည်းနဲ့ သတ်ခဲ့တာလဲ"

"အဲ့ဒီအလုပ်သမားတွေကို မြေအောက်ခန်းထဲ ခေါ်ပြီး မေ့ဆေးအရင်တိုက်တယ်၊ ပြီးမှ မလှုပ်သာအောင် သံကြိုးတွေနဲ့ တုပ်နှောင်ပြီး မျက်လုံးဖောက် လျှာဖြတ် ရင်ခွဲ အူအသည်းတွေ နှုတ်ပြီး သတ်ပစ်ခဲ့တာ"

"တယ်ကြောက်စရာကောင်းပါလား"

"နောက်တော့ သူလဲ ပြန်ပြီးဝဋ်လည်တာပါပဲ၊ သေသွားတဲ့ ဝိညာဉ်တွေ ပရလောကသားတွေလက်ချက်နဲ့ပဲ အသေဆိုးနဲ့ သေသွားခဲ့ရတယ်၊ သူသေတော့ လည်ပင်းမှာ လက်ငါးချောင်းအရာကြီး တွေ့ရတယ်"

"ဒါထက် သူသေသွားပြီးတော့ သူရောင်းရတဲ့ ရွှေငွေတွေက ဘယ်မှာ ကျန်ခဲ့တာလဲ"

"ကျုပ်အထင်ပြောရရင်တော့ ဗိုလ်တဲအိမ်ကြီးရဲ့တစ်နေရာမှာ ရှိချင်ရှိ၊ မရှိရင်တော့ အနီးပတ်ဝန်းကျင်တစ်နေရာမှာ ရှိမှာ အသေ


www.burmeseclassic.com

www.burmeseclassic.com



အချာပဲ”

“ရှိတာကတော့ ဟုတ်ပါပြီ ငါက အဲ့ဒီနေရာတွေကို တစ်ခေါက်မှ မသွားလာဖူးတော့ ခက်တယ်၊ အဲ့ဒီနေရာကို ကျွမ်းကျင်တဲ့သူ တစ်ယောက်ပါရင် ပိုပြီးအဆင်ပြေမယ်”

“ဒီလိုဆိုရင် လူတစ်ယောက်ဆီကို စာရေးပေးလိုက်မယ်၊ သူက အရင်တုန်းက ကျုပ်လက်အောက်မှာ အလုပ်လုပ်ခဲ့ဖူးတယ်၊ တောခေါင်း ဘဇံဆိုတဲ့သူပဲ၊ သူလဲ အရင်က ဒီအကြောင်းတွေကို တစွန်းတစသိထားလေတော့ သူနှင့် ပူးပေါင်းလိုက်ရင် အဆင်ပြေသွားလိမ့်မယ်”

“အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ကွာ”

“ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်မယ်၊ အဲ့ဒီနေရာမှာ သွားတဲ့လူတွေရဲ့ဝိညာဉ်တွေက ရှိနေတော့ ခြောက်လှန့်မှုတော့ ခံရလိမ့်မယ်”

“ငါက ဒါမျိုးတွေ မကြောက်တတ်ပါဘူးကွာ”

ဟု ပြန်ပြောလိုက်လေသည်။ နောက်ပိုင်း ဦးသာအောင် သေ[illegible]သွားသဖြင့် ကောင်းမွန်စွာ သဂြိုဟ်ပေးပြီးနောက် ဦးစိုင်းလူတစ်[illegible]ယောက် ခရီးထွက်ရန် ပြင်ဆင်လေတော့သည်။ ထိုအခါ သမီးဖြစ်သူ [illegible]ည်းကြည်က တားသည်။

“အဘရယ်. . . ဒီလောက်အန္တရာယ်များတဲ့အလုပ်ကို မလုပ်[illegible]ပါနဲ့လား၊ ကျွန်မတို့ အခုလိုဘဝနဲ့ အေးအေးချမ်းချမ်း နေရင်လဲ [illegible]နဲ့”

“ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ အခွင့်အရေးဆိုတာ နှစ်ခါပြန်[illegible]ဘူး၊ အခုလို ချမ်းသာမယ့် အခွင့်အရေး ရတုန်း စွန့်စားရမှာပေါ့”

“အဘက အသက်အရွယ်လည်း ကြီးပြီဆိုတော့ ကျွန်မတ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလိုအလုပ်မျိုးတွေ မလုပ်စေချင်ဘူး"

"ဒီအလုပ်က ဘာမှမခက်ခဲလှပါဘူး၊ အောင်မြင်သွားရင် ငါ့သမီး ချမ်းချမ်းသာသာ နေရမှာကွယ်"

ထိုသို့နှစ်သိမ့်စကား ပြောပြီး နေရပ်မှ ထွက်ခဲ့ကြသည်။

ပခုက္ကူသို့ ရောက်သောအခါ ဦးသာအောင် ပေးလိုက်သည့် လိပ်စာအတိုင်း သွားရှာရာ ဘဇံနှင့် တွေ့ရသဖြင့် အကြောင်းစုံ ပြောပြလိုက်သောအခါ ၎င်းကလည်း စိတ်ဝင်စားသောကြောင့် ပုံတောင်ပုံညာသို့ အတူတကွ ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။ လမ်းရောက်တော့ ဘဇံက ပြောသည်။

"ကျွန်တော်က မြတောင်ညိုမှာ အတော်ကြာကြာ နေခဲ့ဖူးတော့ အချို့က ကျွန်တော့်ကို မြင်ရင် မှတ်မိချင် မှတ်မိကြလိမ့်မယ်၊ ဒါကြောင့် နည်းနည်းတော့ ရုပ်ဖျက်သွားမှ ဖြစ်မယ်၊ နာမည်ကိုလည်း ဘဇံလို့ မခေါ်ဘဲ ရွှေမင်းလို့သာ ခေါ်ပါ"

ဟု ပြောဆိုတိုင်ပင်ထားကြလေသည်။

ဤသို့ဖြင့် လိုအပ်သောပစ္စည်းများကို ရှာဖွေစုဆောင်းပြီး ပုံတောင်ပုံညာဘက်သို့ ပျားလိုက်သမားများအသွင်ဖြင့် ခရီးထွက်ခဲ့ကြလေသည်။ ထိုခရီးစဉ်မှာ သူတို့အတွက် အခက်အခဲတော့ မရှိလှပေ။ ဘဇံက ထိုနေရာတစ်ဝိုက်တွင် လှည့်လည်သွားလာခဲ့ဖူးသောကြောင့် သူကပင် ဦးဆောင်သွားလေသည်။

ဗိုလ်တဲအိမ်ပျက်ကြီးသို့ ရောက်သောအခါ စတည်းချ... ကာလ်တန်သို့ ဝှက်ထားခဲ့သောရွှေငွေများကို ရှာဖွေကြလေသည်။ ထိုသို့ ရှာဖွေသောရက်အတွင်းမှာ ညဉ့်အချိန် ရောက်လေသည့်နှင့် ပရလောကသားတို့၏ခြောက်လှန့်မှုအမျိုးမျိုးကို ကြုံတွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်နှစ်ယောက်က ကြံ့ကြံ့ခံနိုင်ကြသော်လည်း မိန်းမသား ဖြစ်သော မြသင်းကြည်ကတော့ များစွာကြောက်ရွံ့ထိတ်လန့်မှုဖြစ်လေသည်။

ယခု သူတို့ ဗိုလ်တဲပောင်းကြီးသို့ ရောက်နေကြသည်မှာ ငါးရက်ခန့် ရှိနေပါပြီ။ ယခုအချိန်အထိတော့ ကာလ်တန် မြှုပ်နှံထားသော ရွှေငွေများကို မတွေ့ကြရသေးပေ။ နောက်ဆုံး မြေအောက်အခန်း အနံ့ ရှာရုံမက ယခင်က လူသေများ ပစ်ချခဲ့သော တွင်းပေါင်းထဲသို့ ဝင် ဆင်းရှာကြလေသည်။ ထိုအထဲတွင် လူအရိုးများသာ တွေ့ရပြီး ရွှေငွေများကိုတော့ မတွေ့ရသေး။

"ဦးသာအောင်နှင့်ကျွန်တော်နှင့် အတော်ကြာအောင် အလုပ်လုပ်ခဲ့ဖူးတယ်၊ သစ်တောဝန်ထောက်ကာလ်တန်နှင့် ဦးနေဒွန်းတို့ သေကြတဲ့အချိန်မှာ ကျုပ်တို့ ဒီမှာရှိနေခဲ့ကြတယ်"

"ဦးသာအောင်က ဝန်ထောက်အဆက်ဆက် အလုပ်လုပ်ခဲ့တဲ့သူဆိုတော့ အားလုံးက သူ့ကို ယုံကြည်မှု ရှိခဲ့တယ်၊ သူကတော့ မဟုတ်တာတွေ ပြောခဲ့မှာမဟုတ်ဘူး"

"ငါတို့ အိမ်ထဲမှာချည်း ရှာနေလို့ အကြောင်းမထူးရင် ဗိုလ်တဲ ပတ်ဝန်းကျင်တစ်ဝိုက် ရှာထွက်ကြရအောင်"

ဟု ဦးစိုင်းလူက အကြံပေးသဖြင့် ဗိုလ်တဲအိမ်ကြီး ပတ်ဝန်းကျင် သို့ လိုက်လံရှာဖွေကြလေသည်။ နေ့ဘက်တွင် အပြင်ထွက်ရှာကြသည့် အခါ မြသင်းကြည်က ဗိုလ်တဲအတွင်းမှာပင် စောင့်လျက် ကျန်ခဲ့လေသည်။ တစ်ရက်နှစ်ရက်ကြာတော့ မြသင်းကြည်က ဦးစိုင်းလူကို သတိပေးသည်။

"အဘ. . . အခုပါလာတဲ့လူကို သိပ်ပြီးစိတ်ချလှတ်ချ မထားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ချော် ချူကြည့်ရတာ တောက်ကျစ်တဲ့ပုံမျိုး ရှိတယ်"

"မဒူပါနဲ့ သမီးရယ်၊ အဘ သတိထားပါ့မယ်"

နောက်တစ်နေ့တွင် ဦးစိုင်းလူနဲ့ဘဖုတို့နှစ်ယောက်မှာ ပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေရင်း သစ်ပင်ခြောက်ကြီး ရှိရာ တောင်ကုန်းနားတစ်ဝိုက်သို့ ရောက်သွားကြသည်။

"ဟိုတောင်ကုန်းပေါ်မှာ မြင်နေရတဲ့သစ်ပင်ကြီးက မကောင်းဆိုးဝါးကြီး ရပ်နေတဲ့အတိုင်းပါလား။ ကြည့်ရတာနဲ့တင် ကြောက်စရာပါလား"

"အဲ့ဒီသစ်ပင်ကြီးက ဟိုတုန်းကတည်းက ရှိနေတာ အဘပြောမှ သတိရတယ်၊ ကာလ်တန် မသေခင်တုန်းက အဲ့ဒီဘက်ကို မကြာခဏ သွားတာကို တွေ့ဖူးတယ်"

"ဒီလိုဖြင့်လည်း အခြေအနေ သိရအောင် အပေါ်တက်ကြည့်ကြရအောင်"

ဟု ပြောကာ သစ်ပင်ရှိရာသို့ တက်ခဲ့ကြသည်။ ထိုသစ်ပင်ကြီးအောက်မှာ သစ်မြစ်သစ်ဆုံနှင့် ချုံပုတ်များစွာ ရှိနေကြသည်။ ထိုနေရာရောက်မှ သစ်ပင်ကြီး၏ပုံသဏ္ဍာန်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင်အပေါ်မှ ငုံ့ကြည့်နေသည်နှင့် တူသည်ကို သတိပြုမိကြသည်။

"ဒီသစ်ပင်ကြီးကလည်း ကျက်သရေ တုံးလိုက်တာ၊ တကယ်ကို သစ်စုန်းပင်ကြီးတစ်ပင်အတိုင်းပါပဲ"

ဟု ဦးစိုင်းလူက စိတ်မသက်သာဟန်ဖြင့် ညည်းညူလိုက်သည်။

"ဟုတ်တယ်. . . အရင်တုန်းက ဒီနေရာကို သစ်စုန်းပင်ကုန်းလို့ ခေါ်ကြတယ်၊ တစ္ဆေသရဲတွေ ခြောက်လှန့်မှု များလို့ ဘယ်သူမှ အသွားအလာ မလုပ်ကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား သစ်ပင်ခြေတစ်ဝိုက်ကို လိုက်လံရှာဖွေကြသော်လည်း ပင်ပန်းတာပဲ အဖတ်တင်ပြီး ရွှေငွေပစ္စည်းနှင့် ပတ်သက်၍ ဘာမှမတွေ့ကြရပေ။

"သာအောင် သေခါနီး ကယောင်ကတမ်းတွေများ ပြောသွားခဲ့သလား မသိဘူး၊ အခုလောက် ရှာနေတာတောင် တစ်ခုမှ မတွေ့သေးဘူး"

"လာပြီးမှတော့ တစ်ရက်နှစ်ရက်လောက်တော့ ရှာကြည့်ကြသေးတာပေ့ါ၊ မတွေ့တဲ့အဆုံးမှပဲ ပြန်ချင်ပြန်တော့ပေါ့"

ဘဇံက ပြောသဖြင့် ဦးစိုင်းလူက သဘောတူလိုက်သည်။ သို့စေကာမူ သူ့အနေနှင့် အသက်အရွယ်ကြီးရင့်ပြီဖြစ်သောကြောင့် ပင်ပန်းမှုဒဏ်ကို မခံနိုင်အောင်ဖြစ်နေတော့သည်။ သို့ကြောင့် သစ်ခေါက်ပင်ကြီး အနီးတစ်ဝိုက်တွင် စိတ်ထင်သောနေရာများကို ခုတ်ထွင် ဖယ်ရှား တူးဆွရှာပြီး မောပန်းလာသောအခါ မနီးမဝေးရှိ သစ်ပင်ရိပ်တစ်ခုသို့ သွားကာ နားကြသည်။

ဦးစိုင်းလူမှာ မောပန်းလွန်းသဖြင့် အရိပ်ကောင်းသော သစ်ပင်အောက်သို့ ရောက်သောအခါ မြေပေါ်သို့ လှဲချလိုက်ရာ ခဏချင်းမှာပင် အိပ်ပျော်သွားလေတော့သည်။ ဘဇံကတော့ မအိပ်ဘဲ ထိုင်နေလေသည်။ ထိုအခိုက်မှာပင် သစ်ခေါက်ပင်ကြီးပေါ်မှ လိပ်ပြာနက်ကြီးတစ်ကောင် ပျံဝဲဆင်းနေပြီး အိပ်ပျော်နေသော ဦးစိုင်းလူ နဖူးပေါ်သို့ လာနားနေသည်။

ဘဇံက ဦးစိုင်းလူ ပြန်နိုးလာမလားဟု စောင့်ကြည့်နေသော်လည်း ဦးစိုင်းလူက မနိုးပေ။

ခဏကြာသော် လိပ်ပြာနက်ကြီးက ဦးစိုင်းလူနဖူးပေါ်မှ ထပျံ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သစ်ခြောက်ပင်ကြီး တစ်နေရာသို့ သွားနားနေသည်ကို လှမ်းမြင်ရသည်။ ထိုနေရာမှာ လူတစ်ယောက် ဝမ်းဗိုက်ပူနေသကဲ့သို့ စူထွက်နေသည့် ကျိုးပေါင်းတက်နေသည့်နေရာပင်ဖြစ်သည်။

ခဏနေတော့ လိပ်ပြာနက်ကြီးက ပြန်လာပြီး ဦးစိုင်းလူ နဖူးပေါ်မှာ လာနားပြန်သည်။ ဤသို့ဖြင့် သုံးကြိမ်သုံးခါတိုင်အောင် ထပျံသွားလိုက် သစ်ပင်မှာ သွားနားလိုက်နှင့် လုပ်နေပြီးနောက် တစ်ကြိမ်လာနားသောအခါမှာ လိပ်ပြာက ဘယ်လိုလုပ်လိုက်သည် မသိပေ. . ။

ဦးစိုင်းလူမှာ စူးစူးဝါးဝါး အော်ပြီး ပြန်နိုးလာသည်။

"အား. ."

"ဘာဖြစ်တာလဲ အဘ. . . ဘာဖြစ်တာလဲ"

"ငါ့နဖူးကို အကောင်တစ်ကောင်ကောင်က လာကိုက်လိုက်သလိုပဲ"

"စောစောကတော့ အဘနဖူးပေါ်မှာ လိပ်ပြာနက်ကြီး တစ်ကောင် လာနားနေတာ တွေ့ရတယ်၊ အခုတော့ ပျံသွားပြီ"

"ဟင်. . . လိပ်ပြာနက် ဟုတ်လား"

"ဟုတ်တယ်. . . ဘာဖြစ်လို့လဲဟင်"

"အိပ်ပျော်သွားတုန်း အိပ်မက်မက်နေသလိုနဲ့ လိပ်ပြာနက်တစ်ကောင်ကို တွေ့နေရတယ်"

"ဟင်. ."

"အဲ့ဒီလိပ်ပြာနက်က ငါ့ကို ခေါ်သွားပြီး ကာလတန် ဝှက်ထားခဲ့တဲ့ရွှေငွေတွေကို ခေါ်ပြပေးတယ်"

"ဘယ်နေရာမှာလဲ"

"ဟိုသစ်ပင်ကြီးရဲ့အခေါင်းထဲမှာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းလူက သစ်ပင်ကြီး၏စူထွက်နေသောနေရာသို့ လက်ညှိုး ထိုးပြသည်။

"တိုက်ဆိုင်လိုက်တာ. . . စောစောက လိပ်ပြာနက်ကြီး နား နေတာလည်း အဲဒီနေရာပဲ အဘ၊ လာ. . . သွားကြည့်ကြရအောင်"

နှစ်ယောက်သား သစ်ခြောက်ပင်ကြီးအောက်သို့ တစ်ကျော့ ပြန်တက်လာကြသည်။

သစ်ပင်အောက် ရောက်သောအခါ သစ်ခေါင်းပေါက် တွေ့လို တွေ့ငြား ပတ်ရှာကြည့်တော့လည်း မတွေ့ကြရပေ၊ သစ်ပင် ပင်စည်မှာ တော့ ကျီးပေါင်းတက်နေသည့် ဘုကြီးကိုသာ တွေ့ရသည်။

အတန်ကြာတော့ သစ်တောလုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ခဲ့ သော ဘဇံက တစ်စုံတစ်ခုကို သတိရသွားသဖြင့် ကျီးပေါင်းတက်နေ သော ဘုကြီးကို ဓါးမြှောင့်ဖြင့် ထုလိုက်ရာ သစ်ခေါင်းရှိသောအသံ ကြားရသည်။

"ဒုံ. . . ဒုံ. . . ဒုံ"

"ဒီနေရာမှာ သစ်ခေါင်းရှိလိမ့်မယ်၊ နှစ်ကြာလို့ ကျီးပေါင်းတက် နေတာဖြစ်မယ်၊ ဓါးနဲ့ ခုတ်ကြည့်မယ်"

ဟု ပြောပြီး သစ်ပင်ဘုကြီးကို ဓါးဖြင့် ခုတ်ဖယ်လိုက်ရာ သိပ် မကြာခင်မှာ အခေါင်းပေါက်ကျယ်ကြီး ပေါ်လာလေတော့သည်။ ထို အခေါင်းပေါက်အတွင်းသို့ ကြည့်သောအခါ အလျားနှစ်ပေ၊ အနံ တစ်ပေခန့် ရှိသော ကျွန်းသေတ္တာတစ်လုံးကို ဒေါင်လိုက်ထည့်ထား သည်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြင့် အပြင်သို့ ဆွဲထုတ်လိုက် သည်။ ထို့နောက် အဖုံးကို ဖွင့်လိုက်သောအခါ ရွှေနှင့်ငွေ အမြောက် အမြားကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . တွေ့ပြီဗျ၊ ကျုပ်တို့တော့ ပွပြီ"

"ဟုတ်ပြီပေါ့. . . ငါတို့တော့ ချမ်းသာပြီကွ"

ဟု ဝမ်းသာအားရဖြင့် ပြောကာ နှစ်ယောက်သား ရွှေငွေများကို ကိုင်ကြည့်နေကြလေသည်။ ထိုသို့ကြည့်နေရာမှပင် ဘဇံစိတ်ထဲမှာ ယုတ်မာသောအကြံအစည်များပေါ်လာတော့သည်။

"ရွှေနှင့်ငွေတွေ မနည်းလှဘူး၊ ဒီပစ္စည်းတွေကို အဘိုးကြီးသားအဖကို မခွဲပေးဘဲနဲ့ ငါတစ်ယောက်တည်း ရရင် ဟန်ကျမှာပဲ၊ တောထဲမှာ ဒီအဘိုးကြီးကို သတ်ပစ်လိုက်ရင်လဲ ဘယ်သူမှ သိမှာမဟုတ်ဘူး၊ သူ့သမီးကတော့ ဖြစ်ချင်တာ ဖြစ်ပစေတော့၊ တစ်ယောက်တည်း ထားခဲ့မယ်"

ဒီလိုတွေးတောနေစဉ်မှာ သစ်ခြောက်ပင်ပေါ်မှ လိပ်ပြာနက်ကြီးတစ်ကောင် ပျံဝဲဆင်းလာပြီး ဦးစိုင်းလူ နဖူးပေါ်မှ ဝင်နားပြန်လေသည်။ ထိုသို့ဝင်နားလိုက်သည်နှင့် ဘဇံမျက်စိထဲမှာ ဦးစိုင်းလူကို မကောင်းဆိုးဝါးတစ်ယောက်ကဲ့သို့ မြင်လာတော့သည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရွှေငွေများကို ငုံ့ကြည့်နေသော ဦးစိုင်းလူ၏ကျောကို လက်ထဲမှ ကိုင်ထားသော ဓါးဦးချွန်ဖြင့် ထိုးသွင်းလိုက်တော့သည်။

"ကိုင်းဟာ"

"အား"

ဦးစိုင်းလူမှာ စူးစူးဝါးဝါး အော်ပြီး မြေပေါ်သို့ လဲကျသွားတော့သည်။ ဘဇံက ဓါးဖြင့် နောက်တစ်ချက် ထိုးသွင်းလိုက်ပြန်သည်။

"ဘ. . ဘဇံ. . မင်း. . မင်းသစ္စာဖောက်တာပေါ့ ဖုတ်လား၊ မင်း ငါ့ကို မတရား သတ်ဖြတ်တယ်ဆိုတာ ဟော့ဒီသစ်ပင်ခြောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သက်သေရှိတယ်၊ မင်းဘယ်လိုပြေးပြေး မလွတ်စေရဘူးကွ”

ဟု ပြောဆိုကာ ငြိမ်ကျသွားလေတော့သည်။

“ဒီသစ်ပင်က သက်သေခံလို့ သေရမယ်ဆိုရင် ဆယ်ခါပြန် သေဝံ့တယ်ဗျို့၊ အခုတော့ ရွှေနဲ့ငွေတွေကို ကျုပ်ယူသွားတော့မယ်”

ဟု ပြောဆိုကာ သေတ္တာတွင်းမှ ရွှေနဲ့ငွေတွေကို အိတ်တစ်လုံး အတွင်းသို့ ပြောင်းထည့်ကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်သွားလေ သည်။ သူထွက်သွားပြီး မရှေးမနှောင်းမှာ ထိုနေရာသို့ မြသင်းကြည် ရောက်လာလေတော့သည်။ သူမသည် ဦးစိုင်းလူ၏အော်ဟစ်သံ ကြား သဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် ပြေးတက်လာခြင်းဖြစ်သည်။

သစ်ခြောက်ပင်အောက်သို့ ရောက်သောအခါ ဖခင်ဖြစ်သူ၏ အဖြစ်ဆိုးကို တွေ့လိုက်ရသည်နှင့် ဝမ်းနည်းစိတ် ကြောက်စိတ်များဖြင့် ဆူးစူးဝါးဝါး အော်ဟစ်ကာ နေရာမှာပင် ပုံရက်သား လဲကျသွားလေ တော့သည်။

“အား. .”

သူမ၏အော်သံက တောအနှံ့ ပဲ့တင်ထပ်သွားလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

# စီညာဉ်သက်သေ သွေးစွန်းမြေ

မြသင်းကြည်မှာ အချိန်မည်မျှကြာအောင် သတိမေ့နေသည် မသိပေ. . .။

သတိပြန်ရလာသောအခါ ဗိုလ်တဲပျက်ကြီးအတွင်းသို့ ပြန်ရောက်နေသည်။ သူမနံဘေးနားမှာ စိုးရိမ်ပူပန်သောမျက်နှာဖြင့် ကြည့်နေကြသော နီမောင်တို့သုံးယောက်ကို တွေ့ရသည်။

"ခင်ဗျားသတိရပြီလား"

"အဘ. . . အဘရော ဘယ်မှာလဲ၊ သူသေပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . သူသေသွားပါပြီ၊ သူ့ကို ဘယ်သူသတ်သွားတာလဲ"

"ဘဇံဆိုတဲ့လူ ဖြစ်မှာပေါ့၊ သူနဲ့ အတူတူ သွားကြတာပဲ၊ အဘ အော်သံကြားမှ ကျွန်မလိုက်သွားတော့ သူ့ကို မတွေ့ရတော့ဘူး"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"အဘ ဘယ်မှာလဲဟင်"

"ခင်ဗျားအဘရဲ့အလောင်းကို ကျွန်တော်တို့ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြပြီးပါပြီ"

ထိုစကားကြားသောအခါ မြသင်းကြည်က ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

သူမ ကြည့်ရသည်မှာ များစွာဝမ်းနည်းနေဟန်ရှိလေသည်။

"ကျွန်မတို့မှာ အဖေတစ်ခု သမီးတစ်ခုပဲ ရှိကြတာ၊ အခု အဘ သေသွားပြီဆိုတော့ ကျွန်မဘဝတော့ ဒုက္ခပါပဲရှင်"

"ဒီလောက်လည်း စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားအတွက် လိုအပ်တဲ့ အကူအညီကို ကျွန်တော်တို့ ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါထက် အစ်ကိုတို့က ဘယ်လိုရောက်လာတာလဲဟင်"

"ကျွန်တော်တို့သုံးယောက်က ဒီနေရာတစ်ဝိုက်မှာ ကျွေးဥရှာနေတုန်း ခင်ဗျားအော်သံကြားလို့ ပြေးလာကြတာပါ၊ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ပြောပြပါဦး၊ ဒါထက် ဘဇံဆိုတာက ဘယ်သူလဲဟင်"

နီမောင်က မေးသဖြင့် မြသင်းကြည်က အငိုရပ်ကာ မျက်ရည်များ သုတ်လိုက်သည်။

"ဘဇံဆိုတာ တခြားမဟုတ်ပါဘူး၊ အစ်ကိုတို့နဲ့ တွေ့တဲ့ ရွှေမင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့လူပါပဲ"

"သူက ဘာကြောင့် ခင်ဗျားအဖေကို သတ်သွားရတာလဲ"

ထိုအခါ မြသင်းကြည်က ဦးသာအောင် သူတို့ဆီသို့ ရောက်လာသည်မှ အစပျိုးကာ ယခုကဲ့သို့ အသတ်ခံရသည်အထိ အကြောင်းစုံ ပြောပြလိုက်လေသည်။

"အော်. . . ခင်ဗျားတို့က သစ်တောဝန်ထောက် ကာလ်တန်ဝှက်ထားခဲ့တဲ့ရွှေငွေတွေကို လာရှာကြတာကိုး၊ မဟုတ်ကာမှလွဲရော. . သူတို့ရှာတဲ့ရွှေငွေတွေကို တွေ့သွားပုံရတယ်၊ ဒါကြောင့် ဘဇံက လောဘတက်ပြီး ခင်ဗျားအဖေကို ရက်ရက်စက်စက် သတ်သွားတာ ဖြစ်ရမယ်"

"ဒီအတိုင်းပဲ ဖြစ်မှာပါပဲရှင်"

"ကဲ. . . ခင်ဗျားလည်း ဒီလောက်ဝမ်းနည်းမနေပါနဲ့၊ ကျွန်တော်တို့ ခင်ဗျားအတွက် အကူအညီပေးပါ့မယ်၊ လောလောဆယ်တော့ သစ်ခြောက်ပင်ကြီး ပတ်ဝန်းကျင် သွားကြည့်ကြရအောင်"

ဟု ပြောကာ မြသင်းကြည်ကိုပါ ခေါ်ပြီး သစ်ခြောက်ပင်ကြီးရှိရာသို့ တစ်ခေါက်ပြန်တက်လာကြသည်။ အချိန်က နေဝင်ရီတရော အချိန်ဖြစ်နေရာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များက ဖုံးလွှမ်းစ ပြုနေချေပြီ။ ဦးစိုင်းလူ၏အလောင်းကို မြှုပ်နှံထားခဲ့သောနေရာမှာ သစ်ခြောက်ပင်ကြီးနှင့် မနီးမဝေး ဆင်ခြေလျှောနေရာတွင် ဖြစ်သည်။

သစ်ပင်အောက် ရောက်တော့ သွေးစက်သွေးကွက်များကို အရင်တွေ့ရသည်။ သွေးကွက်များမှာ သစ်ရွက်ခြောက်များပေါ် မှာသာ ရှိနေပြီး မခြောက်သေးသဖြင့် ယင်မမည်းရိုင်းများက ဝိုင်းအုံနေကြသည်။

သူတို့ အနားရောက်တော့ ယင်ကောင်များက တဝီဝီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထပျံသွားကြသည်။ သွေးညှိနှံ့များက ပတ်ဝန်းကျင်၌ ပြန့်နှံ့နေသည်။ နီမောင်က ပတ်ဝန်းကျင်တစ်ဝိုက် လိုက်လံကြည့်သောအခါ သစ်ခြောက်ပင်ကြီး၏ပင်စည်တစ်နေရာမှာ ဓါးဖြင့် ခုတ်ဖွဲ့ထားသဖြင့် အခေါင်းပေါက်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။

သစ်ခေါင်းပေါက်အတွင်းသို့ ငုံ့ကြည့်တော့ ဘာမှမတွေ့ရပေ။ ထိုအချိန်မှာ ငမဲအောင်က ကျွန်းသေတ္တာဟောင်းတစ်လုံးကို ကောက်ယူလာပြီး ပြသည်။

"နီမောင်. . . ဒီမှာ. . ."

ကြည့်လိုက်တော့ သေတ္တာအတွင်းမှာတော့ ဘာမှမရှိပေ။

"သူတို့ သစ်တောဝန်ထောက် ဝှက်ထားခဲ့တဲ့ရွှေငွေတွေ ရသွားပြီဆိုတာ သေချာတယ်၊ ဘဇံက ဦးစိုင်းလူကို သတ်ပြီး တစ်ယောက်တည်း အပိုင်စီးသွားတယ်ဆိုတာလည်း အသေအချာပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒါက ရာဇဝတ်မှုတစ်ခုပဲ၊ သက်ဆိုင်ရာလူကြီးတွေကို အကြောင်းကြားပြီး ဘဇံနောက်ကို လိုက်ရမှာပေါ့"

ဟု ပြောကာ ကျွန်းသေတ္တာကလေးကို ယူပြီး ဗိုလ်တဲသို့ ပြန်လာကြသည်။ ထိုညက အချိန်မရှိတော့သဖြင့် ဗိုလ်တဲဟောင်းမှာပင် ညအိပ်ကြရသည်။ ၎င်းတို့မှာ မီးအိမ်မရှိတော့သဖြင့် အလင်းရောင်ရစေရန် မီးဖိုတစ်ဖို ဖိုထားကြသည်။

ညဦးပိုင်းအချိန်တွင် စောထီးနှင့်ငမဲအောင်တို့က လက်ဖက်ရည်အိုး တည်ရင်းနှင့် ညစာအတွက် စီစဉ်နေကြသည်။

နီမောင်နှင့်မြသင်းကြည်ကတော့ မီးဖိုနှင့် မနီးမဝေးနေရာမှာ ထိုင်ကာ စကားပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မြသင်းကြည်အတွက် စိတ်မကောင်းပါဘူး၊ ဦးစိုင်းလူကို သတ်သွားတဲ့ဘဇံကိုလည်း မိအောင် ကြိုးစားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုနီမောင်ရယ်၊ ကျွန်မဘဝမှာသာ အဘမရှိတော့ ခက်တာပါ"

"ဘယ်လိုခက်တာလဲဟင်"

"ကျွန်မတို့မှာ ဆွေမျိုးသားချင်း အရင်းအခြာ မရှိဘူး၊ အဖေတစ်ခု သမီးတစ်ခု အားပြုပြီး နေကြရတာ၊ အခု မမျှော်လင့်ဘဲ အဘဆုံးသွားတော့ ကျွန်မမှာ တစ်ကောင်ကြွက်ဘဝနဲ့ ကျန်ခဲ့တော့တာပေါ့"

"ဒီလောက်လည်း အားမလျှော့ပါနဲ့ဗျာ၊ ကျွန်တော်တို့လည်း အခုမှ တွေ့ကြတယ်ဆိုပေမယ့် လိုတဲ့အကူအညီ ပေးနိုင်ပါတယ်၊ ဒါထက် ကိစ္စတွေ ပြီးရင်တော့ မြသင်းကြည် ရှမ်းပြည်ကို ပြန်မှာ မဟုတ်လား"

"ပစ္စည်းလေးတွေ ထုခွဲရောင်းချဖို့ ခဏတော့ ပြန်ရဦးမှာပါ၊ ဒါပေမယ့် အဘ မရှိတော့တဲ့နေရာမှာ ကျွန်မလည်း မနေချင်တော့ပါဘူးရှင်"

"ဒါကတော့ နောက်မှပဲ စီစဉ်ကြတာပေါ့၊ အခု လောလောဆယ်တော့. . ."

မြသင်းကြည်ကို မီးဖိုနံဘေးမှာ နေရာချပေးပြီး သုံးယောက်သား ကျွေးဥပြုတ်နှင့် လက်ဖက်ရည်ကြမ်း သောက်ကာ ထိုင်စောင့်ကြနေလသည်။

"ဒီညလည်း ဆေးတံသောက်တဲ့လူနဲ့ လူမည်းကြီး ရောက်လာဦး နပန်းသတ်ကြဦးမလား မသိဘူး"

စောထီးက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နပန်းသတ်တော့လည်း ကြည့်ရတာပေါ့ကွာ"

ငမဲအောင်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်၊ ဤသို့ဖြင့် လက်ဖက်ရည်ကြမ်း သောက်လိုက်၊ ကွေ့ဥပြုတ် စားလိုက်နှင့် စကားပြောရင်း စောင့်ကြရာ တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်လာသောအခါ ဗိုလ်တဲအတွင်းသို့ အပြင်ဘက်မှ လိပ်ပြာနက်ကြီးတစ်ကောင်ဝင်လာပြီး အခန်းတွင်းမှာ လှည့်လည်ပျံသန်းနေသည်။

နီမောင်တို့သုံးယောက်က အခြေအနေကြည့်နေကြစဉ် လိပ်ပြာနက်ကြီးက စောင်ခြုံ၍ အိပ်နေသော မြသင်းကြည် ပခုံးပေါ်သို့ သွားနားနေလေသည်။ နီမောင်တို့ကလည်း အနှောင့်အယှက် မပေးဘဲ ကြည့်မြဲကြည့်နေကြသည်။

မြသင်းကြည်မှာ အိပ်ပျော်နေဟန်ရှိပြီး လိပ်ပြာနက်ကြီး ကိုယ်ပေါ်မှာ နားနေသည်ကိုလည်း သိဟန်မတူပေ။ ထို့ပြင် သူမထံမှ ဗလုံးဗထွေးဖြင့် ပြောနေသော စကားသံများလည်း ကြားနေရသည်။

အတန်ကြာတော့ လိပ်ပြာနက်ကြီးက သူမကိုယ်ပေါ်မှ ထပျံကာ အပြင်သို့ ပြန်ထွက်သွားလေတော့သည်။ မရှေးမနှောင်းမှာပင် မြသင်းကြည်မှာ အိပ်ပျော်ရာမှ လန့်နိုးလာကာ ထထိုင်လာသည်။

"အဘ. . . အဘ ဘယ်မှာလဲ"

"မြသင်းကြည် နိုးလာပြီလား. . . ဘာဖြစ်လို့လဲ"

"စောစောက ကျွန်မအိပ်မက်ထဲမှာ အဘကို ပြန်တွေ့လိုက်တယ်၊ သူ ကျွန်မဆီကို ရောက်လာတယ်၊ တစ်ကိုယ်လုံးမှာလည်း သွေးတွေက နီရဲနေတာပဲ"

"စိတ်စွဲလို့ အိပ်မက်,မက်တာ ဖြစ်မှာပါ"

"မဟုတ်ဘူး. . . ကျွန်မ သေသေချာချာကို မြင်လိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဘဇံက သတ်သွားတဲ့အကြောင်း၊ သင်ခေါင်းထဲက ရတဲ့ ရွှေငွေတွေကို ဘဇံတစ်ယောက်တည်း ယူပြီး ထွက်ပြေးသွားတဲ့ အကြောင်း၊ သူ ပခုက္ကူအလွန်က ပခန်းကြီးဘက်မှာ ပုန်းနေတဲ့ အကြောင်းတွေနဲ့ အဘရဲ့ဝိညာဉ်က ဘဇံရဲ့နောက်ကို တကောက်ကောက် လိုက်နေတဲ့အကြောင်းတွေ လာပြောသွားတယ်"

မြသင်းကြည်မှာ အိပ်မက်ထဲမှာ တွေ့ရသည့်အတိုင်း ပြန်ပြော နေခြင်းဖြစ်ရာ နီမောင်တို့အတွက် စဉ်းစားစရာတွေ ရှိလာခဲ့သည်။

"ဦးစိုင်းလူက သူ့ကို ဘဇံက ရက်ရက်စက်စက် သတ်သွားတာ ကို ဘယ်နည်းနဲ့မှ အခဲကျေမယ် မဟုတ်ဘူး၊ ဒါကြောင့် သူ့ဝိညာဉ်က ဘဇံနောက်ကနေ တကောက်ကောက် လိုက်နေတယ်ဆိုတာ ဖြစ်နိုင် တယ်"

ဟု နီမောင်က ပြောသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဦးစိုင်းလူရဲ့ဝိညာဉ် ပြောသွားတဲ့အတိုင်း ပခန်းကြီးဘက်ကို လိုက်သွားကြတာပေါ့"

ဟု ပြောကာ စကားတပြောပြောနှင့် ထိုင်စောင့်ကြသော်လည်း ညဉ့်နက်ပိုင်းအချိန် ရောက်သည့်တိုင်အောင် ဆေးတံသောက်နေသော လူကိုသော်လည်းကောင်း၊ လူမည်းကြီးကိုသော်လည်းကောင်း မတွေ့ ကြရတော့ပေ။

"မဟုတ်ကာမှလွဲရော. . . သစ်တောဝန်ထောက် ကာလ်တန် ရဲ့ဝိညာဉ်က သူဝှက်ထားတဲ့ရွှေငွေတွေ ပါသွားတော့ ဒီမဘောင်းဖဲ အဲ့ဒီနောက်များ လိုက်သွားရော့သလား မသိဘူး"

"လိုက်သွားတော့လည်း ကောင်းတာပေါ့ကွာ၊ ဘဇံနဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါတို့ အဖော်ရတာပေါ့"

ဟု ပြောဆိုကာ မိုးလင်းသည့်အချိန်အထိ ဆက်လက်စောင့်နေကြလေသည်။ နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာပင် တောင်ကြောလမ်းအတိုင်း မြေပြန့်သို့ ဆင်းခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

# နောက်မှ ပါလာသောမိစ္ဆာအရိပ်

ပခန်းသည် ရှေးမြို့ဟောင်းတစ်ခု ဖြစ်ခဲ့ပြီး ယခုအခါမှာတော့ မော်တော်ကားလမ်းမ နံဘေး၌ ရှိသော စည်ကားသည့် ရွာကြီးတစ်ရွာ အသွင်ရှိနေခဲ့ချေပြီ။

မြို့ရိုးဟောင်း၊ မြို့ရိုးပျက်ကြီးများက ရှေးအခါက ထိုနေရာ၌ မြို့ကြီးတစ်မြို့ ရှိခဲ့ဖူးကြောင်း သက်သေပြချက် ရှိပေငြိ။ ပခန်းသည် ချင်းတွင်းမြစ်၏အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ရေစကြိုနှင့် (၁၀) မိုင်ခန့်အကွာ ပခုက္ကူမြို့နှင့် မိုင်(၂၀)ခန့် ကွာဝေးသော မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



လမ်းမန်ဘေး၌ ရှိသည်။

အနောက်ဘက်တွင် ရှင်မတောင်မကြီး ရှိပြီး သနပ်ခါးပင်များ ထွက်ရာတွင် နာမည်ကြီးလှသည်။ မြန်မာတစ်နိုင်ငံလုံးရှိ ပျိုမေတို့မှာ ရှင်မတောင်သနပ်ခါးဆိုလျှင် နှစ်သက်မြတ်နိုးစွာ သုံးစွဲလေ့ရှိကြသည်။ ရွာ၏ပတ်ဝန်းကျင်တစ်ဝိုက်တွင် ရှားပင်၊ ထနောင်းပင်နှင့် ထန်းတော များက ဝန်းရံထားလျက်ရှိသည်။

ပခန်းသည် မြို့အဖြစ် စည်ကားခဲ့စဉ်က ဗုဒ္ဓဘာသာ ထွန်းကားခဲ့သောနေရာဖြစ်သည်နှင့် လျော်ညီစွာ ယခုအခါတွင် ဘုရားအိုကျောင်းပျက်များက ပေါများလှပေသည်။ ပခန်း၏အရှေ့ဘက်တွင် ရောဝတီ၊ အနောက်ဘက်တွင် ယောနယ် အဝင်ကျောက်ပုံ၊ တောင်ဘက်တွင် မြစ်ကိုင်းရွာနှင့်ဆီဆုံရွာ သီဟိုဠ်ရှင်ဘုရားအထိဖြစ်ပြီး မြောက်ဘက်မှာတော့ ဗန်းကျိုတိုက်နှင့် ပိုင်းခြားထားသည့် ယမားချောင်းကြီးအထိ ကျယ်ဝန်းလေသည်။ ပခန်းနယ်ထဲမှာ ရွာပေါင်းများစွာ ပါဝင်လေသည်။

ပခန်းသည် သာသနာသက္ကရာဇ်(၃၆၃) ခနုသီဟမင်း လက်ထက်မှပင် မြို့တည်ထောင်စိုးစံခဲ့သည်ဟု ကျမ်းများ၌ ဖော်ပြထားသည်။ ပုဂံမင်း သိန်းခိုမင်းလက်ထက် သက္ကရာဇ်(၂၂၇)တွင် မင်းစည်သူနှင့် မင်းကျော်စွာညီနောင်မင်းသားနှစ်ပါးတို့သည် ထိုအရပ်သို့ ရောက်လာပြီး တောင်သုံးလုံးကို မြေညှိကာ မြို့တည်ထောင်ခဲ့သဖြင့် ကုခန္ဓ (တူးခြင်း၊ ညှိခြင်း) ဟူသောအနက်ကို ယူကာ 'ကူခန်း' ဟု သမုတ်ခဲ့ကြသည်။

သက္ကရာဇ်(၅၃၆)ခုနှစ် နရပတိစည်သူမင်းကြီးလက်ထက်တွင် ကူးခန်းအရပ်မှ သူပုန်သကန် ထကြွသောင်းကျန်း၍ လာရောက် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်နှိမ်နင်းရာ 'သူပုန်များပစေ၊ ခန်းစေ' ဟူသော ရည်ရွယ်ချက်နှင့် 'ပခန်း' ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း တွေ့ရသည်။

ဟံသာဝတီမင်းလက်ထက်တွင် ပခန်း(ကူးခန်း)ကို မြို့ရိုးများ နိမ့်ချည်မြင့်ချည် အကွက်ကျစွာ ဆောက်လုပ်၍ မြို့တော်ကို ပြုပြင်ခဲ့သဖြင့် ပခန္န၊ သဒ္ဒါအရ ပခန်းဟု တွင်ခဲ့ကြောင်းလည်း ဖော်ပြကြသည်။

ပခန်းတွင် အထင်ရှားဆုံးမှာ စည်သူရှင်ဘုရားဖြစ်၏။ ပခန်းမြို့ အလယ်ကုန်းတော်ပေါ်တွင် မင်းစည်သူ တည်ထားခဲ့လေသည်။ နောက်ပိုင်းမှာလည်း မင်းအဆက်ဆက်တို့ ကုသိုလ်ကောင်းမှု ယူကာ မွမ်းမံပြင်ဆင်ခဲ့ကြသည်။

စည်သူရှင်ဘုရား၏အနောက်မြောက်ယွန်းယွန်း တစ်နေရာတွင် ပခန်းကျောင်းတော်ကြီး ရှိပေသည်။ ထိုကျောင်းတော်ကြီးမှာ သုံးဆင့်လည်ပေါ် မိုးပြာသာဒ်၊ ဘုရားဆောင်တစ်ဆောင်၊ ဘောဂဆောင်၊ ကျက်သရေခန်းဆောင်၊ စင်္ကြံနံလမ်းတို့အပြင် အခန်းအသွယ်သွယ်၊ ပန်းနွယ်ပန်းဆိုင်း၊ နရားဆိုင်၊ နရားကြွ၊ စာမရီပန်းအလှတို့ဖြင့် တင့်တယ်လှပစေသည်။

ထီးကိုင်၊ သံလျက်ကိုင်၊ သားမြီးယပ်ကိုင်၊ နတ်ရုပ်၊ ဘီလူးရုပ်တို့လည်း တံခါးရွက်ကြီးများမှာ ပုံဖော်ထုလုပ်ထားလျက်ရှိသည်။

ထိုပခန်းကျောင်းတော်ကြီး၏ကျောင်းဒကာမှာ ကျီဝန်မင်းဦးဘုတ်ဖြစ်ပေသည်။ ပခန်းနှင့် ပတ်သက်လျှင် သရက္ခန် ဘုရားလေးဆူ အပြင် တစ်ဆူပါဝင်သော စည်သူရှင်ဘုရားနှင့် ပခန်းကျောင်းတော်ကြီး အကြောင်းများက လူသိများ ထင်ရှားလှသလို ပခန်းနယ်၏သမိုင်းတ အမှတ်တံဆိပ်များလည်းဖြစ်ပေသည်။

တောခေါင်းဘဇံသည် ဦးစိုင်းလူကို သတ်ပြီး ရွှေနှင့်ငွေများကို



www.burmeseclassic.com

www.burmeseclassic.com



အားလုံးယူကာ ပုံတောင်ပုံညာဘက်မှ မြေပြန့်သို့ ပြန်ဆင်းလာခဲ့သည်။ ထိုသို့ဆင်းလာစဉ်မှာပင် သူ့နောက်သို့ ထပ်ကြပ်မကွာ လိုက်လာသော ခြေသံကို ကြားရလေသည်။ ထိုခြေသံသည် သစ်ရွက်များပေါ်မှ နင်းလိုက်လာသည်ကို အတိုင်းသား ကြားနေရသည်။

စိတ်ထဲမှာ မသင်္ကာသောကြောင့် နောက်သို့ မကြာခဏ လှည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။ နောက်ဘက်မှ ကြားနေရသော ခြေသံက သူလျှောက်လျှင် လျှောက်လိုက်လာပြီး သူရပ်လိုက်သည်နှင့် အသံမကြားရတော့ပေ။

"ငါ့နောက်ကို ဦးစိုင်းလူရဲ့ဝိညာဉ်ပဲ လိုက်လာသလား၊ ဒါမှမဟုတ် ကာလ်တန်ရဲ့ဝိညာဉ်များ လိုက်လာလေရော့သလား၊ အို. . . သူတို့က ဝိညာဉ်ဘဝ ရောက်နေပြီပဲ၊ ငါ့ကို ဘာမှမလုပ်နိုင်တော့ပါဘူး"

ဟု တစ်ယောက်တည်း စိတ်တင်းကာ လျှောက်လာရာ နောက်ဆုံး မြေပြန့်သို့ ပြန်ရောက်လာသည်။ သူသည် ပခုက္ကူသို့ မပြန်တော့ဘဲ အသိမိတ်ဆွေအချို့ ရှိသည့် ပခုက္ကူနှင့် မိုင်(၂၀)ခန့် ဝေးသော ပခန်းတွင် သွားရောက်ဖာတ်မြှုပ်နေရန် ဆုံးဖြတ်လိုက်သည်။

ပခန်းသို့ ရောက်သောအခါ အသိမိတ်ဆွေတစ်ယောက် အကူအညီဖြင့် ရွာအစွန်ဘက်တွင် အိမ်တစ်လုံး ငှားရမ်းကာ လျှို့ဝှက်စွာ နေထိုင်လေသည်။ ထိုနေရာမှာ နေခြင်းမှာ ခေတ္တခြေရာဖျောက်နေခြင်းဖြစ်ပြီး နောက်ပိုင်းမှာ မန္တလေးဘက်တွင် သွားရောက်နေထိုင်ရန် စိတ်ကူးထားလေသည်။

ပခန်းသို့ ရောက်ပြီး တစ်ပတ်လောက်ကြာသည်အထိ ထူးခြားမှု မတွေ့ရသဖြင့် စိတ်အေးနေရာ တစ်ညမှာတော့ အိပ်ပျော်နေစဉ် နားထဲမှာ ခြေသံလိုလို ကြားရသဖြင့် ပြန်နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျပ်. . . ဖျပ်. . . ဖျပ်"

အသေအချာ နားထောင်ကြည့်တော့မှ ခြေသံမဟုတ်ဘဲ ငှက်တစ်ကောင် ပျံသန်းနေသည့်အသံမျိုးဖြစ်မှန်း သိရလေသည်။

"ဖျပ်. . . ဖျပ်. . . ဖျပ်"

"ဟင်. . ."

ဘဇံမှာ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် အထိတ်တလန့်နှင့် နေရာမှ ထလိုက်သည်။ ထိုအခါမှ အိမ်ထဲမှာ ပျံဝဲနေသော လိပ်ပြာနက်ကြီးတစ်ကောင်ကို တွေ့ရလေသည်။

"သူလိုက်လာပြီ"

ဟု ထိတ်လန့်စွာ ရေရွတ်လိုက်သည်။

စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်လာသောကြောင့် ပြတင်းပေါက်ဖွင့်၍ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ လရောင်မှုန်ပျပျအောက်မှာ ခြံဝန်းတစ်နေရာမှာ ရပ်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ရသည်။

"ဟင်. . ."

ပထမတော့ မျက်စိအကြည့်လွဲနေသလားဟု ထင်လိုက်မိသဖြင့် အသေအချာ ကြည့်သောအခါ မြင်နေရသော်အရာမှာ အခြားမဟုတ်ဘဲ ဗိုလ်တဲကုန်းမှာ တွေ့ခဲ့ရသော သစ်ခြောက်ပင်ကြီးဖြစ်မှန်း မှတ်မိသွားလေသည်။

"ဟာ. . . ဒီသစ်ခြောက်ပင်ကြီးက ဘယ်လိုကနေဘယ်လို ခြံဝန်းထဲ ရောက်နေတာလဲ"

ဘဇံမှာ အိမ်ပေါ်မှာ ဆက်မနေဝံ့တော့သဖြင့် တံခါးပေါက်မှ ဆင်းပြေးလေတော့သည်။ သူ့မိတ်ဆွေ ရှိသောအိမ်မှာ သူနေသောအိမ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မဝေးလှပေ။

အချိန်မှာ ညဦးပိုင်းအချိန်ကျော်စပင် ရှိသေးသောကြောင့် မိတ်ဆွေဖြစ်သူ ကိုရွှေထွန်းတို့မှာ မအိပ်ကြသေးပေ။

"ကိုရွှေထွန်း. . . ကိုရွှေထွန်း လုပ်ပါဦးဗျ"

ခြံဝန်းထဲသို့ အော်ဟစ်ကာ ပြေးဝင်လာသောဘဇံကို ကြည့်ပြီး အိမ်ရှင်များက အံ့ဩသွားကြသည်။

"ကိုဘဇံ ဘယ်လိုဖြစ်လာတာလဲဗျ"

"ခင်ဗျားငှားပေးတဲ့အိမ်က ကျွန်တော့်ကို သရဲခြောက်လွှတ်လိုက်လို့ဗျ"

"ဟာ. . . မဟုတ်တာဗျာ"

ဟု ရေရွတ်ရင်း ကိုရွှေထွန်းက အိမ်ပေါ်မှ ဆင်းလာသည်၊ ကိုရွှေထွန်း ဆင်းလာသည်ကို မြင်သဖြင့် ဘဇံက ခြေလှမ်းကို ရပ်လိုက်သည်။

"ဟ. . . ဘယ်နှယ့်ဟာကြီးလဲဟ"

ကိုရွှေထွန်းက ဘဇံကို ကြည့်ပြီး အထိတ်တလန့်ဖြင့် လှမ်းအော်လိုက်ရာ ဘဇံပင် လန့်သွားလေသည်။

"ဘာလဲဗျ"

"ခင်ဗျားနောက်မှာ အသက်ဝင်နေတဲ့ လူနဲ့ တူတဲ့ သစ်ပင်ကြီး ပါလာပါလား"

"ဘယ်မှာလဲဗျ"

ဘဇံက ကြောက်ကြောက်လန့်လန့်နှင့် လှည့်ကြည့်လေသည်။ သူပြန်ကြည့်လိုက်တော့ နောက်ဘက်မှာ ဘာမှမတွေ့ရပေ။

"ခင်ဗျားကလည်းဗျာ. . . ကျွန်တော့်နောက်မှာ ဘာမှမရှိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကြောက်လို့ ဒီကိုပြေးလာပါတယ်၊ ဒီရောက်တော့မှ ခင်ဗျားကပါ ဆီးပြီးခြောက်နေသေးတယ်ဗျာ"

"ကျွန်တော် ခြောက်နေတာ မဟုတ်ဘူးဗျ၊ စောစောက ခင်ဗျားနောက်မှာ ရပ်နေတဲ့ လူနဲ့တူတဲ့ သစ်ခြောက်ပင်ကြီးကို ကျွန်တော့်မျက်စိနဲ့ သေသေချာချာကို မြင်လိုက်ရတာ၊ ဒါထက် ဟိုအိမ်မှာ ဘယ်လိုအခြောက်ခံရတာလဲဗျ"

"အိမ်ထဲမှာ လိပ်ပြာနက်တစ်ကောင် ဝင်လာပြီး ပျံနေတာတွေ့ရတယ်"

"လိပ်ပြာပဲဗျာ. . . ဘာဆန်းသလဲ"

"နောက်ပြီး ခြံဝန်းထဲမှာ လူလို အသက်ဝင် လှုပ်ရှားနေတဲ့သစ်ခြောက်ပင်ကြီးတစ်ပင်ကို တွေ့လို့ ပြေးလာတာဗျ"

"ဟင်. . ."

ထိုစကားကြားသောအခါ ကိုရွှေထွန်းဆိုသူပါ မျက်လုံးပြူးသွားလေသည်။

"ဘာဗျ. . . သစ်ခြောက်ပင်ကြီး ဟုတ်လား"

"ဟုတ်တယ်"

"ခုနက ခင်ဗျားနောက်မှာ မြင်လိုက်ရတာလည်း အဲဒီသစ်ခြောက်ပင်ကြီးပဲ ဖြစ်မယ်ထင်တယ်ဗျ"

ဘဇံက မလုံမလဲနှင့် လှည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

"ကျွန်တော်တော့ ဟိုအိမ်မှာ တစ်ယောက်တည်း မနေနိုင်တော့ဘူးဗျာ"

"ဒီလိုဆိုရင်လည်း ဒီမှာပဲ လာအိပ်လေ၊ မနက်လင်းတော့မှပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး စီစဉ်ကြတာပေါ့"

ဟု ကိုရွှေထွန်းက ပြောသဖြင့် ထိုအိမ်မှာပဲ အိပ်လိုက်လေသည်။ သို့သော်လည်း ဘဇံမှာ ချောက်ခြားမှုကြောင့် တော်တော်နှင့် အိပ်မပျော်ပေ။

နားထဲမှာလည်း ဦးစိုင်းလူ မသေခင်က ပြောသွားခဲ့သော အသံကြီးကို ပြန်လည်ကြားယောင်နေသည်။

"မင်း ငါ့ကို မတရား သတ်ဖြတ်တာ ပေါဒီသစ်ခြောက်ပင်ကြီး သက်သေရှိတယ်"

"မင်း ဘယ်လိုပဲပြေးပြေး မလွတ်စေရဘူးကွ"

ဟူသောအသံကြီးပင်ဖြစ်သည်။

ပြတင်းပေါက်များ ဖွင့်ထားသောကြောင့် လေတိုက်သောကြောင့် သစ်ပင်များ လှုပ်ရှားနေသည်ကိုပင် သစ်ခြောက်ပင်ကြီး လိုက်လာလေသလားဟု စိတ်ထဲမှ ချောက်ခြားနေလေသည်၊ သို့ကြောင့် ပြတင်းတံခါးပေါက်များကို ပိတ်ထားရသည်၊ ဤသို့ဖြင့် တစ်ညလုံး ချောက်ချောက်ခြားခြား ဖြစ်နေပြီး မိုးလင်းကာနီးတော့ မှ မှေးကနဲ အိပ်ပျော်သွားလေသည်။

သူ အိပ်ယာမှ နိုးလာသောအချိန်မှာ နေထွက်ချိန်ပင် ရောက်နေချေပြီ၊ ထိုအချိန်တွင် ကိုရွှေထွန်းနှင့် ရွာသားအချို့မှာ အိမ်ရှေ့ ကွပ်ပျစ်ပေါ်မှာ ထိုင်ကာ ညက သရဲခြောက်သည့်အကြောင်းကို ထိုင်ပြောနေကြလေသည်။

ကိုရွှေထွန်းက ညက ဘဇံနောက်မှာ လူကဲ့သို့ အသက်ရှင် လှုပ်ရှားနေသော သစ်ခြောက်ပင်ကြီးအကြောင်းကို အားရပါးရ ပြောပြနေရာ နားထောင်နေကြသော ရွာသားများမှာ ထိတ်လန့်ချောက်ခြားနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ထိုသို့ပြောဆိုနေကြစဉ် အိပ်ယာမှ နိုးလာသောဘဇံက ကိုရွှေထွန်းတို့ ထိုင်နေသောကွပ်ပျစ်ရှိရာသို့ ထွက်လာလေသည်။

မနီးမဝေး ရောက်လာသောအခါ စကားပြောနေသောရွာသားတစ်ယောက်က ဘဇံနောက်ဘက်မှာ ပေါ်နေသောအရိပ်ကြီးကို လှမ်းမြင်သွားသည်။

"ဟင်. . ."

"ဘာလဲဟ"

"ဟို. . . ဟိုမှာကြည့်စမ်း"

ဘဇံနောက်ဘက်မှာ နေရောင်ခြည် ထိုးသဖြင့် ပေါ်နေသောအရိပ်ရှည်ကြီးကို လက်ညှိုးထိုးပြလိုက်ရာ အားလုံးက လှမ်းကြည့်လိုက်ကြသည်။

"ဟာ. . ."

"ဘယ်နှယ်ဟာကြီးလဲ"

"သူ့နောက်မှာ ပေါ်နေတာ သူ့အရိပ်မှ မဟုတ်ဘဲ၊ သစ်ပင်ခြောက်ကြီးရဲ့အရိပ်ပဲဟ၊ နေ့ခင်းကြောင်တောင် သရဲခြောက်ပြီနဲ့ တူတယ်ဟ"

အားလုံး ရှတ်ရှတ်သဲသဲဖြစ်ကာ နေရာမှ ထသူကထ၊ ထွက်ပြေးရန် ပြင်သူက ပြင်ကြလေသည်။

ဘဇံက နားမလည်သော အမူအယာဖြင့် မေးလိုက်သည်။

"ဘယ်လိုဖြစ်နေကြတာလဲဗျ"

"ခင်ဗျားရဲ့နောက်ကိုလည်း ပြန်ကြည့်လိုက်ပါဦး"

ဟု ကိုရွှေထွန်းက ပြောသဖြင့် လှည့်ကြည့်လိုက်ရာ သူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင် လန့်ဖြန့်သွားလေတော့သည်။ နေရောင်ခြည်ကြောင့် သူ့နောက်ဘက်မှာ ပေါ်နေသောအရိပ်ကြီးမှာ သူ့အရိပ် မဟုတ်ပေ။

ခြေကားယား လက်ကားယားဖြင့် ကြောက်မက်ဖွယ်ကောင်းလှသော သစ်ခြောက်ပင်ကြီး၏အရိပ်ကြီးပင်ဖြစ်တော့သည်။

ပထမတော့ အနီးပတ်ဝန်းကျင်က သစ်ပင်ရိပ်များ ဖြစ်လေမလားဟု ထင်လိုက်မိသေးသည်။ သို့သော်လည်း အနားမှာလည်း သစ်ခြောက်ပင် မရှိချေ။ ထိုအရိပ်ကြီးကို မြင်သောအခါ ကိုရွှေထွန်းက အလန့်တကြား ပြောလိုက်လေသည်။

"ည. . . ညတုန်းက သူပြေးလာတော့ သူ့နောက်မှာ ရပ်နေတဲ့ သစ်ခြောက်ပင်ကြီးကို ကျွန်တော် သေသေချာချာ မြင်လိုက်ရတယ်၊ အခု မြင်နေရတဲ့အရိပ်ကြီးနဲ့ တစ်ပုံစံထဲပဲ"

ဟု ပြောလိုက်တော့မှ ပိုဆိုးသွားတော့သည်။ စောစောတတည်းက သစ်ပင်အရိပ်ကြီး မြင်ကတည်းက ထွက်ပြေးရန် ခြေလှမ်းပြင်နေသည့် ရွာသားအချို့မှာ ကိုရွှေထွန်းထံမှ ထိုစကားကြားရသောအခါ ခြံဝန်းအတွင်းမှ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြရာ နောက်ဆုံး ဘဇံနှင့် ကိုရွှေထွန်းသာ ကျန်ခဲ့တော့သည်။

ဘဇံက မကျေနပ်သောကြောင့် တစ်နေရာမှတစ်နေရာ ပြောင်းလဲလှုပ်ရှားကြည့်တော့လည်း နောက်မှ သစ်ပင်အရိပ်ကြီးက ထပ်ကြပ်မကွာ ပါလာလေသည်။

အရိပ်က ပုံသဏ္ဍာန်သာ မတူသော်လည်း နေရောင်ခြည်ကြောင့် သူ့ကိုယ်မှ ထွက်နေခြင်းဖြစ်ရာ သူလှုပ်ရှားသမျှ တသွေမသိမ်း လိုက်လံလှုပ်ရှားနေလေတော့သည်။

"ဘယ်လိုဖြစ်တာလဲ ကိုဘဇံ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဘာမှမသိတော့ပါဘူးဗျာ"

"ကျွန်တော့်တစ်သက်တော့ ဒီလိုအဖြစ်မျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဒီအတိုင်းသာဆိုရင်တော့ ခင်ဗျားကို ဒီရွာက လူတွေက လက်ခံဝံ့ကြတော့မှာ မဟုတ်ဘူး"

ကိုရွှေထွန်းစကားကြောင့် များစွာစိတ်ပျက်ကာ မိမိအိမ်သို့ ပြန်လာလေတော့သည်။ နေရောင်ခြည်အောက်မှာ လျှောက်လာသော အခါ နောက်မှာ ပေါ်နေသော သစ်ခြောက်ပင်အရိပ်ကြီးကလည်း တကောက်ကောက် ပါလာလေသည်။

နောက်ဆုံး နေရောင်ခြည်အောက်မှ မလျှောက်ဝံ့တော့သဖြင့် သစ်ပင်အရိပ်များ ရှိရာအောက်မှ လျှောက်ကာ ပြန်ခဲ့ရလေသည်။

အိမ်ရောက်သောအခါ နေရောင်ခြည် ရှိရာအောက်သို့ မထွက်ဝံ့တော့ပေ။

"ငါဘယ်လိုလုပ်ရမလဲ. . . သစ်ခြောက်ပင်ကြီးကတော့ ငါ့နောက်ကနေ တကောက်ကောက် ပါလာပြီ၊ ဒီအတိုင်း ဆက်နေလို့ကတော့ ဘယ်နည်းနဲ့မှ ဖြစ်တော့မယ် မထင်ဘူး"

တစ်ယောက်တည်း ဇောချွေးများ ပျံနေလေသည်၊ အိမ်ထဲရောက်သောအခါ စိတ်မချသဖြင့် မှန်တစ်ချပ် ယူပြီး ကြည့်လိုက်တော့မှ အဖြေက ပေါ်လာလေတော့သည်။

သူ့နောက်ဘက်မှာ ခပ်ရေးရေး ပေါ်နေသော သစ်ခြောက်ပင်ကြီးသဏ္ဍာန်ကို တွေ့ရလေသည်။

"ခွမ်း. . ."

ဘဇံမှာ ကြောက်ကြောက်လန့်လန့်နှင့် မှန်ချပ်ကြီးကို ရိုက်ခွဲပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်ကြီးကို ရိုက်ခွဲလိုက်သော်လည်း ညအချိန် ရောက်လာလျှင် သစ်ခြောက်ပင်ကြီးက သူ့အနောက်ဘက်မှာ ပေါ်လာပြီး နေ့ဘက် နေရောင်ထဲ ရပ်လိုက်လျှင် အရိပ်သဏ္ဍာန်အဖြစ်နှင့် ပေါ်နေလေသည်။ နောက်ဆုံး အပြင်မထွက်ဝံ့တော့ပေ။

"ငါ ဒီအတိုင်းတော့ ဆက်နေလို့ မဖြစ်တော့ဘူး၊ တောထဲပြန်ပြီး သစ်ခြောက်ပင်ကြီးကို မီးနဲ့ ရှို့ပြီး သုတ်သင်ပစ်မှ အေးမယ်ထင်တယ်"

ဟု မိုက်မိုက်ကန်းကန်း တွေးတောမိသည်။

နောက်တစ်နေ့မှာတော့ ကိုရွှေထွန်းအပါအဝင် ရွာလူကြီးများရောက်လာပြီး ထိုရွာမှာ မနေရန် လာရောက်ပြောကြသဖြင့် သူ့ပစ္စည်းများကို ထုပ်ပိုးသယ်ယူကာ ရွာမှ ထွက်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

# စွဲလန်းမှုသံယောဇဉ်နှင့် ဥပါဒါန်အရိပ်

နီမောင်တို့လေးယောက် ပခန်းရောက်ပြီး စုံစမ်းကြည့်သောအခါ ဘဇံ မရှိတော့ပေ။ ကိုရွှေထွန်းဆိုသူနဲ့ တွေ့ပြီး အကျိုးအကြောင်း မေးကြည့်သောအခါ သူက ပြောပြသည်။

"ကိုဘဇံက အရင်က ခင်မင်ခဲ့ဖူးတဲ့ မိတ်ဆွေတစ်ယောက်ပါ၊ တွေ့တာလည်း အတော်ကြာပါပြီ၊ မြတောင်ညိုဘက်မှာ တောခေါင်း အလုပ်ရလို့ သွားလုပ်နေတာတော့ သတင်းကြားပါတယ်၊ တလောက တော့ သူ ကျွန်တော်တို့ ပခန်းကို ရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့အတူ ဘယ်သူပါလာသေးလဲ"

"သူတစ်ယောက်တည်းပါပဲ. . . ဒီရွာမှာ ခဏနေချင်တယ်ဆိုလို့ ရွာအစွန်ဘက်မှာ အိမ်တစ်လုံး ငှားပေးလိုက်တယ်၊ သိပ်မကြာဘူး သရဲခြောက်လို့ဆိုပြီး ပြေးလာတယ်"

"ဘယ်လိုခြောက်တာတဲ့လဲ"

"သူနေတဲ့အိမ်ခြံထဲကို လူနဲ့ တူတဲ့ သစ်ခြောက်ပင်ကြီးတစ်ပင် ဝင်လာတယ်လို့ ပြောတာပါပဲ"

"ဟင်. . . သစ်ခြောက်ပင်ကြီး ဟုတ်လား"

"ဟုတ်တယ်ဗျ. . . သူပြောပုံအရတော့ သစ်ခြောက်ပင်ကြီး မိစ္ဆာကောင်ကြီးတစ်ကောင်လို အသက်ဝင်နေတယ်လို့ ပြောတယ်"

ထိုစကားကြောင့် နီမောင်တို့မှာ များစွာအံ့သြသွားကြလေသည်။ ချက်ချင်းပင် မြတောင်ညို ဗိုလ်တဲကုန်းမှာ ရှိသော သစ်ခြောက်ပင်ကြီးကို သတိရမိလေသည်။

"နောက်နောင်တော့ ဘယ်လိုဖြစ်သေးလဲ"

"ညအချိန်မတော်ကြီး သူ ကျွန်တော့်အိမ်ကို ပြေးလာတယ်၊ ကျွန်တော်အပြင်ထွက်ကြည့်တော့ ကျွန်တော်ကိုယ်တိုင် သူ့နောက်မှာ ရပ်နေတဲ့ သစ်ခြောက်ပင်ကြီးကို မြင်နေရတယ်၊ သူကိုယ်တိုင်ကတော့ မမြင်ရဘူး"

"အတော်ဆန်းကြယ်တာပဲ"

"ဒါထက် ဆန်းကြယ်တာ ရှိသေးတယ်ဗျ၊ နောက်တစ်နေ့ မနက်ပိုင်း သူ အိပ်ယာက နိုးလာသော နေရောင်အောက်မှာ ပေါ်နေတဲ့အရိပ်က သူ့အရိပ် မဟုတ်ဘူး၊ သစ်ခြောက်ပင်ကြီးအရိပ် ဖြစ်နေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေထွန်းက ထိုအကြောင်းကို ပြောနေရင်းမှပင် ကြက်သီးထလာဟန်ရှိသည်။

"မြင်ရရုံနဲ့တင် အစော်ကြောက်စရာကောင်းမှာပဲ"

"ဘယ်ပြောစရာရှိပါမလဲဗျာ. . . ကျွန်တော်တို့တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြတာပေါ့၊ သူလည်း အပြင်မထွက်ဝံ့တော့ဘူး၊ နောက်တစ်နေ့ရောက်တော့ ရွာလူကြီးတွေနဲ့ ရွာသူရွာသားတွေက သူ့ကို မထားဝံ့တော့တာနဲ့ ရွာကနေ နှင်ထုတ်လိုက်ကြရတယ်ဗျာ"

"ဒါထက် သူဘယ်သွားမယ်လို့ ပြောသွားသလဲဗျ"

"အဲဒါတော့ ကျွန်တော်တို့တော့ မသိဘူးဗျာ၊ ကျွန်တော်တို့ တစ်သက်မှာတော့ ဒီလောက်ကြောက်ဖို့ကောင်းတာမျိုး တစ်ခါမှ မတွေ့ဖူးပါဘူးဗျာ"

ဟု ပြောပြသည်။

ထိုနေ့က နီမောင်တို့လေးယောက်မှာ ဘဇံ နေသွားသောအိမ်မှာပင် တစ်ညအိပ်ကြရလေသည်။ ညအချိန်ရောက်သောအခါ မြသင်းကြည်ကို အခန်းထဲမှာ အိပ်စေပြီး နီမောင်တို့သုံးယောက်က အပြင်ဘက်မှာ စကားပြောရင်း စောင့်ကြလေသည်။ ညအချိန် ရောက်လာသောအခါ လရောင်က မှုန်ဝါးဝါး ရှိနေလေသည်။

တပေါင်းတန်ခူးလတို့၏သဘာဝအတိုင်း နေ့အချိန်မှာ နေပြင်းပြင်းပူပြီး ညအချိန်ရောက်လာသောအခါ အေးလှပေသည်။ သုံးယောက်သား အိမ်ရှေ့တွင် ပြုလုပ်ထားသော ကွပ်ပျစ်ပေါ်မှာ ထိုင်ရင်း ဘဇံအကြောင်းကို ပြောနေကြသည်။

"ဘဇံတော့ သူလုပ်ခဲ့တဲ့ မကောင်းမှုတွေက နောက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေတော့ ပြေးစရာမြေ မရှိသလိုဖြစ်နေပြီ"

"ဒါပေါ့ကွာ. . . မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမှ မရှိတာ၊ သူ ဘယ်လောက်ပဲ ပုန်းကွယ်နေပါစေ၊ တစ်နေ့ကျရင် သူပြုခဲ့တဲ့ မကောင်းမှုကံက ဖော်ထုတ်တာနဲ့ ပေါ်လာရမှာပါပဲ"

"ဒါထက် ကိုရွှေထွန်းဆိုတဲ့လူ ပြောတဲ့ သစ်ခြောက်ပင်ကြီးရဲ့ အရိပ်က နောက်ဟာ လိုက်နေတယ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲ"

"တောထဲမှာ ရှိတဲ့ သစ်ခြောက်ပင်ကြီးကတော့ လူတစ်ယောက်လို အသက်ဝင်လာပြီး လာတာတော့ မဟုတ်ဘူးပေါ့၊ ဝိညာဉ် တစ်ခုခုက ဖန်ဆင်းပြီး လိုက်လာတာတော့ ဖြစ်နိုင်တယ်"

"ဘယ်သူ့ဝိညာဉ် ဖြစ်မလဲ"

"ဦးစိုင်းလူရဲ့ဝိညာဉ်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သူယူလာတဲ့ပစ္စည်းတွေရဲ့မူလပိုင်ရှင်ဖြစ်တဲ့ ကာလ်တန်ရဲ့ဝိညာဉ်လည်း ဖြစ်နိုင်တာပေါ့"

"အင်း. . . ဦးစိုင်းလူက အချင်းချင်း သစ္စာဖောက်ပြီး သူ့ကို သတ်သွားတော့ အခဲကြေမှာ မဟုတ်သလို ကာလ်တန်ကလည်း သူ့ ပစ္စည်းတွေကို ယူသွားတော့ ကျေနပ်မှာ မဟုတ်ဘူး၊ ဒါကြောင့် နောက်ကနေ တကောက်ကောက် လိုက်နေတာ ဖြစ်ရမယ်"

"ဒါထက် ဝိညာဉ်တွေက အဲသည်လို ဖန်ဆင်းလို့ ရနိုင်သလား"

"ဝိညာဉ်ပဲဖြစ်ဖြစ် ပရလောကသားတွေပဲဖြစ်ဖြစ် ဖန်ဆင်းနိုင်တဲ့ ကမ္မဇိဒ္ဓိတန်ခိုး ရှိတယ်၊ စိတ်စွဲလန်းမှုအား များလေလေ ဖန်ဆင်းနိုင်တဲ့စွမ်းအား ပိုများလေလေပဲ၊ တချို့အစွဲအလမ်း သိပ်များတဲ့လူတွေ ဆိုရင် ပရလောကသားဘဝကနေ တော်တော်နဲ့ မကျွတ်ဘဲ သူတို့ စွဲလန်းရာနေရာမှာ တဝဲဝဲလည်လည်နဲ့ ရှိနေကြတယ်၊ အဲ့ဒါနဲ့ပတ်သက် ပြီး သာဓကတွေ အများကြီး ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ငါတို့လည်း ကြားတော့ ကြားဖူးတယ်"

"အဲဒီလိုစွဲလန်းမှုဟာ သေးဖွဲတဲ့ပစ္စည်းလေးတစ်ခုခုကိုပဲဖြစ်ဖြစ် အကြီးအကျယ် စွဲလန်းနေတာမျိုးတွေ ရှိတယ်၊ သူစွဲလမ်းနေတဲ့ပစ္စည်းကို ဖျောက်ဖျက်ဖယ်ရှားလိုက်မှ ဝိညာဉ်ဘဝက လွတ်မြောက်သွားတာမျိုးတွေ ရှိတယ်"

"အတော်ဆန်းကြယ်သလို ကြောက်စရာလည်း အတော်ကောင်းတယ်နော်"

"ဟုတ်တယ်. . . ငါတို့ ငယ်ငယ်တုန်းက ဂန့်ဂေါနယ်ဘက်မှာ ဖြစ်ခဲ့တဲ့အဖြစ်ကလေးတစ်ခုဆိုရင် သနားစရာလည်း ကောင်းတယ်၊ ကြောက်စရာလည်း ကောင်းတယ်"

"ဘယ်လိုမျိုးလဲ. . . ပြောပါဦးကွာ"

ထိုအခါ နီမောင်က အောက်ပါအဖြစ်အပျက်တစ်ခုကို ပြောပြလေသည်။

လွန်ခဲ့သော(၁၀)နှစ်ကျော်အချိန်က ဂန့်ဂေါမြို့မှာ ချောမောလှပသည့် မခင်လေးဆိုသော အမျိုးသမီးတစ်ယောက် ရှိသည်။ မိဘများကလည်း ပြည့်စုံချောင်လည်ကြသောကြောင့် တစ်ဦးတည်းသောသမီးကို များစွာချစ်ကြပြီး အရိပ်တကြည့်ကြည့်နှင့် ထားကြလေသည်။

မခင်လေးကလည်း ရုပ်ရည်ချောမောလှပသလို လိမ္မာရေးခြားရှိပြီး မိဘစကားကို မြေဝယ်မကျ နားထောင်သော သမီးအလိမ္မာလေးတစ်ဦးဖြစ်သည်။

မခင်လေး အရွယ်ရောက်လာသောအခါ ရပ်ဝေးရပ်နီးမှ လိုချင်သူများက ဝိုင်းဝိုင်းလည်လျက်ရှိလေသည်။ ထိုအထဲတွင် မခင်လေး၏မိဘများထံမှာ အလုပ်လုပ်နေသော မောင်သောင်က ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်တစ်ဦးလည်း ပါလေသည်။

မောင်သော်ကမှာ မခင်လေးကို နှစ်နှစ်ကာကာ မေတ္တာရှိနေပါသော်လည်း အဆင့်အတန်း မတူသောကြောင့် ဖွင့်မပြောသာခဲ့ပေ။

တစ်နေ့သောအခါ မခင်လေး၏အခန်းထဲရှိ မှန်တင်ခုံပေါ်မှာ တင်ထားသည့် နှင်းဆီပန်းတစ်ပွင့်နှင့်အတူ ချစ်သဝဏ်လွှာတစ်စောင်ကို တွေ့ရလေသည်။

ထိုစာနှင့် နှင်းဆီပန်းကို မည်သူလာထားသွားသည်ကိုတော့ မသိရပေ။

မခင်လေးဘဝမှာ နှစ်သက်စွဲလန်းမှု အရှိဆုံးမှာ ထိုအမည်မဖော်သော ချစ်သဝဏ်လွှာနှင့် နှင်းဆီပန်းပွင့်ကလေး ဖြစ်ခဲ့လေသည်။

သူမသည် မှန်တင်ခုံ၏အတွင်းဘက်ရှိ လျှို့ဝှက်သောနေရာမှာ နှင်းဆီပန်းခြောက်ကလေးနှင့် ချစ်သဝဏ်လွှာကလေးကို သိမ်းထားပြီး သတိရတိုင်း ထုတ်ဖတ်လေ့ရှိသည်။ နောက်တော့ မခင်လေးမှာ မိဘများ သဘောတူသော ဂုဏ်ရည်တူသောလူတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားခဲ့ရလေသည်။

ကလေးနှစ်ယောက် ရပြီးမှ ရောဂါတစ်ခုကြောင့် မခင်လေးမှာ ကွယ်လွန်သွားပြီးနောက်ပိုင်းမှာ သားနှင့်သမီးတို့က သူတို့၏မိခင်ကို အပေါ်ထပ်အခန်းထဲမှ မှန်တင်ခုံရှေ့မှာ အမြဲတွေ့နေရကြောင်း လူကြီးများကို ပြောပြကြသည်။

"အမေ့ကို မှန်တင်ခုံရှေ့မှာ ရပ်နေတာကို တွေ့ရတယ်၊ သူက သားတို့ကို ပြုံးပြတယ်"

ထိုသို့ပြောသော်လည်း လူကြီးများက မယုံကြပေ။ ကလေးများ စိတ်စွဲနေသဖြင့် ပြောနေသည်ဟု ထင်ကြလေသည်။ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘလေးနှစ်ယောက်က ပြောပါများလာတော့မှ အချို့က မခင်လေး အပျိုဘဝက နေခဲ့သောအခန်းထဲသို့ ဝင်ကြည့်ကြသည်။

ကလေးများ ပြောသလို အခန်းထဲမှာ မခင်လေးဝိညာဉ်ကို မတွေ့ရသော်လည်း မှန်ထဲသို့ ကြည့်လိုက်လျှင်တော့ မှန်ရှေ့မှာ ရပ်နေသော မခင်လေး၏ပုံရိပ်သဏ္ဍာန်ကို ခပ်ဝါးဝါး တွေ့ရလေသည်။

သူမ၏ရုပ်သွင်မှာ ရေပြင်ပေါ်မှာ ထင်နေသောအရိပ်ကဲ့သို့ မပီဝိုးတဝါး ရှိလေသည်။ သို့သော်လည်း လူကြီးများမှာ သူမ၏ပုံရိပ်ကို မြင်ရလျှင် များစွာထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ကြရသည်။ ထို့နောက် အချင်းချင်း တိုင်ပင်ပြောဆိုကြသောအခါ ရှေ့မီနောက်မီ လူကြီးတစ်ယောက်က ပြောသည်။

"အမျိုးသမီးတွေဟာ သေဆုံးသွားတဲ့အခါ အသက်ရှိစဉ်က အသုံးပြုခဲ့တဲ့ပစ္စည်းတွေကို နှစ်သက်စွဲလန်းမှုရှိတတ်ကြတယ်၊ ဒါကြောင့် သူ့ပစ္စည်းလေးတွေကို ပေးတန်တာပေး၊ လှူတန်တာလှူပြီး သူ့အတွက် ကုသိုလ်ကောင်းမှု ပြုပေးပြီးတော့ အမျှအတန်း ပေးဝေရင်တော့ ကျွတ်လွတ်သွားနိုင်ပါတယ်"

ဟု ပြောသည်နှင့် မိဘများက မခင်လေး အသက်ရှိစဉ်က အသုံးပြုခဲ့သောပစ္စည်းများကို ပေးတန်ပေး၊ လှူတန်တာလှူ၊ ရောင်းတန်တာ ရောင်းပြီး ကုသိုလ်ကောင်းမှုများ ပြုကာ အမျှဝေပေးလိုက်သည်။ ထိုစေကာမူ မခင်လေး၏ဝိညာဉ်အရိပ်က မှန်တင်ခုံရှေ့မှာ ရှိမြဲရှိနေဆဲ၊ ပေါ်မြဲပေါ်နေဆဲ၊ ကလေးများက တွေ့မြင်နေရဆဲပင်ရှိသေးသည်။

နောက်ဆုံးတော့ ဂန့်ဂေါမှ ဆရာကြီးတစ်ယောက်ကို အကူအညီတောင်းသဖြင့် ဆရာကြီးကိုယ်တိုင် အိမ်သို့ လိုက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့အတွက် အကူအညီပေးပါ့မယ်၊ ဒါပေမယ့် ည အချိန်ရောက်ရင်တော့ အပေါ်ထပ်ကို ဘယ်သူမှ မတက်ခဲ့ကြပါနဲ့၊ ကိစ္စပြီးမှပဲ ကျုပ်ပြန်ဆင်းခဲ့ပါမယ်"

ဟု ပြောဆိုကာ ညဦးပိုင်းအချိန် အပေါ်ထပ်မှာ ရှိသော မခင်လေး အခန်းရှိရာသို့ တက်သွားလေသည်။ အခန်းထဲသို့ ရောက်သော အခါ တံခါးပိတ်ထားလိုက်ပြီး မေတ္တာပို့ အမျှဝေပေးပြီး မှန်ဘက်သို့ လှည့်ကာ ပုတီးစိပ်နေလေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ ကျောဘက်တွင် ရေခဲတုံးဖြင့် ကပ်လိုက်သကဲ့သို့ အေးစိမ့်သွားသောကြောင့် မျက်စိဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ မှန်ထဲမှာ ခပ်ရေးရေး ပေါ်နေသည့် မခင်လေး၏ ပုံရိပ်သဏ္ဍာန်ကို တွေ့ရလေသည်။ ဆရာကြီးက ပုတီးစိပ်ခြင်းကို ရပ်လိုက်သည်။

"မိန်းကလေး. . . ဆရာကြီးလာတာ မင်းကို အနှောင့်အယှက်ပေးဖို့ လာတာ မဟုတ်ပါဘူး၊ အကူအညီပေးဖို့ လာတာပါ၊ မင်းစွဲလန်းနှစ်သက်တဲ့ ပစ္စည်းတစ်ခုခု ဒီအခန်းထဲမှာ ရှိနေတယ် မဟုတ်လား"

မှန်ထဲမှာ ပေါ်နေသည့် ပုံရိပ်သဏ္ဍာန်က ခေါင်းညိတ်ပြသည်။

"ဘယ်နေရာမှာ ရှိတာလဲ၊ မှန်တင်ခုံမှာ ရှိတာလား"

ပုံရိပ်သဏ္ဍာန်က မှန်တင်ခုံကိုသာ မမှိတ်မသုန် စိုက်ကြည့်နေသောကြောင့် သဘောပေါက်သွားပြီး မှန်တင်ခုံအံဆွဲများကို ဖွင့်ရှာကြည့်လေသည်။

ပထမအံဆွဲမှာ ဘာမှမရှိပေ။

ဒုတိယအံဆွဲမှာလည်း ဘာပစ္စည်းမှ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



တတိယအံဆွဲ၊ စတုတ္ထအံဆွဲတို့ကို ထုတ်ပြီး စေ့စေ့စပ်စပ် ရှာဖွေပါသော်လည်း ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

မခင်လေး၏ဝိညာဉ်ပုံရိပ်ကတော့ ကြေကွဲဝမ်းနည်းနေသော မျက်နှာဖြင့် မှန်တင်ခုံ ရှိရာသို့သာ ကြည့်နေသည်။ ဆရာကြီးက မသင်္ကာသဖြင့် အံဆွဲအားလုံးကို အပြင်ထုတ်ပြီး ငုံ့ကြည့်သောအခါ အတွင်း၌ လျှို့ဝှက်စွာ ကပ်ထားသည့် အံ့ဝှက်ငယ်တစ်ခုကို တွေ့ရသဖြင့် အပြင်သို့ ထုတ်ကာ ကြည့်လိုက်သည်။

အထဲမှာတော့ ကြွေနေပြီဖြစ်သော နှင်းဆီပန်းခြောက်တစ်ခုနှင့် စာတစ်စောင်ကို တွေ့ရလေသည်။

"မိန်းကလေး စွဲလန်းမှု ဖြစ်နေတာ ဒီပစ္စည်းတွေ မဟုတ်လား"

ရုပ်ပုံလွှာက ခေါင်းညိတ်ပြသည်။

"ဒီစာကို ဆရာကြီးလည်း မဖတ်ပါဘူး၊ ဒီအကြောင်းကို ကျွပ်တလွဲပြီး ဘယ်သူမှလည်း မသိစေရပါဘူး၊ အခုပဲ မိန်းကလေးရှေ့မှာ မီးရှို့ပြီး ဖျောက်ဖျက်ပစ်လိုက်ပါ့မယ်"

ဟု ပြောကာ နှင်းဆီပန်းခြောက်အချို့နှင့်စာကို မီးရှို့လိုက်လေသည်။ မီးခိုးငွေ့များက အခန်းထဲမှာ ဝေ့ဝဲတက်လာသည်။ မီးခိုးငွေ့များနှင့်အတူ ဝိညာဉ်ပုံရိပ်မှာလည်း ဝေ့ဝါးလျက်ရှိနေသည်။

အတန်ကြာသော် စာနှင့်နှင်းဆီပန်းခြောက်များမှာ ပြာကျသွားလေတော့သည်။

ထိုအခါ မှန်ထဲမှာ ပေါ်နေသော မခင်လေး၏ဝိညာဉ်မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးတစ်ချက် ပေါ်လာပြီး တဖြည်းဖြည်းနှင့် မှေးဝါးပျောက်ကွယ်သွားလေတော့သည်။

နောက်ပိုင်းမှာတော့ ထိုအိမ်ကြီး၌ မခင်လေး၏ဝိညာဉ်ပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com



များကို မတွေ့ရတော့ပေ။

နီမောင်က သူပြောပြသောအဖြစ်အပျက်များကို ထိုနေရာမှာ အဆုံးသတ်လိုက်သည်။

"အင်း. . . မင်းပြောတဲ့ ဝိညာဉ်ဇာတ်လမ်းက ကြောက်စရာ မကောင်းဘဲ သနားစရာကောင်းနေတော့တယ်"

"ဟုတ်တယ်. . . ဝိညာဉ်ဘဝမှာ စွဲလန်းစရာတစ်ခုခု ရှိနေရင် အဲဒီနေရာက မခွာတော့ဘူး၊ အခု ဘဇံလည်း ဘယ်လောက်ပြေးပြေး လွတ်နိုင်စရာ မရှိဘူး၊ သူနဲ့ ပတ်သက်တဲ့ဝိညာဉ်တွေက သူ့နောက်ကို လိုက်နေတော့မှာပဲ"

"ဒါကတော့ သူပြုခဲ့တဲ့အကြောင်းအတိုင်းပေါ့၊ အခုလောလော ဆယ် ဘယ်လိုလုပ်ကြမလဲ"

"ဘဇံနောက်ကိုပဲ လိုက်ကြရမှာပဲ၊ သူဘယ်သွားတယ်ဆိုတာ စနည်းနာလိုက်ရင် သိနိုင်ပါတယ်"

ထိုသို့ပြောနေကြစဉ် အခန်းထဲမှာ အိပ်နေသော မြသင်းကြည် က အပြင်သို့ ထွက်လာသည်။

သူမ ထွက်လာပြီး မရှေးမနှောင်းမှာပင် အခန်းထဲမှ လိပ်ပြာ နက်ကြီးတစ်ကောင် ပျံထွက်လာသည်ကို မြင်ကြရသည်။

လိပ်ပြာနက်ကြီးက အတန်ကြာအောင် သူတို့အပေါ်မှာ ပျံဝဲ နေပြီးနောက် အပြင်သို့ ပျံထွက်သွားလေတော့သည်။

မြသင်းကြည်က စိတ်မကောင်းသော မျက်နှာအမူအယာဖြင့် ပြောပြသည်။

"စောစောက ကျွန်မ မေးကနဲ အိပ်ပျော်သွားတုန်း အဖေ ရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘယ်လိုရောက်လာတာလဲဟင်"

"အဖေရဲ့ဝိညာဉ်ကို အိပ်မက်,မက်သလိုလိုနဲ့ တွေ့ရတာပါ"

"မြသင်းကြည်ကို ဘာပြောသွားသလဲဟင်"

"ဘဇံတစ်ယောက် ပြေးမလွတ်တော့ဘူးလို့ ပြောတယ်၊ ဝိညာဉ်တွေက သူ့နောက်ကနေ အရိပ်လို လိုက်နေကြပြီ၊ ဒါကြောင့် မြတောင်ညှို့ ဗိုလ်တဲကုန်းက သစ်ခြောက်ပင်ကြီး ရှိတဲ့နေရာကို ပြန်ပြေးပြီလို့ လာပြောသွားတယ်"

"ဟင်. . . အဲဒီနေရာက သူ့အတွက် အန္တရာယ်များတဲ့နေရာပဲ၊ ဘာကြောင့် တစ်ကျော့ပြန်သွားတာပါလိမ့်"

"အဲဒါတော့ ကျွန်မလည်း မသိဘူး၊ ကျွန်မတို့ အဲဒီနေရာကို လိုက်သွားကြရင် ကောင်းမယ်"

ဟု ပြောသဖြင့် နောက်တစ်နေ့ နံနက်လင်းသောအချိန်မှာ ပုံတောင်ပုံညာသို့ တစ်ကျော့ပြန်တက်ကြရန် တိုင်ပင်ကြလေသည်။ ညဉ့်နက်ပိုင်းရောက်လာသောအခါ အမှောင်ထုက ပိုမိုများပြားလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

# မြစ်တောင်ညီမှ လိပ်ပြာနက်

တကယ်တော့ မြစိမ်းတောင်ညို့ရှိ ဗိုလ်တဲကုန်းမှာ ဘဇံ အတွက် နောက်တစ်ကျော့ ပြန်လာသင့်သည့်နေရာမျိုးတော့ မဟုတ်ပါ ချေ။ အဘယ်ကြောင့်ဆိုသော်. . .

သူ့အတွက် မမြင်ရသောအန္တရာယ်များက စောင့်ကြိုနေကြ သောကြောင့်ဖြစ်သည်။ သို့သော်လည်း ဘဇံအတွက်က လူကြားထဲ နေလို့မရတော့ပေ၊ ညမှောင်လာသောအချိန်တွင် သင်ပင်ခြောက်ကြီး က သူ့နောက်မှ တကောက်ကောက် ပါနေပြီး နေ့အခါမှာတော့ နေ ရောင်ခြည်အောက်မှာ သူ့အရိပ် မပေါ်ဘဲ သစ်ပင်ခြောက်အရိပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပေါ်နေခြင်းကြောင့် လူရှိရာအရပ်သို့ မသွားမလာဝံ့တော့ပေ။

နေ့အချိန်မှာ တစ်နေရာမှ ပုန်းနေရပြီး ညဘက် မှောင်သွားတော့မှ သွားစရာကိစ္စများ သွားလာရလေသည်။ ကြာတော့ ဆက်မနေဝံ့တော့ပေ။

"ဒီသစ်ခြောက်ပင်ကြီး ရှိနေသမျှတော့ ငါ့နောက်ကို တကောက်ကောက် လိုက်နေတော့မှာပဲ၊ ဒီတော့ ငါ့နောက်ကို ဆက်မလိုက်နိုင်အောင် ဒင်းကို အရင်ရှင်းလင်းသုတ်သင်ရမယ်"

ဟု သွေးရူးသွေးတန်း တွေးတောကာ ဗိုလ်တဲကုန်းသို့ တစ်ကျော့ပြန်တက်လာခြင်းဖြစ်လေသည်။ သူ တောင်ကြောပေါ်သို့ ပြန်ရောက်လာသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

ထိုနေ့က ထူးထူးခြားခြား နေရောင်ခြည်မရှိပဲ အုံ့မှိုင်းလျက်ရှိနေသည်။ မိုးရိပ်ကြောင့် တောထဲမှာ အမှောင်ရိပ်များ ဖုံးနေသကဲ့သို့ ရှိနေသည်။

ဘဇံမှာ တောထဲ ရောက်လာတော့မှ ချောက်ခြားလာသကဲ့သို့ ဖြစ်လာသည်။ တောနက်အတွင်းမှ မမြင်ရသောဝိညာဉ်များက စောင့်ကြည့်နေသကဲ့သို့ စိတ်ထဲမှာ ခံစားနေရသည်။ ထို့ပြင် သူလျှောက်တိုင်းနောက်မှ ခြေသံတစ်ခုက ကပ်ပါလာသကဲ့သို့ ကြားနေရသည်။ လှည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

ဇင်းကိုယ်ပေါ်မှာ ဓါးတစ်လက်၊ ရွှေငွေများ ထည့်ထားသောအိတ်တစ်လုံးသာ ပါလာလေသည်။ ထိုအိတ်ထဲမှာ အခြားပစ္စည်းအချို့နှင့် အရက်ပုလင်း ပါလာလေသည်။

တောထဲရောက်လာပြီး ကြောက်လာသည့်အခါတိုင်း အရက်ကို မော့သောက်နေရာ အတော်ကလေး မူးနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများပင် ဒယိမ်းဒယိုင် ဖြစ်နေချေပြီ။

"ငါ့ကို တောက်လျှောက်လိုက်ပြီး ဒုက္ခပေးနေတဲ့ သစ်ခြောက်ပင်ကြီးရေ၊ ဒီကနေ့တော့ နောက်ဆုံးနေ့ပဲလို့ မှတ်လိုက်တော့ဟေ့၊ နောက်တစ်ခါ ဘယ်သူတွေကိုမှ ဒုက္ခမပေးနိုင်အောင် ပြာဖြစ်တဲ့အထိ မီးနဲ့ ရှို့ပစ်မယ်"

ဟု တစ်ယောက်တည်း ကြိမ်းမောင်းလာလေသည်။

သူသည် အရက်မူးမူးနှင့် တက်လာရာ နောက်ဆုံး မှောင်ရီသမ်းစအချိန်မှာ မြတောင်ညိုတောင်ကြောပေါ်မှ ဗိုလ်တဲပျက်ကြီး ရှိရာသို့ ရောက်လာလေသည်။

ဗိုလ်တဲပျက်ကြီးမှာ လူသူကင်းမဲ့နေပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

သစ်ပင်ချုံနွယ်များကြားမှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ခေါင်းပြူနေသကဲ့သို့ ရှိလေသည်။

ကျိုးပျက်နေသော ပြတင်းပေါက်များမှာ မျက်လုံးပေါက်များနှင့် သဏ္ဍာန်တူလှပြီး သူ့ကို လှမ်းကြည့်နေသကဲ့သို့ ရှိလေသည်။ ဘဇံသည် ထိုနေရာရောက်သောအခါ ဗိုလ်တဲပျက်ကြီး ရှိရာသို့ မဝင်ဝံ့တော့သဖြင့် သစ်ခြောက်ပင်ကြီး ရှိရာ ကုန်းပေါ်သို့ ဆက်တက်လာလေသည်။ ထိုအခိုက်မှာပင် သစ်ပင်နောက်ဘက်မှ အဝတ်မည်းကြီး ခြုံထားသော လူတစ်ယောက် ထွက်လာသည်။

ဘဇံမှာ အရက်ထွေနေသည်ကတစ်ကြောင်း၊ မှောင်နေသည်က တစ်ကြောင်းကြောင့် မည်သူမည်ဝါမှန်း မသိပေ။

"ဘယ်သူလဲ"

"ငါက မင်းသတ်လို့မသေတဲ့ ဦးစိုင်းလူပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"အော်. . . ကျုပ်က သေပြီမှတ်နေတာ၊ ခင်ဗျားက မသေသေးဘဲကို၊ အတော်အသက်ပြင်းတာပဲ၊ တစ်ခါနဲ့ သတ်လို့မသေတော့လည်း နောက်တစ်ခါပေါ့ဗျာ"

"ဒီတစ်ခါတော့ မင်း ငါ့ကို သတ်လို့မရတော့ဘူး၊ မင်းသေရမယ့်အလှည့် ရောက်တော့မယ်"

"ဘယ်သူသေမလဲဆိုတာ တွေ့ကြသေးတာပေါ့ဗျာ"

ဟု ဒယိမ်းဒယိုင်နှင့် တက်သွားရာ မလှမ်းမကမ်း ရောက်သောအခါ သစ်ပင်အောက်မှာ ရပ်နေသော မည်းမည်းသဏ္ဌာန်က ပျောက်သွားလေသည်။

"ဟင်. . . ဘယ်ရောက်သွားပြီလဲ၊ ငါ့ကို ဝိညာဉ်တွေ လာခြောက်နေတာပဲ ဖြစ်ရမယ်"

ဟု တွေးကာ သစ်ခြောက်ပင်ကြီးအောက်သို့ ရောက်အောင်တက်သွားပြီး သစ်ကိုင်းခြောက် သစ်ရွက်ခြောက်များကို သစ်ပင်ခြေမှာ စုပုံပြီး မီးရှို့ရန် ပြင်ဆင်လေသည်။ ထိုသို့ပြုလုပ်နေသည်ကို သစ်ပင်ခြောက်ကြီးက ငုံ့ကြည့်နေသကဲ့သို့ ရှိနေသည်။

ထို့ပြင် လေတိုက်သည့်အခါ တလှုပ်လှုပ် တယမ်းယမ်း ဖြစ်နေသော လက်နှစ်ဖက်နှင့် တူသော သစ်ကိုင်းကြီးနှစ်ခုက သူ့ကိုယ်ကို လာရောက်ထိနေသည်။

သွေးရူးသွေးတန်းဖြစ်နေသော ဘဇံက ကျောမှာ လွယ်ထားသော ကျောပိုးအိတ်ကို မလှမ်းမကမ်းနေရာမှာ ချထားလိုက်ပြီး မီးခြစ်နှင့်သစ်ပင်ကို မီးရှို့လေတော့သည်။ သစ်ရွက်သစ်ကိုင်းခြောက်များမှာ ခြောက်သွေ့နေသောကြောင့် ခဏချင်းမှာပင် မီးစွဲလေတော့သည်။ ပထမတော့ သစ်ရွက်ခြောက်များကို မီးစစွဲသည်၊ ပြီးမှ သစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်များကိုပါ စွဲလောင်လေသည်။ ထိုမှတစ်ဆင့် သွေ့ခြောက်နေသော သစ်ပင်ခြောက်ကြီးကို မီးတောက်များက စတင်စွဲလောင်လေတော့သည်။ တစ်ခဏအချင်းမှာပင် မီးတောက်များက အရှိန်ပြင်းစွာဖြင့် တောက်လောင်လာရာ သစ်ပင်ကြီးမှာ မီးတောက်အရှိန်ကြောင့် လှုပ်ယမ်းလာသည်၊ လက်နှစ်ဖက်နှင့် တူသော သစ်ကိုင်းကြီးနှစ်ခုကလည်း လူတစ်ယောက် လက်များကဲ့သို့ လှုပ်ယမ်းလာရာ သစ်ကိုင်းမှာ ပတ်နေသည့် ဂုံညင်းနွယ်များကပါ မြွေတစ်ကောင်ကဲ့သို့ လေထဲမှာ ဝေ့ယမ်းလျက်ရှိနေသည်။

ဘဇံကတော့ သွေးရူးသွေးတန်းဖြင့် သစ်ပင်အောက်မှ မီးတောက်များ မပြတ်စေရန် ဂရုစိုက်နေသဖြင့် ၎င်းဦးခေါင်းပေါ်မှာ တလူးလူး တလွန့်လွန့် ဖြစ်နေသည့် နွယ်ကြီးများကို ဂရုမပြုမိတော့ပေ။

အတန်ကြာတော့ လက်နှင့် တူသော သစ်ကိုင်းတစ်ဖက်က မီးစွဲပြီး တဖြည်းဖြည်းနှင့် အောက်သို့ အိကျလာကာ ဘဇံခေါင်းပေါ်သို့ လာထိလေသည်။

"ဟင်.."

ဘဇံက အလန့်တကြားနှင့် မော့ကြည့်လိုက်သည်။ သို့သော်လည်း သူ့အနေနှင့် နောက်ကျသွားလေပြီ။ သစ်ကိုင်းပေါ်မှ တွဲကျနေသည့် နွယ်ကြီးများက လည်ပင်းကို လာရောက်ပတ်မိသွားသည်။ ထိုအခါမှ ကြောက်ကြောက်လန့်လန့်နှင့် နွယ်ကြီးများကို ဖြုတ်ပစ်ရန် ကြိုးစားသော်လည်း အပူရှိန်ကြောင့် တွန့်လိမ်နေသည့် နွယ်ကြီးများက မလွတ်နိုင်အောင် ရစ်ပတ်လိုက်ကြလေပြီ။

ဒါတင်မကသေးဘဲ နွယ်ကြီးများက တဖြည်းဖြည်းနှင့် ဆွဲယူသွားသကဲ့သို့ ရှိရာ ယက်ကန်ယက်ကန်နှင့် ရုန်းကန်ရင်း ပါသွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"အား . . . အား . . . ငါ့ကို မဆွဲနဲ့ . . . လွှတ်လွှတ်"

ဟု ကြောက်လန့်တကြားနှင့် အော်လိုက်သည့်အသံနှင့် မရှေးမနှောင်းမှာပင် မီးစွဲလောင်နေသော သစ်ခြောက်ပင်ကြီးဆီမှ ရယ်သံလိုလို ညည်းညူသံလိုလိုအသံများ ပေါ်လာတော့သည်။

"ဟား . . . ဟား . . . ဟား"

"ဟီ . . . ဟီ . . . ဟီ"

ထိုအသံကြောင့် ကြောက်လန့်တကြားဖြင့် မော့ကြည့်လိုက်ရာ မီးခိုးငွေ့များဖြင့် ဝေ့ဝါးနေသော သစ်ခြောက်ပင်ကြီး၏ပင်စည်ပေါ်မှာ ဦးစိုင်းလူမျက်နှာကြီးကို တွေ့ရတော့သည်။

"ဟား . . . ဟား . . . ဟား"

"ဟီ . . . ဟီ . . . ဟီ"

ဦးစိုင်းလူမျက်နှာကြီးမှာ သဘောကျစွာဖြင့် ရယ်မောနေသကဲ့သို့ ရှိလေသည်။

ဒီတော့မှ ပိုမိုကြောက်လန့်မှုဖြစ်ကာ အားရှိသမျှ ရုန်းကန်ပါသော်လည်း နွယ်ကြိုးများက လက်ချောင်းများကဲ့သို့ တင်းကျပ်စွာ ရစ်ပတ်ထားသောကြောင့် မလွတ်သာတော့ပေ။

အရှိန်ရနေပြီဖြစ်သော မီးတောက်များက သစ်ခြောက်ပင်ကြီးနှင့်အတူ ဘဇံကိုပါ စွဲလောင်ကြလေပြီ၊ သည်တော့မှ ကြောက်လန့်တကြား အသံကုန် အော်ဟစ်လိုက်လေတော့သည်။

"အား . . . ကယ်ကြပါဦး . . . ကယ်ကြပါဦး"

ဘဇံတစ်ယောက်အော်သံက မီးတောက်များကြားမှ ပျောက်ကွယ်လျက်ရှိနေတော့သည်။ နီမောင်တို့လေးယောက် ထိုနေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသောအခါ မြင်ကွင်းက မကောင်းတော့ပေ။ ဘဇံတစ်ကိုယ်လုံး မီးတောက်များက စွဲလောင်နေချေပြီ။ ဝင်ရောက်ကယ်တင်ရန် ကြိုးစားသော်လည်း မီးတောက်အရှိန်က များသောကြောင့် အနားပင် မကပ်နိုင်တော့ပေ၊ အတန်ကြာတော့ ဘဇံမှာ အော်ဟစ်ရင်းနှင့် တဖြည်းဖြည်း ငြိမ်ကျသွားလေတော့သည်။

မီးတောက်များကြောင့် တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက် ဖြစ်ကာ ငြိမ်ကျသွားလေတော့သည်။

သူပြုခဲ့သော မကောင်းမှုကံများကပင် သူ့အား မကောင်းမှုစက်ကွင်းများအတွင်းသို့ ဆွဲသွင်းယူသွားခဲ့ကြလေပြီ။ တဖြည်းဖြည်းနှင့် မီးတောက်အရှိန်များလာသောကြောင့် အနားမနေနိုင်ကြသောကြောင့် ဘဇံ ချထားသောအိတ်ကို ယူကာ ထိုနေရာမှ ထွက်ခဲ့ကြလေတော့သည်။ နောက်ဘက်မှာတော့ မီးတောက်များက အခြားသစ်ပင်များကိုပါ ကူးစက်လောင်ကျွမ်းနေသည့်အသံများကို အတိုင်းသား ကြားနေရသည်။

အတော်ဝေးဝေးနေရာရောက်မှ ဘဇံ ချထားသောအိတ်ကို ဖွင့်ကြည့်သောအခါ သူယူသွားသော ရွှေနှင့်ငွေများကို တွေ့ကြရသည်။

"ဘဇံကတော့ သူ့ကံကြမ္မာက သူ့ကို ဇာတ်သိမ်းပေးလိုက်ပြီ၊ ဒီမှာ ရွှေနဲ့ငွေတွေလည်း ရပြီဆိုတော့ ကိစ္စတွေ ပြီးပါပြီ"

ဟု စောထီးက ပြောသည်။

"မပြီးသေးဘူးလေ စောထီးရဲ့"

ငမဲအောင်က ပြောသည်။

"ဘာကျန်သေးလို့လဲ"

"မြသင်းကြည်အတွက် ဘယ်လိုဆောင်ရွက်ပေးရမလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်သေးတယ်"

"ဒီပစ္စည်းတွေက သူ့အဘ ဦးစိုင်းလူ အသက်နဲ့ လဲပြီး ရှာဖွေထားတဲ့ပစ္စည်းတွေဆိုတော့ သူ့ကို ပေးလိုက်ရင် ပြီးပြီမဟုတ်လား"

"ပေးတာကတော့ ဟုတ်တာပေါ့။ သူတို့မှာ အဖေတစ်ခု သမီးတစ်ခု ရှိကြတာဆိုတော့ အခု သူ့အဘ မရှိတော့ ဒီပစ္စည်းတွေနဲ့ မိန်းကလေးတစ်ယောက်ထဲကို တောကြီးမျက်မည်းထဲမှာ ဘယ်လိုထားခဲ့မှာလဲ"

ငမဲအောင်စကားမှာ အတော်ကလေး မှန်နေသဖြင့် စောထီးမှာ စောဒက မတက်သာတော့ပေ၊ အတန်ကြာမှ. . .

"ဒီကိစ္စက နီမောင်ရှင်းပေးရင် ရပါတယ်"

ဟု ပြောသည်။

"နီမောင်က ဘယ်လိုရှင်းမှာလဲ"

"နီမောင်ကလည်း လူပျိုလူလွတ်တစ်ဦး၊ မြသင်းကြည်ကလည်း လွတ်လပ်သူတစ်ဦးပဲ၊ မြသင်းကြည်ကို နီမောင်က စောင့်ရှောက်ပေးလိုက်မယ်ဆိုရင် အဆင်ပြေသွားမှာပါ"

ဟု ပြောဆိုရင်း ရှေ့မှ လျှောက်သွားကြသည်။ ၎င်းပြောနေသောအသံက အတော်ကလေး ကျယ်သဖြင့် နောက်မှ လိုက်လာသောနီမောင်နှင့်မြသင်းကြည်တို့က အတိုင်းသား ကြားနေရသည်။

"မြသင်းကြည်ကို ကျွန်တော်တို့ ဘယ်လိုအကူအညီ ဆက်ပေးရမလဲ"

နီမောင်က ခပ်တိုးတိုး ပြောလိုက်သည်။

"ကျွန်မပြောခဲ့သလိုပါပဲ ကိုနီမောင်ရယ်၊ ကျွန်မတို့မှာ အဖေတစ်ခု သမီးတစ်ခု ရှိတဲ့ဘဝမှာ အခု အဖေမရှိတော့ ကျွန်မမှာ အားကိုး



www.burmeseclassic.com

www.burmeseclassic.com



စရာ မရှိတော့ပါဘူး"

ဟု မျက်ရည်အစိုင်းသားဖြင့် ပြောပြလေသည်။

"ဒီရွှေငွေတွေနဲ့ ဘဝထူထောင်မယ်ဆိုရင်ကော အဆင်ပြေနိုင်ပါ့မလား"

"အဘအသက်နဲ့ လဲပြီးမှ ရခဲ့တဲ့ အဲ့ဒီပစ္စည်းတွေကို မက်လဲမမက်မောပါဘူး၊ ယူလဲ မယူချင်ပါဘူး၊ နောက်တစ်ခုက ပစ္စည်းဥစ္စာဆိုတာ အမျိုးသမီးတစ်ယောက်ရဲ့ဘဝကို လုံခြုံမှု မပေးနိုင်တဲ့အပြင် အန္တရာယ်တောင် များပါသေးတယ်၊ ဒီတော့ ကိုနီမောင်တို့က ကောင်းသလို စီစဉ်ကြပါတော့"

ဟု သူမသဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သည်၊

"ဒီ. . ဒီလိုဆိုရင် သူတို့ပြောသလို လုပ်မလား ဘင်"

ဟု အရင်းမရှိ အဖျားမရှိ မေးလိုက်သည်။

"ဘယ်လိုလဲဟင်"

"ဟို. . ဟိုလေ. . မြသင်းကြည် ကျွန်တော်နဲ့ လက်ထပ်ပြီး အတူတူ နေနိုင်မလားဟင်"

"လောလောဆယ် အခက်အခဲ တွေ့နေတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်သက်သာရာ ရဖို့ မလွဲသာလို့ ပြောတာလားဟင်"

"မဟုတ်ပါဘူး. . . မြသင်းကြည် လက်ခံမယ်ဆိုရင် ကျွန်တော့်အနေနဲ့ တကယ်လက်ထပ်ချင်လို့ ပြောတာပါ"

"ကျွန်မ ကိုနီမောင်နဲ့ ပတ်သက်လို့ ဘာမှမသိသေးပေမဲ့ ရှင်ပြောတာကို ယုံပါတယ်၊ ကျွန်မအနေနဲ့ ရွေးစရာလမ်း မရှိလို့ ရွေးရတာမျိုး မဟုတ်ဘဲ ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ်နဲ့ လက်ခံချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒီစကားကြားရတာ ဝမ်းသာပါတယ် မြသင်းကြည်၊ ကျွန်တော်တို့ရွာကို လိုက်ခဲ့ပါ။ ဟိုမှာ အေးအေးဆေးဆေး နေပြီးမှ ကျွန်တော်တို့ ဘဝအတွက် စီစဉ်ကြတာပေါ့. . . မကောင်းဘူးလား”

“ကိုနီမောင် သဘောကျသလို စီစဉ်ပါတော့ရှင်”

ထိုစကားမှာ တိုတောင်းသော်လည်း ဘဝအတွက် မျှော်လင့်ချက် များစွာပေးသော အဓိပ္ပါယ်ပြည့်စုံသည့်စကားမျိုးပင် ဖြစ်ပေတော့သည်။

သူတို့လေးယောက် ပုံတောင်ပုံညာသစ်တောအတွင်းမှ ထွက်လာသောအချိန်မှာ မှောင်နေချေပြီ။

သို့သော် သစ်တောမီးလောင်ရာမှ ပေါ်လာသော အလင်းရောင်ကြောင့် အတန်အသင့် လင်းနေသည်၊ ထိုအလင်းရောင်များကပင် သူတို့ဘဝအတွက် လမ်းပြပေးသော အလင်းရောင်များဆိုက မမှားပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(မြတောင်ညိုမှ လိပ်ပြာနက်)အမည်ရှိ ပရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ပြီး

စာပြီးချိန်။ ။(၂၀၁၀)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်၊ ကြာသပတေးနေ့၊ နံနက်(၉)နာရီ။



www.burmeseclassic.com